မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၇၃)

လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးညီလာခံစားပွဲဝိုင်းတွင် ပါဝင်လာရေး နိုင်ငံတော်အစိုးရက တံခါးအမြဲဖွင့်လှစ်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ

အထူးဒေသ(၄) မိုင်းလားတွင် ကျင်းပသော အထိမ်းအမှတ်ပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

(၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်)

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့၌ အထူးဒေသ(၄)၊ မိုင်းလားတွင် ကျင်းပသော အထိမ်းအမှတ်မင်္ဂလာအခါသမယတွင် အထူးဒေသ(၄)၊ မိုင်းလားခေါင်းဆောင်များနှင့်တကွ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မိသားစုများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သော နှစ်(၃၀)ကစတင်၍ ယနေ့အချိန်ထိ အထူးဒေသ(၄)၊ မိုင်းလားအနေဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး နှစ်ဦးနှစ်ဖက်အပြန်အလှန်လေးစားစောင့်ထိန်းကာ တည်ငြိမ်အေးချမ်းမှုကို ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါတည်ငြိမ်အေးချမ်းမှုကြောင့် ရရှိလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို အထူးဒေသ(၄)၊ မိုင်းလားအတွင်းရှိ တိုင်းရင်းသားပြည်သူများခံစားနေရသည်ကို မြင်တွေ့ရ၍ ဝမ်းမြောက်ပါသည်။ အထူးဒေသ(၄)၊ မိုင်းလားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူတို့၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအပေါ် ထားရှိသည့် စိတ်ရင်းစေတနာအမှန်ကို မြင်တွေ့ရ၍လည်း ဝမ်းမြောက်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✽

ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၈)ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၃၁ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၃ ဒသမ ၄၉၀)ဘီလီယံအထိရရှိ ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ (သုည ဒသမ ၄၆၄)ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့

ရန်ကုန် ဇွန် ၂၉

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၈)ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❑

စိုက်ပျိုးရေးထုတ်ကုန် တန်ဖိုးမြှင့် စက်မှုလုပ်ငန်းများထူထောင်

အိမ်နီးချင်းနိုင်ငံများမှထုတ်လုပ်သည့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များ မိမိတို့၏ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်နေရာယူနေကြသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စသည်တို့ကို မိမိတို့နိုင်ငံတွင် အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိပါလျက်နှင့် စားသောက်ကုန်(ကုန်ချော)များ ထုတ်လုပ်နိုင်မှု အားနည်းချက်ကြောင့်ဟု ယူဆမိသည်။

မိမိတို့က ဆန်တစ်မျိုးတည်းကိုသာ အဓိကထုတ်လုပ်နေချိန်တွင် ဆန်ကို အခြေပြု၍ အဆင်သင့်စားသုံးနိုင်သည့် ဆန်ပြုတ်၊ ဆန်ပြား၊ ဆန်ခေါက်ဆွဲ၊ ဆန်မှုန့်၊ ဆန်ကွတ်ကီး စသည့် စားသောက်ကုန်များ မိမိတို့ဈေးကွက်တွင်းသို့ ပြည်ပမှ ဝင်ရောက်နေသည်။ ဆီတွင်လည်း ထိုနည်းနှင်နှင်။ ပြည်တွင်းမှ မြေပဲဆီ၊ နှမ်းဆီကုန်အမှတ်တံဆိပ်များကို ပြည်ပမှဝင်ရောက်လာသည့် ဟင်းရွက်ဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ ပြောင်းဖူးဆီ စသည်ဖြင့် ကုန်အမှတ်တံဆိပ်မျိုးစုံ၊ ရွေးချယ်စရာအမယ်မျိုးစုံတို့က ဝန်းရံထားကြသည်။ အရည်အသွေး၊ ထုပ်ပိုးမှု၊ ဈေးနှုန်းနှင့် အစားအသောက်လုံခြုံဘေးကင်းမှု အာမခံချက်စသည်ဖြင့် ဝယ်ယူစားသုံးမည့်သူတို့ကို ဆွဲဆောင်နိုင်စွမ်းရှိကြသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံသော စက်မှုနိုင်ငံအဖြစ် ဖော်ဆောင်မည်ဟူသော ရည်မှန်းချက်ထားရှိသည့် နိုင်ငံဖြစ်သည်။ အမှန်တကယ်လုပ်ကိုင်မည်ဆိုပါက မြေယာများရှိသည်။ လုပ်သားလည်းပေါသည်။ ပြည်တွင်း ပြည်ပဈေးကွက်များကလည်း အဆင်သင့်ရှိသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းမှာ စားသောက်ကုန်ထုတ်လုပ်နေကြခြင်းဖြစ်ပြီး စားသောက်ကုန်ထုတ်လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖြစ်ကြသည်ဟုဆိုသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအားနည်းချက်တို့ကြောင့် ပြည်တွင်းစားသောက်ကုန်များစွာတို့မှာ အရည်အသွေးများစွာ နိမ့်ကျနေကြပြီး အစားအစာ ဘေးကင်းလုံခြုံမှုအတွက် အာမခံချက်မပေးနိုင်ကြ။ ထုပ်ပိုးမှု အားနည်းချက်များ ရှိနေကြသည်။ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန်မှာလည်း သတ်မှတ်စံချိန်စံညွှန်းများ မမီ။ စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများမှာလည်း ပြည်ပဈေးကွက်မှ တောင်းဆိုသည့်ပမာဏကို မဖြည့်ဆည်းနိုင်။ ဈေးကွက်က တောင်းဆိုသည့် ပမာဏ အမြောက်အမြားကို ဖြည့်ဆည်းကြသည့်အခါတွင်လည်း အရေအတွက်များလာသည်နှင့်အမျှ အရည်အသွေးတို့ လျော့ကျလာရသည်ဟု ဆိုသည်။ ယင်းအခြေအနေတို့မှာ စိုက်ပျိုးရေးထွက်ကုန် (ကုန်ကြမ်း) တို့ကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည့် စက်မှုအခြေခံ အားနည်းချက်နှင့်လည်း ဆက်စပ်နေသည်။

မကြာသေးမီ ရက်ပိုင်းအတွင်းက ဂျပန်နှင့် မြန်မာ စီးပွားရေးအဖွဲ့အစည်း နှစ်ခုတို့က မြန်မာနိုင်ငံမှထွက်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်မည့် စက်မှုဇုန်တစ်ခုကို ထူထောင်သွားရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ စက်မှုဇုန်ကို ဒေါ်လာသန်း ၁၅၀ အထိ ရင်းနှီးမြှုပ်နှံကာ ရန်ကုန်တွင် ဖော်ဆောင်သွားမည်ဟုလည်းဆိုသည်။ ယင်းကဲ့သို့သော စက်မှုဇုန်များ ထူထောင်ခြင်းအားဖြင့် ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် ကုန်ကြမ်းဈေးကွက်များ ဖြစ်ပေါ်လာမည်ဖြစ်သလို လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ထပ်မံပေါ်ပေါက်လာနိုင်မည်ဟု ရှုမြင်မိသည်။

စိုက်ပျိုးရေးစားသောက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်မှုများမှာ ရန်ကုန်တွင်သာမက အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ ရေ၊ မီး၊ လမ်းတံတား ဆက်သွယ်ရေးတို့ ပြည့်စုံပြီး လုပ်သားအင်အား အလွယ်တကူရရှိနိုင်သည့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားတို့တွင် ထူထောင်နိုင်သည်နှင့်အမျှ နိုင်ငံစီးပွားကို ကြီးမားစွာ အထောက်အကူပြု မြှင့်တင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် “ခ”၊ “ဂ”၊ “ဃ” နှင့် “င” ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထား ပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်

နေပြည်တော် ဇွန် ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိထုတ်ပေးလျက်ရှိသော Smart Card ယာဉ်မောင်းလိုင်စင်များကို မသမာသူများက အခကြေးငွေရယူ၍ မရိုးမသားတုပပြုလုပ်ဆောင်ရွက်မှုများရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဖော်ထုတ်ဖမ်းဆီးခဲ့ရာ စုစုပေါင်း တရားခံ ၁၇ ဦး အပါအဝင် ယာဉ်မောင်းလိုင်စင်ကတ်အတုများ၊ အတုပြုလုပ်သည့်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။ ထိုသို့ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ခြင်းများ အလွယ်တကူ မဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီ လုံခြုံမှုအစီအမံများ ပါဝင်သည့် Smart Card ယာဉ်မောင်းလိုင်စင်များဖြစ်စေရန် ရည်ရွယ်၍ လုံခြုံမှုအဆင့်မြှင့်တင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ထားသည့် Smart Card ယာဉ်မောင်းလိုင်စင်များ၏ စစ်မှန်မှုနှင့် စပ်လျဉ်း၍ Chip အတွင်း ထည့်သွင်းထားသည့် အချက်အလက်များအား Chip Reader အသုံးပြု၍ လည်းကောင်း၊ QR Code အတွင်း ထည့်သွင်းထားသည့် အချက်အလက်များအား QR Code Scanner အသုံးပြု၍လည်းကောင်း ကိုင်ဆောင်သူအနေဖြင့် အလွယ်တကူ စိစစ်နိုင်မည်ဖြစ်သည်။

ထိုသို့ နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် “ခ”၊ “ဂ”၊ “ဃ” နှင့် “င” ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထားပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အသစ်ထုတ်ပေးခြင်း၊ နှစ်လဲဆောင်ရွက်ခြင်း၊ ပျက်စီးနှင့် ပျောက်ဆုံးမိတ္တူဆောင်ရွက်ခြင်း၊ နယ်ဝင် / နယ်ထွက် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်စဉ်တွင်ဖြစ်စေ၊ လက်ရှိ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်ကတ်များကို ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူ၏ဆန္ဒအရ အသစ်ပြောင်းလဲကိုင်ဆောင်လိုကြောင်း လျှောက်ထားလာလျှင်ဖြစ်စေ ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် ဇွန် ၂၉

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲ (Workshop on Gold Gilding Technology for Shwedagon Pagoda, Myanmar) ကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သပ္ပာယ်စွာ အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စေတီတော်ကြီးတွင် ကပ်လှူထားသော ရွှေသင်္ကန်းတော်များဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီး၍ ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာစာတမ်းများ တင်သွင်းနိုင်ရန်နှင့် ပညာရှင်များကိုယ်တိုင် ဝင်ရောက်ဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာနယ်ပယ်များအနေဖြင့် ရွှေလွှာတင်ခြင်းနည်းပညာ၊ လျှပ်စစ်သုံးရွှေလွှာတင်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေကပ်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေထုတ်လုပ်ခြင်းနည်းပညာနှင့် ရွှေပြားကပ်သည့်နေရာ၌ အသုံးပြုသောပစ္စည်းများအပေါ်တွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုတို့ဖြစ်ပြီး ပညာရှင်များနှင့် စာတမ်းရှင်များကို ဖိတ်ခေါ်ထားကြောင်း Email: wggtshwedagon@ytu.edu.mm နှင့် wggtshwedagon@ gmail.com ၊ Website: www.ytu.edu.mm/WGGT2019၊ Facebook Page : www.facebook.com/WGGT2019 နှင့် ဖုန်း ၀၁-၉၆၆၃၂၉၁၊ ၀၉-၈၇၉၄၄၇၀၀၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

မောင်လူမော်

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ

နေပြည်တော် ဇွန် ၂၉

ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် ၁၆ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည် အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အင်းစိန်၌ မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်း ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ မူခင်းအသိပညာ ဗဟုသုတများ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသအသိပညာပေးမှုများ ဇွန် ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ကျောင်းသားကျောင်းသူများကို မူခင်းဖြစ်ပွားမှုဆိုင်ရာ ဗဟုသုတများ ရှင်းပြပေးနေစဉ်။

မူခင်းပြခန်းယာဉ်တွင် အင်းစိန်မြို့မရဲစခန်းမှူး ဒုရဲမှူးတင်လတ်၊ မူးယစ်တပ်ဖွဲ့စု (၄၀)မှ ရဲအရာခံဗိုလ် ဝင်းနိုင်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ ဒုရဲအုပ် နိုင်ဇော်လှ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ခင်ကြည်နှင့် တာဝန်ရှိသူများ ပါဝင်၍ အထက(၇)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်ပေါ်သို့ ဖိတ်ခေါ်ပြသကာ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းစေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးဟောပြော၍ ပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

✾ **ရှေ့ဖုံးမှ**

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင်ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ရေရှည်ခိုင်ခိုင်မာမာ ထိန်းသိမ်းထားနိုင်ပြီး တိုင်းရင်းသားများ၏ အခွင့်အရေးများ၊ လိုလားချက်များကို ဖော်ဆောင်ပေးနိုင်မည့် အမျိုးသားအဆင့်

“လွန်ခဲ့သော နှစ်(၃၀)က စတင်၍ ယနေ့အချိန်ထိ အထူးဒေသ(၄)၊ မိုင်းလားအနေဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားစောင့်ထိန်းကာ တည်ငြိမ်အေးချမ်းမှုကို ရရှိထားပြီးဖြစ်၊ ယခုအခါ တည်ငြိမ်အေးချမ်းမှုကြောင့် ရရှိလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အထူးဒေသ(၄)၊ မိုင်းလားအတွင်းရှိ တိုင်းရင်းသားပြည်သူများခံစားနေရသည်ကို မြင်တွေ့ရ၍ ဝမ်းမြောက်”

နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် လိုအပ်ပါသည်။ ထိုသို့သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပလျက်ရှိသဖြင့် အထူးဒေသ(၄)၊ မိုင်းလားအနေဖြင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အတူတကွဖော်ဆောင်ရန် ဖိတ်ခေါ်ပါသည်။ အထူးဒေသ(၄)၊ မိုင်းလား ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရင်တွင်းစကားသံများ၊ သဘောထားအမြင်များကို အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများတွင် ဖက်ဒရယ်အခြေခံမှုများအဖြစ် ရရှိအောင်ကြိုးပမ်းရန် အချိန်ရောက်ပါပြီ။ အထူးဒေသ(၄)၊ မိုင်းလားအပါအဝင် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးညီလာခံစားပွဲဝိုင်းတွင် ပါဝင်လာရေး နိုင်ငံတော်အစိုးရက တံခါးအမြဲဖွင့်လှစ်ထားပါသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန်စောင့်ထိန်းမှုဖြင့် လက်ရှိတည်ဆောက်ထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်အဆင့်မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အဆင့်သို့ တက်လှမ်းကာ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန် အလေးအနက်ထား တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အထူးဒေသ(၄)၊ မိုင်းလားခေါင်းဆောင်များနှင့်တကွ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အိပ်မက်ဖြစ်သော စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးအနက်ဆန္ဒပြုတိုက်တွန်းရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အထူးဒေသ(၄)၊ မိုင်းလားအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ငြိမ်းချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရှင်းလင်းပြောကြားစဉ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

❑ **ရှေ့ဖုံးမှ**

စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခက်အခဲများ ဖြေရှင်းပေး

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန်အတွက် “ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ”ကို ဖွဲ့စည်းပြီးနောက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး တွေ့ဆုံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိရာ ယခု တွေ့ဆုံပွဲသည် (၂၈)ကြိမ်မြောက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၂၇)ကြိမ်မြောက်တွေ့ဆုံ ဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် စုစုပေါင်း ၃၄၉ ချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များရှိသကဲ့သို့ အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

ပြီးပြတ်သည်အထိ ဆောင်ရွက်ပေး

တချို့ဆက်လက် ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၃၁ ရက်အထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၂၃ ဒသမ ၄၉၀) ဘီလီယံအထိရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ (သုညဒသမ ၄၆၄)ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ (၁၉ ဒသမ ၅၀၁) ဘီလီယံပါဝင်သည့်အတွက် ၈၃ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ဆုငွေချီးမြှင့်မှုများ တိုးမြှင့်ထား

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်၊ မေလအထိ ဖမ်းဆီးအရေးယူမှု ၅၉၄ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၁၀ ဒသမ ၃၇၁) ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တရားမဝင်ကုန်စည်များကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စခန်းများမှ ဖမ်းဆီးကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ထုခွဲရောင်းချရရှိ ငွေအပေါ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ၅၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၂၀ ရာခိုင်နှုန်း၊ ရှာဖွေဖမ်းဆီးသည့်အဖွဲ့အစည်းများအား ၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများအနေဖြင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ၃၀ ရာခိုင်နှုန်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ၂၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၂၀ ရာခိုင်နှုန်း၊ ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများအား ၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ဆုငွေချီးမြှင့်မှုများကို ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ထားပါကြောင်း။

“နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူလျက်ရှိ၊ ၂၀၁၉ ခုနှစ်၊ မေလအထိ ဖမ်းဆီးအရေးယူ မှု ၅၉၄ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၁၀ ဒသမ ၃၇၁) ဘီလီယံ ဖမ်းဆီးနိုင်ခဲ့”

ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ရေရှည်တည်တံ့ပြီး တိုးတက်ရန်ဆိုလျှင် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပ ဈေးကွက်များသို့ပါ ဈေးကွက်အသစ်ရှာဖွေရန် လိုပါကြောင်း၊ Internationalize လုပ်ရန် လိုပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံတွင် အခြားနိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံခြင်းများရှိပြီး မိမိလုပ်ငန်းရှင်များအနေဖြင့်လည်း အခြားနိုင်ငံများကို သွားရောက်လုပ်ကိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံစသည့် နိုင်ငံကိုးနိုင်ငံတွင် စီးပွားရေးသံမှူးများကို စေလွှတ်တာဝန်ပေးအပ်ထားပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သလို သတင်းအချက်အလက်များ ရယူလိုပါကလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တစ်ဆင့် ဆက်သွယ်ရယူနိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် တိုးတက်နိုင်မည်ဟု ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ခန့်မှန်းထားသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်ကနေ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဖိတ်ခေါ်ရန် ကြိုးစားနေသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များအတွက် လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေစေရေးကို ဦးတည်ချက်ထားကာ ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အစိုးရ၏ ဝန်ဆောင်မှုများကို အများပြည်သူများ သိရှိစေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန်တို့အတွက် အားလုံးပါဝင်လာနိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အခက်အခဲများ ဆွေးနွေးတင်ပြ

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့်ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက်မိမိတို့ အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လက်ရှိမြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် တရားမဝင်

စာမျက်နှာ ၄ သို့

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇွန် ၂၉

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့ရှိ ဘာကူးကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့်(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဇာဘိုင်ဂျန်နိုင်ငံသို့ ထွက်ခွာသွားကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပုဂံယဉ်ကျေးမှုဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် အဆိုပြုစာတွဲ (Nomination Dossier) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းခဲ့ပြီး ယခုကျင်းပမည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းပြု/မပြုကို အတည်ပြုဆုံးဖြတ်မည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အစည်းအဝေးတက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးမှု အခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် ချေးငွေများ ထုတ်ချေးထားရှိမှု အခြေအနေ၊ Project Bank ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Public Private Partnership Center (PPPCenter)ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးရှိသည့် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်အတွက် Corporate Governance စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ တိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တိုးနန္ဒာတင်နှင့် အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ခိုင်၊ ရှမ်းပြည်နယ်ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ စက်မှုနယ်မြေရှိ အမှတ် (၁၄) အကြီးစားစက်ရုံသို့ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားရှိသည့် မြင်းကောင်ရေ ၂၀၀၀ အားရှိ V16 ဒီဇယ်အင်ဂျင်များ စွမ်းအားပြည့် မောင်းနှင်စမ်းသပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံမှ V6 နှင့် V8 အင်ဂျင်များအား အတွေ့အကြုံရှိပညာရှင်များနှင့် ပူးပေါင်းပြီးLPG/ CNG/ LNG/ Bio Gas နှင့် ဒီဇယ်အသုံးပြု Multi-Fuel Engine များအဖြစ် ပြောင်းလဲပြီး Generator နှင့် တွဲဖက်ကာ ၂၂၀ နှင့် ၁၄၀ ကီလိုဝပ် Silent Type Gen Set များအဖြစ် ရန်ကုန်မြို့ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)တွင် စမ်းသပ်အောင်မြင်ပြီးဖြစ်၍ ဈေးကွက်အတွင်း စတင်အသုံးပြုရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း။

အဆိုပါအောင်မြင်မှုမှ နည်းပညာများကို ရယူ၍ V16 အင်ဂျင်များအားလည်း Multi-Fuel Engine အဖြစ် ပြောင်းလဲပြီး Generator နှင့် တွဲဖက်၍ 1500 KVA Gen Set များ ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် အမှတ် (၂၆) အကြီးစားစက်ရုံမှ ထုတ်လုပ်ပြီး Gen Set များကိုလည်း Silent Type များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ Multi-Fuel Engine သုံး Silent Type Gen Set များအား လျှပ်စစ်ဓာတ်အား အဆက်မပြတ်အသုံးပြုမည့် စက်ရုံများနှင့် ဆေးရုံများတွင် Stand By (အရန်)အဖြစ် လည်းကောင်း၊ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ဒေသများတွင်လည်း လောင်စာဆီကုန်ကျစရိတ် သက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေမည်ဖြစ်ကြောင်း။

စမ်းသပ်မှုမှရရှိသည့် အချက်အလက်များကို စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်း၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများကို အမြဲမပြတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ After Sale Services လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရန်လိုကြောင်း၊ ဝယ်ယူသုံးစွဲသူများ၏ အကြံပြုချက်များကိုလည်း သုံးသပ်၍ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် လက်တွေ့ကျကျ အသုံးချနိုင်ရေးအတွက် အမြန်ဆုံးကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် သာဂရစက်မှုနယ်မြေရှိစက်ရုံများမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် Multi-Fuel Type Engine နှင့် ဓာတ်အားပေးမီးစက်များ၊ လျှပ်စစ်ဘတ်စ်ကားများ၊ အငယ်စားရေအားလျှပ်စစ်စက်များ၊ ကောက်ပဲသီးနှံအခြောက်ခံစက်များနှင့် ကျီများကို ဈေးကွက်လိုအပ်ချက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း အစိုးရ-ပုဂ္ဂလိကပူးပေါင်း၍ Private Public Partnership (PPP)စနစ်ဖြင့် မူဝါဒများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရ စက်မှုနယ်မြေရှိ အမှတ် (၁၄) အကြီးစားစက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

တောင်ငူတွင် ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

တောင်ငူ ဇွန် ၂၉

တောင်ငူတွင် မိုးရာသီရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရေဘေးကာကွယ်ရေးတာတမံများ မကျိုးပေါက်စေရန် ကျေးရွာရပ်ကွက်နေပြည်သူများပါဝင်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျင်းပသည့် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့နယ် အနောက်ဆင် တာတမံပေါ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကျော်သူက ရေဘေးကာကွယ်ရေး သရုပ်ပြပွဲ ကျင်းပရခြင်းအကြောင်းကို ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ရေဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားသည်။

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းတင်က မြစ်ရေကြီးစဉ် ရေဘေးအန္တရာယ်ကာကွယ်ရာတွင် တာတမံကိုရေကျော်လျှင် မြေသား သို့မဟုတ် သဲအိတ်များဖြင့် ကန်သင်းပြုလုပ်ထားရန်၊ တာအိလာပါက တာခြေတွင် တုတ်တန်းရိုက်ပြီး သဲအိတ်ဖိ၍ ကာကွယ်ထားရှိရန်၊ တာထူးပေါက်လျှင် ရေထွက်ပေါက်အထက် နှစ်ပေမှ သုံးပေအထိ လှောင်ရေမြင့်တက်အောင် ပြုလုပ်ထားရန်၊ သဲဗွက်ထပါက သဲဗွက်အတွင်းသို့ ကျောက်စရစ်ကို ရေကြည်ထွက်သည်အထိ တဖြည်းဖြည်းချရန် ရေခွေအတွင်းရှိ လှောင်ရေအမြင့်ဆုံးတက်သည်အထိ ထိန်းထားရန်တို့ကို ကျေးရွာသူ ကျေးရွာသားများအား သရုပ်ပြအသိပညာပေး ရှင်းလင်းကာ လက်ကမ်းစာဆောင်များလည်း ဝေငှခဲ့သည်။

အဆိုပါတာတမံသည် အနောက်ဆင်ကျေးရွာ၊ အရှေ့ဆင်ကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကန်းနီကျေးရွာစသည့်ကျေးရွာများအပြင် လယ်ဧကငါးထောင်ခန့်ကို ကာကွယ်ထားသည့် တာတမံဖြစ်ရာ နှစ်စဉ်ရေကြီးရေလျှံမှုကို ရင်ဆိုင်နေရသည့် ကျေးရွာများလည်း ဖြစ်ကြောင်း သိရသည်။

သူရ (တောင်ငူ)

ဒေါ့ဖုန်းယန်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဒေါ့ဖုန်းယန် ဇွန် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ဒေါ့ဖုန်းယန်မြို့ မံသဲကျေးရွာနှင့် မံမော်ကျေးရွာ၌ မိုးလဲချောင်းကမ်းပါးပြိုကျမှုများ ထိန်းသိမ်းရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲက မံသဲကျေးရွာ မိုးလဲချောင်းကမ်းပါးဘေး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပျိုးပင်များကိုပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ ကျေးရွာနေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ ခန့်က သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မအူပင်ပျိုး ၅၀၀ နှင့် ဗာတီဗာမြက်ပင် ၅၀၀၊ စုစုပေါင်းပျိုးပင် ၁၀၀၀ ကို မံသဲကျေးရွာနှင့် မံမော်ကျေးရွာ မိုးလဲချောင်းကမ်းပါးဘေး တစ်လျှောက်တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ စိုက်ပျိုးပြုစုခြင်းများ အထူးလိုအပ်

နေပြည်တော် ဇွန် ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအနီးရှိ သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံအခြေစိုက်၊ Worldview International Foundation တို့ ပူးပေါင်း၍ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဒီရေတောများထိန်းသိမ်းခြင်း၊ စိုက်ပျိုးပြုစုခြင်းစီမံကိန်း ဒီရေတောပျိုးဥယျာဉ်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက မုတ္တမပင်လယ်ကွေ့ဒေသတွင် ရွှံ့လတ္တာပြင်များ ဖြစ်ထွန်းတည်ရှိနေမှု၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ကန်လျားရှည်(တိုးချဲ့) ကြိုးပြင်ကာကွယ်တောအတွင်း ဧရိယာဟတ်တာ (၅၀)တွင် ဒီရေတောသစ်မျိုးများဖြစ်သည့် ပြူးခြေထောက်အဖို၊ ပြူးအုပ်ဆောင်း၊ ကန့်ပလာ၊ သမဲ့ကြီး သစ်စေ့နှင့် ပျိုးပင်စုစုပေါင်း ၁၃၂၉၉၀ အား အသီးတောင့် တိုက်ရိုက်ချစိုက်ပျိုးခြင်း၊ ပျိုးပင်များပျိုးထောင်၍ ကွက်လက်ဖြည့်စိုက်ပျိုးခြင်း၊ မွန်ပြည်နယ်၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်း စီမံကိန်းမှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများထိန်းသိမ်းကာကွယ်ခြင်း၊ စိုက်ပျိုးပြုစုခြင်းများ အထူးလိုအပ်ပါကြောင်း၊

စီမံကိန်းမှလက်တွေ့မြေပြင်တွင် စိုက်ပျိုးတည်ထောင်ထားမှုများ၊ ထိန်းသိမ်းကာကွယ်ထားမှုများ၊ လက်တွေ့သရုပ်ပြသနိုင်မည့် သုတေသနတွေ့ရှိချက်များသည် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းပါကြောင်း၊ ဒီရေတောများရှင်သန်ရန်အတွက် ပင်လယ်ဆားငန်ရေပျော်ဝင်မှုနှုန်းသည် အလွန်အရေးပါကြောင်း၊ ဒေသအတွင်း ရေချိုဝင်ရောက်မှုအပေါ် မူတည်ပြီး ပင်လယ်ဆားငန်ရေပျော်ဝင်မှုနှုန်းသည် ရာသီအလိုက် အတက်၊ အကျရှိကြောင်း၊ ပညာရှင်များအနေဖြင့် ဒီရေတောများ စိုက်ပျိုးတည်ထောင်ရာတွင် ဆားငန်ရေပျော်ဝင်မှုနှုန်းအပေါ် မူတည်ပြီး လိုက်လျောညီထွေရှိမည့် သစ်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် အကြံပြုသတိပေးလိုကြောင်း ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်း၏ ပျိုးပင်သုံးသိန်းဆံ့ ပျိုးဥယျာဉ်နှင့် ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ထားသော ကန်လျားရှည်ကြိုးပြင်ကာကွယ်တော ၄၈၇ ဧကအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နော်ဝေနိုင်ငံအခြေစိုက် Worldview International Foundation မှ Secretary General Mr. Arne Fjortoft နှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံအတွင်း ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒီရေတောများ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးစီမံကိန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး အလွတ်သဘောဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအနီးရှိ ဒီရေတောများ ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ကန်လျားရှည်ကြိုးပြင်ကာကွယ်တော ၄၈၇ ဧက၊ မြစိမ်းသောင်ကြိုးပြင်ကာကွယ်တော ၄၈၆ ဧကတို့ကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ ကန်လျားရှည်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော ၁၅၀၇ ဧကအား ၂၀၁၉ ခုနှစ်တွင် လည်းကောင်း ဖွဲ့စည်းတည်ထောင်ထားကြောင်း သိရသည်။

သတင်းစဉ်

ခုခံအားကျဆင်းမှုရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အမျိုးသားအဆင့်ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းဆိုင်ရာ လေ့လာဆန်းစစ်မှုတွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အမျိုးသားအဆင့် ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းဆိုင်ရာ လေ့လာဆန်းစစ်မှုတွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုတို့တွင် ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အမျိုးသားအဆင့် ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းဆိုင်ရာ ကွင်းဆင်းစစ်တမ်းကောက်ယူမှုနှင့် လေ့လာသုံးသပ်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု (HIV/AIDS)ရောဂါဖြစ်ပွားကူးစက်မှု မြေပြင်အခြေအနေများကို တိုက်ရိုက်ထင်ဟပ်ပြသနိုင်သည့် မှန်ကန်တိကျသော နောက်ခံအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

"ခုခံအားကျဆင်းမှုရောဂါ ကူးစက်ပြန့်ပွားမှုများ ၂၀၃၀ ပြည့်နှစ်တွင် အဆုံးသတ် ရပ်တန့်စေရေး" ရည်မှန်းချက်ကို ရရှိအောင်မြင်စေရန်အတွက် ကျန်းမာရေးစီမံခန့်ခွဲမှု အထောက်အကူပြု သတင်းအချက်အလက်စနစ်မှ အချက်အလက်များနှင့် ယခုကွင်းဆင်းစစ်တမ်းကောက်ယူလေ့လာရာတွင် တွေ့ရှိချက်များကိုအခြေခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နေထိုင်မှုအလေ့အထ၊ ယဉ်ကျေးမှုထုံးတမ်းများ၊ လူမှုစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှု စသည့် နောက်ခံအချက်အလက်များနှင့် ကိုက်ညီဆီလျော်မှုရှိသည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှု၊ အကျိုးထိရောက်မှုနှင့် အောင်မြင်မှုအခြေအနေများကို အမြဲမပြတ် ကြည့်ရှုဆန်းစစ်သည့် စနစ်ကိုပါ တစ်ပါတည်းထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားသူများ၏ ခံယူချက်သဘောထားများကိုဆန်းစစ်၍ ၎င်းတို့၏ရှုထောင့်မှနေ၍ ဘက်စုံစဉ်းစားကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က တင်ပြဆွေးနွေးပွဲနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ လေ့လာဆန်းစစ်မှုတွေ့ရှိချက်များကို အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင် Dr. David Jacka၊ AIDS Project Management Group Director Mr. Dave Mark Burrows နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင် Dr. Nathan Shaffer တို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅) ရေးဆွဲရာတွင် လက်တွေ့မြေပြင်၌ လုပ်ငန်းဆောင်ရွက်နေသည့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများကိုလည်း ပါဝင်လုပ်ဆောင်စေရမည်ဖြစ်ပါကြောင်း၊ ခုခံကျရောဂါပိုးရှိသဖြင့် ကုသမှုခံယူသူများ ART ဆေးဝါးစွဲမြဲစွာ သောက်သုံးစေရန်နှင့် အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားစေမည့် အပြုအမူများကို ရှောင်ကြဉ်ရန်အတွက် နှစ်သိမ့်ဆွေးနွေးသူများ၏ အရည်အချင်းနှင့် အခန်းကဏ္ဍ လွန်စွာအရေးကြီးပါကြောင်း၊ စစ်တမ်းလေ့လာတွေ့ရှိချက်များတွင် ခုခံကျရောဂါကုသသည့် ART ဆေးဝါးကို စွဲမြဲစွာ မသောက်ခြင်း၊ အန္တရာယ်ရှိသော လိင်ဆက်ဆံမှုပြုလုပ်ခြင်းနှင့် ကွန်ဒုံး အသုံးပြုမှု ၆၀ ရာခိုင်နှုန်းထက် လျော့နည်းနေခြင်း စသည့်အချက်များကို တွေ့ရှိရသဖြင့် အဆိုပါအချက်များကို ဖြစ်ပွားစေသည့် ဇာစ်မြစ်အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်၍ အဖြေရှာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခုခံကျ/ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေး ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လေ့လာသုံးသပ်မှုမှ တွေ့ရှိချက်များကို အခြေခံ၍ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရည်မျှော်ကာ ဝန်ကြီးဌာနအနေဖြင့် ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

ခုခံအားကျဆင်းမှုရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အမျိုးသားအဆင့် ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးစီမံချက်လုပ်ငန်းဆိုင်ရာ လေ့လာဆန်းစစ်မှုတွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

လယ်ယာထွက်ကုန်သီးနှံများ တင်ပို့နိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၂၉

လယ်ယာထွက်ကုန်သီးနှံများ တင်ပို့နိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးလှကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနများနှင့် ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဆန်တင်ပို့မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံ General Administration of Customs China –GACC သို့ ပေးပို့မည့် ကုမ္ပဏီနှင့် ဆန်စက်များဆိုင်ရာကိစ္စ၊ ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ပဆန်တင်ပို့မှုနှင့် ပတ်သက်၍ လက်ရှိအခြေအနေထက် တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ဆန်စပါးသီးနှံ အရည်အသွေးပြည့်မီရေးအတွက် မြေပြင်ကွင်းဆင်း လေ့လာဆောင်ရွက်ချက်များကို အရေးကြီးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရန်၊ ဆန်လိုအပ်ချက်အရ ဆက်သွယ်လာသော နိုင်ငံများသို့ အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်ပဈေးကွက်သစ် ရှာဖွေရေးဆိုင်ရာကိစ္စ၊ အရည်အသွေးကောင်းပြောင်းသီးနှံ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆီထွက်သီးနှံ တင်သွင်းရေးဆိုင်ရာ မူဝါဒရေးဆွဲဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများထံမှ သဘောထားမှတ်ချက် တောင်းခံ

ဆောင်ရွက်နေမှု၊ ဆန်အပါအဝင် အခြားအရေးကြီးသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံသီးနှံများ တင်ပို့ ရောင်းချနိုင်ရေးဆိုင်ရာကိစ္စ၊ National Export Strategy ဖြင့် ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သွင်းကုန်ဆိုင်ရာ National Import Strategy အကောင်အထည်ဖော် ဆောင်ရွက်ရန်ကိစ္စ၊ လယ်ယာထွက်ကုန်သီးနှံများနှင့် မွေးမြူရေးထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး အစားအစာဘေးကင်းလုံခြုံရေးစံများနှင့် ကိုက်ညီသည့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တင်ပို့ရောင်းချနိုင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အလွှာစုံပါဝင်ဆွေးနွေးနိုင်သည့်ဖိုရမ်များ ကျင်းပဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မိုဘိုင်းဖုန်းအန္တရာယ် သတိပြုဖွယ်

မေယု-မျိုးအောင် (MANA)

လူမှုပတ်ဝန်းကျင်တွင် ဆက်သွယ်မှုများပိုမိုကောင်းမွန်လာစေရေးအတွက် လက်ကိုင်ဖုန်းများအား တီထွင်အသုံးပြုခဲ့ရာမှာ လွန်ခဲ့သော အနှစ် ၂၀ အတွင်း လက်ကိုင်ဖုန်းများအသုံးပြုမှု လျင်မြန်စွာတွင်ကျယ်လာခဲ့သည်။ လက်ကိုင်ဖုန်းအသုံးပြုမှုက ကမ္ဘာ့လူဦးရေအားလုံး၏ ၇၀ ရာခိုင်နှုန်းအထိ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ကမ္ဘာပေါ်တွင် လက်ကိုင်ဖုန်းအများဆုံးအသုံးပြုသည့်နိုင်ငံများမှာ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေ၊ ဆွီဒင်နှင့် အင်္ဂလန်နိုင်ငံတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ရေတို ရေရှည် ထိခိုက်မှုများဖြစ်ပေါ်

လက်ကိုင်ဖုန်းများအား သုံးစွဲရာမှ လက်ကိုင်ဖုန်းများမှထုတ်လွှတ်သည့် လျှပ်စစ်သံလိုက်ရောင်ခြည်ဖြာထွက်မှုက သုံးစွဲသူများ၏ ကျန်းမာရေးအား ထိခိုက်မှုများဖြစ်ပေါ်စေကြောင်း သိရှိလာခဲ့ကြ၍ ၂၀၁၁ ခုနှစ် မေလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောင်ခြည်ဖြာထွက်မှုမှ လူတို့တွင် ကင်ဆာရောဂါဖြစ်နိုင်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

လက်ကိုင်ဖုန်းများမှ ထုတ်လွှတ်သော ရောင်ခြည်များတွင် ဇီဝဆိုင်ရာအကျိုးသက်ရောက်မှုများအနေဖြင့် နှစ်မျိုးနှစ်စားပါရှိ၍ အပူဓာတ်ပါဝင်သော အကျိုးသက်ရောက်မှုနှင့် အပူဓာတ်မပါဝင်သော အကျိုးသက်ရောက်မှုတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ အပူဓာတ်ပါဝင်သော အကျိုးသက်ရောက်မှုတွင် ရောင်ခြည်တွင်ပါရှိသည့် အပူဓာတ်အား ဖုန်းအသုံးပြုသူ၏ ကိုယ်ခန္ဓာမှ စုပ်ယူထားမှုကြောင့် ဦးခေါင်းပိုင်းနှင့် ကိုယ်ခန္ဓာတွင် အပူချိန်မြင့်တက်လာသည်။ လက်ကိုင်ဖုန်းမှ ထွက်ရှိသော အပူဓာတ်မပါဝင်သည့်ရောင်ခြည်မှ ကိုယ်ခန္ဓာအတွင်းရှိ ဇီဝဆိုင်ရာဆဲလ်များအား အန္တရာယ်ဖြစ်ပေါ်စေရာတွင် ရေတိုနှင့် ရေရှည် ကာလနှစ်မျိုးစလုံးတွင် အန္တရာယ်ဖြစ်စေ၍ ရေတိုကာလထိခိုက်မှုများအနေဖြင့် အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်များပျောက်ဆုံးခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့အား ခံစားရပြီး ရေရှည်ထိခိုက်မှုများအနေဖြင့် ဦးနှောက်တွင် အကျိတ်အဖုများဖြစ်ပေါ်လာခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်း၊ ကိုယ်ခန္ဓာအတွင်းရှိ 'ဒီအင်န်အေ' များပျက်စီးခြင်းတို့ ဖြစ်ပေါ်စေသည်။

အကြားအာရုံပျက်စီးစေ

စမတ်ဖုန်းနှင့် အခြားအသံဆိုင်ရာ ကိရိယာများ အလွန်အကျွံအသုံးပြုမှုမှတစ်ဆင့် လူငယ်တစ်ဘီလီယံကျော်သည် အကြားအာရုံပျက်စီးနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိပေးခဲ့ပြီး အန္တရာယ်ကင်းသော အသံကျယ်နှုန်းကို စံသတ်မှတ်ရန် အကြံပြုခဲ့သည်။

အကြားအာရုံကို စောင့်ရှောက်ရန် ကြိုးပမ်းသည့်အနေဖြင့် WHO နှင့် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့ (ITU) တို့က အသံဆိုင်ရာကိရိယာများ ထုတ်လုပ်အသုံးပြုမှုအတွက် အကြံပြုစံနှုန်းတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် လူငယ်များသည် အန္တရာယ်ရှိသော နားထောင်မှုအလေ့အကျင့်များ ရှိတတ်ကြသည်။

"သီချင်းနားထောင်ပြီး လူငယ်တွေအကြားအာရုံပျက်စီးနေတာမျိုးက ဆက်မဖြစ်သင့်ပါဘူး" ဟု WHO ဥက္ကဋ္ဌ တေဒရိုအာဒါ နော်ဂီဘရီရေဆုက ပြောကြားခဲ့သည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းဖြစ်သော ၄၆၆ သန်းခန့်သည် အကြားအာရုံဆုံးရှုံးမှုကို ခံစားနေကြရသည်။ ထိုအထဲတွင် ကလေး ၃၄ သန်းလည်း ပါဝင်သည်။ အကြားအာရုံဆုံးရှုံးသူများထဲတွင် အသံဆိုင်ရာကိရိယာများကို အန္တရာယ်ရှိသည်အထိ အသုံးပြုပြီး အကြားအာရုံပျက်စီးသူ မည်မျှပါဝင်ကြောင်း ရှင်းရှင်းလင်းလင်း မသိရသေးဟု WHO က ဆိုသည်။

အသံအကျယ်နှုန်း ၈၅ ဒက်စီဘယ်နှင့်အထက်ကို ၈ နာရီကြာနားထောင်မှု သို့မဟုတ် ၁၀၀ ဒက်စီဘယ်ကို ၁၅ မိနစ်နားထောင်မှုတို့သည် အန္တရာယ်မကင်းဟု WHO က သတ်မှတ်သည်။ အသံထက် ကိရိယာများနှင့် စနစ်များတွင် ဘေးကင်းမှုသတ်မှတ်ချက်စံအရ အသံဆိုင်ရာကိရိယာအားလုံးတွင် အသံကျယ်ပမာဏကို ကန့်သတ်သည့်ဆော့ဝဲ ထည့်ပေးရမည်ဖြစ်သည်။

ပဋိပက္ခများ လှုံ့ဆော်ရာနေရာ

စိတ်ကျန်းမာရေးအရ ဆုံးဖြတ်ရန်ခက်ခဲသော်လည်း ဖေ့စ်ဘုတ်လူမှုကွန်ရက်သည် မိမိတို့နိုင်ငံတွင်တော့ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့မှစကာ အရေးကိစ္စအားလုံးတို့တိုင်တန်းရာ၊ ဖော်ထုတ်ရာ၊ မကျေနပ်ချက်တို့အားဟစ်တိုင်ပြုအသုံးချရာ၊ ဝါဒဖြန့်မှုနှင့် ပဋိပက္ခများ လှုံ့ဆော်ရာအဖြစ် အသုံးဝင်နေသည်ကတော့ အမှန်ဖြစ်ပေသည်။

လူမှုကွန်ရက် ဖေ့စ်ဘုတ်သည် ၂၀၁၀ ပြည့်နှစ်မှ လက်ရှိအချိန်အထိ ရှစ်နှစ်ခန့်ကာလအတွင်း ပိုမိုကြီးမားကျယ်ပြန့်လာကာ ထုတ်ပြန်ချက်အချို့အရ ဖေ့စ်ဘုတ်ကို အမြဲတစေသုံးစွဲသူ လစဉ်နှစ်ဘီလီယံခန့်ရှိနေသည်ဟု သိရသည်။ လူမှုကွန်ရက်၏ လွှမ်းမိုးမှုမှာလည်း ကမ္ဘာနှင့်အဝန်းကြောက်စရာကောင်းသည့် အခြေအနေသို့ပင် ရောက်ရှိနေခဲ့ပြီဟု ကဏ္ဍအသီးသီးမှ မှတ်ချက်ပြုရသည်။ ဖေ့စ်ဘုတ်သည် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများစွာဖြစ်စေသော အခြေအနေများ ရှိနေသည်မှာလည်း အမှန်ပင်ဖြစ်နေသည်။ ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ ခြိမ်းခြောက်အနိုင်ကျင့်မှု (Cyber Bullying) နှင့် အမုန်းစကားများလှုံ့ဆော်မှု (Hate Speech) တို့ကို ဖေ့စ်ဘုတ်အနေဖြင့် နိုင်နင်းစွာထိန်းချုပ်နိုင်မှုမရှိခြင်းက လူ့အဖွဲ့အစည်းအတွင်း ကြီးမားသောပြဿနာတစ်ရပ် ဖြစ်နေစေသည်။

၂၀၂၀ ရွေးကောက်ပွဲကာလမတိုင်မီတွင် အမုန်းစကားဖြန့်ချိမှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ မြင့်တက်လာမည်ကို စိုးရိမ်ခြင်းကြောင့် မြန်မာနှင့် သက်ဆိုင်သော အကောင့်များနှင့် စာမျက်နှာများကို ပိုမိုတင်းကျပ်စွာ စစ်ဆေးသွားရန် ဖေ့စ်ဘုတ်က စီစဉ်နေပြီဖြစ်ကြောင်းလည်း သိရသည်။ ယင်းသို့ စောင့်ကြည့်စစ်ဆေးရန်အတွက် လက်ရှိတွင် မြန်မာဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်သော မြန်မာဝန်ထမ်းပေါင်း ၉၉ ဦးကို အလုပ်ခန့်ထားပြီးဖြစ်သည့်အပြင် မကြာမီတွင် လူ့အခွင့်အရေးကျွမ်းကျင်ပညာရှင်များကိုလည်း ယင်းအဖွဲ့အတွင်း ထပ်မံပေါင်းစည်းတာဝန်ပေးသွားမည်ဟု ဖေ့စ်ဘုတ်က ထုတ်ပြန်ထားသည်။

လူတစ်ဦးချင်း မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းမြင့်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ အင်တာနက်သုံးစွဲမှုနှုန်းသည်လည်း ငါးနှစ်တာအတွင်း မြန်ဆန်စွာ တိုးတက်မြင့်မားလာခဲ့သည်။ သို့ရာတွင် ဖေ့စ်ဘုတ်သည် လှုံ့ဆော်မှုများ၊ အမုန်းစကားများပျံ့နှံ့မှုအပေါ် ထိန်းချုပ်ရန် ကြိုးစားလိုမှုနှင့် ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ ဖြစ်လာနိုင်ခြေများကို အကဲဖြတ်သုံးသပ်ရန် ကြိုးစားမှုများက သတိပြုစရာအကြောင်းအရာ ဖြစ်နေသည်။

အသက်ကိုဉာဏ်စောင့်

လူမှုကွန်ရက် သို့မဟုတ် လူမှုမီဒီယာဟု မြန်မာမှုပြုကြသည့် အင်တာနက်အလွန်အကျွံသုံးစွဲမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ကမောက်ကမဖြစ်မှုတို့ ဆက်စပ်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံ၏ စစ်တမ်းတစ်ရပ်အရ သိရပေရာ မိမိတို့နိုင်ငံ၌ ယင်းသို့စစ်တမ်းပြုမှုမရှိသေးသော်လည်း အင်တာနက်သုံးစွဲသူ များပြားလာသည်ဖြစ်၍ သတိပြုသင့်သည်ဟု ဆိုရမည်ဖြစ်သည်။

ဗြိတိန် ပြည်သူ့ကျန်းမာရေးဆိုင်ရာအဖွဲ့၏ စစ်တမ်းအရ အသက် ၁၄ နှစ်နှင့် ၂၄ နှစ်ကြားအရွယ်ရှိ ဗြိတိန်နိုင်ငံသားများသည် ၎င်းတို့၏ ကျန်းမာရေးအပေါ် Facebook၊ Instagram၊ Snapchat နှင့် Twitter တို့က အန္တရာယ်ဖြစ်စေသော သက်ရောက်မှုရှိသည်ဟု ယုံကြည်ကြောင်း ဆိုပေသည်။

လူမှုကွန်ရက်နည်းတူ စမတ်ဖုန်းဟုခေါ်သည့် မိုဘိုင်းဖုန်းအသုံးပြုမှုနှင့် ပတ်သက်၍ ပညာရှင်များ မကြာခဏ သတိပေးထောက်ပြမှုတို့ရှိနေရာ စမတ်ဖုန်းအလွန်အကျွံသုံးစွဲခြင်းကြောင့်လည်း အိပ်စက်မှု၊ အိပ်ချိန်ကို အနှောင့်အယှက်ဖြစ်စေခြင်း၊ စိတ်ဖိစီးမှုဖြစ်စေခြင်း၊ မျက်ကြည်လွှာထိခိုက်စေခြင်း၊ စိတ်မရှိသည့်အပြုအမူ (စိတ်ဆတ်ခြင်း၊ အလွယ်တကူဒေါသဖြစ်ခြင်း စသည်)များ ပြုလုပ်တတ်ခြင်း၊ အကြောထုံးခြင်းနှင့် ကြွက်သားများ ရောင်ရမ်းကိုက်ခဲခြင်းတို့အပြင် ခေါင်းကိုက်ခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်ဟု သတိပေးထားသည်ကို တွေ့ရသည်။

နည်းပညာရေစီးနှင့် ခေတ်ကာလအခြေအနေတို့အရ လက်လှမ်းမီအောင် သုံးစွဲကြရမည်ဆိုသော်ငြား ဖြစ်သင့်သည်ထက် အလွန်အကျွံပြုမူခြင်း၊ အစွန်းရောက်သုံးစွဲခြင်းတို့သည် ဘေးဖြစ်မည်က သေချာသည်။ လူမှုမီဒီယာများ သုံးစွဲရာ၌ဖြစ်စေ၊ မိုဘိုင်းဖုန်း၊ ကွန်ပျူတာ စသည်တို့ကို သုံးစွဲရာ၌ဖြစ်စေ အသက်ကိုဉာဏ်စောင့်ဟူသည့် စကားကို သတိမူကာ ကိုယ်စိတ်ကျန်းမာရေး မထိခိုက်ကြစေရေး သတိပြုဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

"နည်းပညာရေစီးနှင့် ခေတ်ကာလအခြေအနေတို့အရ လက်လှမ်းမီအောင်သုံးစွဲကြရမည်ဆိုသော်ငြား ဖြစ်သင့်သည်ထက် အလွန်အကျွံပြုမူခြင်း၊ အစွန်းရောက်သုံးစွဲခြင်းတို့သည် ဘေးဖြစ်မည်က သေချာသည်။ လူမှုမီဒီယာများ သုံးစွဲရာ၌ဖြစ်စေ၊ မိုဘိုင်းဖုန်း၊ ကွန်ပျူတာ စသည်တို့ကို သုံးစွဲရာ၌ဖြစ်စေ အသက်ကိုဉာဏ်စောင့်ဟူသည့်စကားကို သတိမူကာ ကိုယ်စိတ်ကျန်းမာရေး မထိခိုက်ကြစေရေး သတိပြုဆောင်ရွက်သင့်ပါကြောင်း"

မိုဘိုင်းဖုန်းများအတွင်းသို့ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေး Application ထည့်သွင်းပေး

ပဲခူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန် ၂၆ ရက်က ပြည်သူများကိုင်ဆောင်သော မိုဘိုင်းဖုန်းများအတွင်းသို့ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေး ဒါန်မိုဘိုင်း Application ကို ထည့်သွင်းပေးကြသည်။

အဆိုပါ ဒါန်မိုဘိုင်း Application ကို သုံးစွဲသူများလွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်နှင့် မသန်စွမ်းသူများပါ အသုံးပြုနိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပုံစံထုတ်၍ Adaptation Fund ECHO နှင့် UNDP တို့၏ ရန်ပုံငွေဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်၊ မိုးလေဝသအခြေအနေနှင့် ကယ်ဆယ်ရေးသတင်းများအားလုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် အလွယ်တကူအသုံးပြုနိုင်ရန်အတွက် မိုဘိုင်းဖုန်းများအတွင်း ထည့်သွင်းပေးခြင်းဖြစ်ပြီး Application ကို ဖုန်းအတွင်းရောက်ရှိနိုင်ရန် Andriod Phone များအတွက် Google Play Store နှင့် IOS Phone များအတွက် App Store တို့တွင် DAN Myanmar ဟု ရိုက်ထည့်ပြီး Download ရယူနိုင်ကြောင်း သိရသည်။

ဒါန်မိုဘိုင်း Application အတွင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပုံမှန်သတင်းနှင့် အရေးကြီးသတင်းဟူ၍ နှစ်မျိုးပါရှိပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဘေးအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို အရေးကြီးကဏ္ဍမှ သတိပေးချက်များ ပေးပို့သွားမည်ဖြစ်သည်။ လိုအပ်ပါက ဆက်သွယ်ရမည့် အရေးပေါ်ဖုန်းနံပါတ်များ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာပေးခြင်း၊ ဆောင်ရန်/ရှောင်ရန်များကို ဖော်ပြထားသော ရုပ်ပုံများ၊ အသံဖိုင်များနှင့် ဗီဒီယိုများ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ အချိန်ပိုင်းအလိုက် မိုးလေဝသအခြေအနေသတင်းများ၊ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းအင်းအချက်အလက်များ၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ပြည်သူများကိုယ်တိုင် သတင်းပေးပို့ဆက်သွယ်နိုင်မည့်စနစ်များ စသည့်အရေးကြီးသော အကြောင်းအရာများအပြင် ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများတွင် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်တုံ့ပြန်ခြင်းတို့ကို လုပ်ဆောင်နိုင်ရန် လိုအပ်သည့်ကြိုတင်သတိပေးချက်များ၊ အဖြစ်များသည့် ဘေးအန္တရာယ်များအတွက် ဘေးကင်းစေရေးအကြံပြုချက်များ၊ အရေးပေါ် ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် အခြားသော အကိုးအကားပြုနိုင်မည့် စာအုပ်/စာစောင်များ ပါဝင်ထည့်သွင်းထားကြောင်း သိရသည်။

တင်စိုး (ပဲခူး)

လူကုန်ကူးခံရသူများယာယီစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်) စတင်တည်ဆောက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉

လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကျင်းပသည်။

လူကုန်ကူးမခံရအောင် မိမိကိုယ်မိမိ ကာကွယ်ရန်အရေးကြီး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူကုန်ကူးခံရခြင်းသည် မြန်မာနိုင်ငံအတွက် ရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဘဝလူနေမှုအဆင့်အတန်းမြင့်မားလာရေး၊ စားဝတ်နေမှုပြေလည်လာရေးတို့အတွက် ပြည်သူများအနေဖြင့် အသိ၊ သတိတို့ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လူကုန်ကူးမခံရအောင် မိမိကိုယ် မိမိအသိဖြင့် ကာကွယ်ရန်အရေးကြီးကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ပြည်ထဲရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအဖွဲ့ခွဲ သုံးခုအနက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

လူကုန်ကူးခံရသူများကို ကယ်ဆယ်ပြီးပါက ယာယီစောင့်ရှောက်ရန် နေရာလိုအပ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ မန္တလေး၊ မူဆယ်၊ ကော့သောင်းနှင့် မြဝတီတို့တွင် လေးခုရှိပြီး ယခု ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် တည်ဆောက်မည့်ဂေဟာသည် ငါးခုမြောက် ဂေဟာဖြစ်ပါကြောင်း၊ ဤဂေဟာတည်ဆောက်ခြင်းသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည်ကို သိရှိစေလိုကြောင်း၊ လူကုန်ကူးခံရသူများတွင် အမျိုးသမီးများသာမက အမျိုးသားများလည်း ပါဝင်ကြောင်း၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများမှ မြန်မာရေလုပ်သားများ လူကုန်ကူးခံရသူများကို လေကြောင်းဖြင့် ပြန်လည်လက်ခံရခြင်းများလည်းရှိကြောင်း၊ ယာယီစောင့်ရှောက်ရန် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာလိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ပူးပေါင်းကူညီမှုဖြင့် အစိုးရ၏ စီမံခန့်ခွဲသည့် မြေနေရာတွင် လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်နိုင်ခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့ လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဖြစ်ကြောင်း၊ ရွှေပြည်သာမြို့နယ်တွင် ဤဂေဟာဆောက်လုပ်ထားခြင်းကို မြို့နယ်နေပြည်သူလူထုက ပူးပေါင်းကူညီပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ရေရှည်တည်တံ့ရေး ပူးပေါင်းဆောင်ရွက်

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အရည်အသွေးကို အဓိကထား ဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆောက်အဦ ရေရှည်တည်တံ့ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများ၌ ပန္နက်တင်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

ဆွာချောင်းရေလှောင်တမံ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုများညှိနှိုင်းဆွေးနွေး

ရေတာရှည် ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေလှောင်တမံ အရေးပေါ်အခြေအနေဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၂၇ ရက် နံနက်ပိုင်းက ဆွာဆည်တမံ ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့ရာ **(အောက်ပုံ)** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ တက်ရောက်ခဲ့သည်။

ကြိုတင်ပြင်ဆင်ထားရှိမှု ညှိနှိုင်းဆွေးနွေး

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက နွေစပါးစိုက်ပျိုးချိန် ရာသီကာလအတွက် သိုလှောင်ထားခဲ့သော ဆည်အတွင်းရှိ ရေအား ရေပိုလွှဲဘက်ခြမ်းမှ အကျယ်ပေ ၁၂၀ ရှိ ရေလွှဲမြောင်းဖောက်လုပ်၍ သမဆယ်ချောင်းမှတစ်ဆင့် ဆွာချောင်းအတွင်းသို့ သဘာဝအတိုင်းစီးဆင်းစေရန် ဆောင်ရွက်ထားရှိမှု၊ သမဆယ်ချောင်း၊ သိုင်းချောင်းတို့သည် ဆွာချောင်းထဲသို့ စီးဝင်သည့်အတွက် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆွာချောင်းတစ်လျှောက် ရေကြီးရေလျှံမှုများ ဖြစ်ပွားပါက ဒေသခံပြည်သူများ၏အသက်အိုးအိမ်တို့ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ကြမည့် အစီအစဉ်တွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် မိုးရာသီကာလ မိုးဇလတိုင်းတာခြင်း၊ ဆည်ရေဝင်ရောက်မှုတိုင်းတာခြင်းနှင့် အခြားသော ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများ ဦးဆောင်၍ နေ့/ည မပြတ်စောင့်ကြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သိရှိလိုသည်များ ပြန်လည်ဆွေးနွေး

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များနှင့် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ပြီး ဆွာဆည်တမံအတွင်းမှ ရေလွှဲမြောင်း ဖောက်လုပ်ထားသည့် နေရာအား သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သန်းလွင်**

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးစဉ်။

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေး

မန္တလေး ဇွန် ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် USAID-PRLM တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးကျင်းပသော ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးစိုးသိန်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အဆင့်ဆင့် ရှင်းလင်းပြောကြားခဲ့ပြီးနောက် အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ အဆိုပါမေးမြန်းမှုများအပေါ် တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး (ညှိနှိုင်းရေးမှူး) ဒေါ်ဖြူပြာအေးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးမှုဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ ကုန်စိမ်းဈေးမှ ဆိုင်ခန်းများ ၁၅ ရက်အတွင်း ပြောင်းရွှေ့ပေးရန်အမိန့်ထုတ်

မြိတ် ဇွန် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားမီးပွိုင့်အနီးရှိ ကန်ဖျားကုန်စိမ်းဈေးအတွင်း ဈေးဆိုင်ခန်းများ၌ ရောင်းချလျက်ရှိသည့် ဈေးသူဈေးသားများအား ဇွန် ၂၈ ရက်မှ စတင်ကာ ၁၅ ရက်အတွင်း ရှမ်းချောင်းရပ်ရှိ ကုန်စိမ်းဈေးသစ်သို့ ပြောင်းရွှေ့ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ ကန်ဖျားကုန်စိမ်းဈေးသည် စာသင်ကျောင်းနှင့် လူနေရပ်ကွက်အနီးတွင် ရောင်းချနေသည့်အတွက် အနံ့အသက်များမကောင်းခြင်းနှင့် ဆူညံမှုများကြောင့် ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ၏ ပညာရေး ကျန်းမာရေးထိခိုက်လျက်ရှိခြင်း၊ ကုန်တင်ကုန်ချသည့် ယာဉ်ကြီးများကြောင့် ယာဉ်ကြောပိတ်ဆို့၍ လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်လာသည့်အတွက် ပြောင်းရွှေ့ရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ ကန်ဖျားကုန်စိမ်းဈေးတွင် ပုံကျဈေးရောင်းချသူ ၄၈ ဦးနှင့် ဆိုင်ခန်းဖြင့် ရောင်းချသူ ၁၂၃ ဦးရှိရာ ဆိုင်ခန်းများကို မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းရပ်တွင် အသစ်ဆောက်လုပ်ထားသည့် ကုန်စိမ်းဈေးသစ်သို့ အားလုံးပြောင်းရွှေ့ရမည်ဖြစ်ကြောင်း မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ထိုသို့ကုန်စိမ်းဈေးပြောင်းရွှေ့ရေးနှင့် ပတ်သက်၍ ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆိုပါကန်ဖျားဈေး၌ ညွှန်ကြားစာ၊ ပြောင်းရွှေ့ရောင်းချရမည့် ဈေးသူဈေးသားအမည်များနှင့် ဈေးဆိုင်ခန်းတည်နေရာပြ ဗီနိုင်းများကပ်ထားပြီး လက်ကမ်းစာစောင်များဖြင့်လည်း အသိပေးကြေညာခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှသိရသည်။

မြင့်ဦး(မြိတ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၂၉ ဇုန် အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ကျူးကျော်နေထိုင်သူများအား နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်ကို အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ကျူးကျော်နေထိုင်သူများအား စနစ်တကျနေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။ (ယာပုံ)

ကျူးကျော်တွေ ရှင်းလင်းဖို့ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က "ရန်ကုန်မှာ ပြည်တွင်းစက်မှုဇုန်တွေအဖြစ် ရှိခဲ့တဲ့ စက်မှုဇုန် ၂၉ ခုက ခေတ်အဆက်ဆက် အခြေအနေအမျိုးမျိုး ပေါ်ကနေ တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ပြန်လည်ပြီး အဆင့်မြှင့်တင်ရမယ့် အခြေအနေရှိပါတယ်။ ပုဂ္ဂလိကရော၊ အစိုးရရော ပူးပေါင်းဆောင်ရွက်တဲ့ပုံစံမျိုးနဲ့ စက်မှုဇုန်တွေကို အဆင့်မြှင့်တင်ဖို့အတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီတွေကို ကျွန်တော်တို့ ဖွဲ့စည်းပြီး အခု အဆင့်မြှင့်တင်မှုတွေကို စတင်နေပြီ ဖြစ်ပါတယ်။ အဓိက အခက်အခဲဆုံးနဲ့ အဓိကဖြေရှင်းရမယ့် အချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ စက်မှုဇုန်တွေထဲမှာ ကျူးကျော်နေထိုင်နေတဲ့ ပြဿနာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျူးကျော်နေထိုင်သူတွေကို ရှင်းလင်းဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ ကျူးကျော်နေထိုင်နေတဲ့သူတွေကို နေရာတစ်ခုမှာ စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့အတွက် ဆောင်ရွက်ပါမယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သတင်းမီဒီယာများ တွေ့ဆုံသည့် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စနစ်တကျနေရာချထားပေးရန်

ထို့အပြင် စက်မှုဇုန်များ အဆင့်မြှင့်တင်မှုနှင့်စပ်လျဉ်း၍ ရေဆိုးနှင့် အမှိုက်စွန့်ပစ်ရန်၊ ရေကောင်းရေသန့်နှင့် လျှပ်စစ်မီးလုံလောက်စွာရရှိရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်တို့အတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် စက်မှုဇုန်အဆင့်မြှင့်တင်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း၊ မိမိအနေဖြင့် နာယက အဖြစ်ပါဝင်ကြောင်း၊ စက်မှုဇုန် ၂၉ ဇုန်လုံးတွင် ကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းနေကြောင်း၊ ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်၍ စနစ်တကျ နေရာချထားပေးနိုင်ရန်နှင့် ၎င်းတို့ဘဝ အဆင့်မြင့်မားလာစေရန်အတွက် လူ့အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြန်လည်ကူညီသည့် ပုံသဏ္ဌာန်မျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြောင်း။

အပိုင်ပေးမည်မဟုတ်

ကျူးကျော် နေထိုင်သူများကို ရှင်းလင်းရာတွင်လည်း အမျိုးသမီးများကို အခြေပြုပြီး ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားကြောင်း၊ အမျိုးသမီးများကို အခြေပြုကာ ၁၀ ယောက်တစ်စုနှုန်းဖြင့် ချေးငွေစနစ်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မိမိတို့တိုင်းဒေသကြီးအစိုးရနှင့်အတူ NGO များမှ တာဝန်ရှိသူများ ပူးပေါင်းကာ ၎င်းတို့အတွက် နေရာချထားပေးနိုင်ရန်စီစဉ်ထားရှိကြောင်း၊ ယင်းသို့ နေရာချထားပေးမည့် မြေနေရာသည် အပိုင်ပေးမည်မဟုတ်ကြောင်း၊ အစိုးရပိုင်မြေသာဖြစ်ကြောင်း၊ Community ပိုင်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ဒီနေရာမှာ အခန်းငှားလို့မရဘူး၊ ရောင်းစားလို့ မရပါဘူး။ ဒီကနေ သူဟာ နောက်ထပ် အဆင့်မြင့်တဲ့နေရာကို သွားမယ်ဆိုရင် ဒီနေရာကို ပြန်ပေးခဲ့ဖို့ပဲ ဖြစ်ပါတယ်။ ဒီဘဝကနေ မတိုးတက်နိုင်သေးဘူးဆိုရင် သူဒီမှာ နေလို့ရပါတယ်"ဟု ပြောကြားသည်။

ထို့အပြင် ကျူးကျော်များအတွက် စနစ်တကျ နေရာချထားပေးနိုင်ရန် နေအိမ် အဆောက်အဦဆောက်လုပ်မှုများကို ဩဂုတ်လခန့်တွင် စတင်နိုင်ရန် သတ်မှတ်မျှော်မှန်းထားကြောင်း၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံမြို့သစ်လေးမြို့နယ်တို့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ပြင်ဆင်မှုများကိုလည်း ပြုလုပ်နေပြီဖြစ်ကြောင်း၊ စာရင်းများကိုလည်း စတင်ပြုစုနေပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သတင်းမီဒီယာများ တွေ့ဆုံသည့် ယနေ့ အခမ်းအနားမှာ ပထမဆုံး အကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

အသိပေးပြောကြားမည်

ယခုလို တွေ့ဆုံမှုအခမ်းအနားကို တစ်လလျှင် နှစ်ကြိမ်ခန့်ပြုလုပ်သွားနိုင်ရန်နှင့် လစဉ် ဒုတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ပြုလုပ်သွားနိုင်ရန်စီစဉ်ထားကြောင်း၊ ထိုသို့ တွေ့ဆုံရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သတင်းမီဒီယာများအား အသိပေး ရှင်းလင်းပြောကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

အာဖရိကဝက်အပြင်းဖျားရောဂါက တိရစ္ဆာန်နဲ့ ပတ်သက်ရင်တော့ စိုးရိမ်ရတဲ့ရောဂါအဖြစ် သတ်မှတ်ထားပါတယ်

ညွှန်ကြားရေးမှူး ဒေါက်တာ မင်းသိမ်းမော်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) သည် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျရောက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ စတင်ဖြစ်ပွားခဲ့ပြီး မွန်ဂိုလီးယားသို့ ပျံ့နှံ့ခဲ့ကြောင်း၊ ထို့နောက် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရသည်။ ဆက်လက်၍ တရုတ်နိုင်ငံ ဟောင်ကောင်တွင်လည်း ထိုရောဂါပိုးတွေ့ရှိရသည်။ မြန်မာနိုင်ငံသည် အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ခံရနိုင်ခြေ အန္တရာယ်အလားအလာမြင့်မားသည့် နိုင်ငံများတွင် ပါဝင်သည်။ ထို့ကြောင့် အာဖရိကဝက်အပြင်းဖျားရောဂါနှင့် ပတ်သက်၍ သိရှိနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိမ်းမော်ကို ဆက်သွယ်မေးမြန်းခဲ့သည်။

ကာကွယ်ဆေးလည်း မရှိသေးဘူး။ ကုသဆေးလည်း မရှိသေးတဲ့အတွက် သေဆုံးနှုန်းမြင့်မားတဲ့ ပိုင်းရပ်စ်ရောဂါ တစ်မျိုး ဖြစ်ပါတယ်။ သူ့ကို ဘယ်လို ကာကွယ်မလဲဆိုတော့ ဇီဝလုံခြုံမှု မြှင့်တင်တဲ့လုပ်ငန်းတွေ ဆောင်ရွက်တယ်။ စားသောက်ဆိုင်တွေရဲ့ စားကြွင်းစားကျန်(ဒေသအခေါ်စုစာ) ကျွေးတဲ့စနစ်ကို ရှောင်ရှားရမှာ ဖြစ်ပါတယ်။ ခြံတွေမှာ ပိုးသတ်သန့်ရှင်းရေးလုပ်ဆောင်ပြီး ကောင်းမွန်တဲ့ မွေးမြူရေး ကျင့်စဉ်တွေအတိုင်း မွေးမြူသင့်

မေး။ ။ အာဖရိကဝက်အပြင်းဖျားရောဂါက ဘယ်လိုရောဂါမျိုး ဖြစ်ပါသလဲ။

ဖြေ။ ။ နာမည်မှာ ရေးထားတဲ့အတိုင်း အာဖရိကတိုက်က နိုင်ငံတွေမှာ စတင်ဖြစ်ပွားခဲ့တယ်။ ဝက်မှာ သီးသန့်ဖြစ်ပွားတဲ့ရောဂါဖြစ်ပါတယ်။ သူ့ရဲ့ နဂိုမူလကတော့ အာဖရိကတိုက်မှာ တောဝက်တွေနဲ့ သူ့ကိုသွေးစုပ်တဲ့ မွှားတွေကြားမှာသာ အပြန်အလှန်ကူးစက်တဲ့၊ ပိုင်းရပ်စ်ကြောင့်ဖြစ်ပွားတဲ့ ဝက်ရောဂါတစ်မျိုးဖြစ်ပါတယ်။ အခုတော့ အာရှတိုက်အထိပါ ပျံ့နှံ့ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဒီရောဂါဖြစ်ပွားရင် ဝက်မွေးမြူထုတ်လုပ်တဲ့လုပ်ငန်းမှာ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။

မေး။ ။ ရောဂါလက္ခဏာတွေက ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ သူ့ရဲ့လက္ခဏာတွေကတော့ ကူးစက်ခံရပြီဆိုရင် အဖျားကြီးမယ်၊ အန်မယ်၊ သွေးဝမ်းသွားမယ်၊ ဝမ်းချုပ်မယ်၊ ပြီးရင် ဝမ်းလျှောတာတွေ လိုက်လာတယ်။ မောတာတွေ၊ ချမ်းတုန်တာတွေရှိမယ်။ အဖျားကြီးတဲ့အတွက် ခန္ဓာကိုယ်မှာ အရောင်တွေ ပြောင်းလာမယ်။အဆစ်တွေမှာ အနာဖေးလို အနာစက်တွေဖြစ်ပြီး ဒီရောဂါကူးစက်တဲ့ဝက်က သေဆုံးတာကို တွေ့ရှိရတယ်။ ဒီရောဂါက ဝက်တွေမှာပဲ ကူးစက်တယ်။ ကူးစက်တဲ့နှုန်းက ဝက်အကောင် ၁၀၀ ရှိရင် အများဆုံး ၃၀ လောက်ကို ကူးစက်တယ်။ ပြီးတော့ ဒီရောဂါကူးစက်ခံရပြီဆိုရင် အဲဒီဝက်က သေဖို့များပါတယ်။

မေး။ ။ လူတွေမှာ ဖြစ်ပွားတတ်ပါသလား။

ဖြေ။ ။ အာဖရိကဝက်အပြင်းဖျားရောဂါက DNA ပိုင်းရပ်စ်အမျိုးအစားဖြစ်ပြီး ဝက်တွေမှာသာ ကူးစက်တဲ့ရောဂါမျိုး ဖြစ်ပါတယ်။ လူကို ကူးစက်တတ်တဲ့ရောဂါမျိုးမဟုတ်ပါဘူး။ အဓိကက သူသည် တောဝက်၊ အိမ်မွေးဝက်တွေမှာသာ ကူးစက်တတ်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ဒီရောဂါက ဝက်မွေးမြူထုတ်လုပ်မှုမှာ အင်မတန်အရေးကြီးတယ်။ ရောဂါဖြစ်ရင် ဝက်မွေးမြူထုတ်လုပ်မှုကို ဆိုးဆိုးရွားရွား ထိခိုက်သွားစေတာကြောင့် တိရစ္ဆာန်နဲ့ပတ်သက်ရင်တော့ စိုးရိမ်ရတဲ့ ရောဂါအဖြစ် သတ်မှတ်ထားတာ ဖြစ်ပါတယ်။

မေး။ ။ ဘယ်လို ကာကွယ်ရမယ်ဆိုတာလည်း သိချင်ပါတယ်။

ဖြေ။ ။ ကာကွယ်ဆေးလည်း မရှိသေးဘူး။ ကုသဆေးလည်း မရှိသေးတဲ့အတွက် သေဆုံးနှုန်းမြင့်မားတဲ့ ပိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပါတယ်။ သူ့ကို ဘယ်လို ကာကွယ်မလဲဆိုတော့ ဇီဝလုံခြုံမှုမြှင့်တင်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်တယ်။ စားသောက်ဆိုင်တွေရဲ့ စားကြွင်းစားကျန် (ဒေသအခေါ်စုစာ) ကျွေးတဲ့စနစ်ကို ရှောင်ရှားရမှာဖြစ်ပါတယ်။ ခြံတွေမှာ ပိုးသတ်သန့်ရှင်းရေးလုပ်ဆောင်ပြီး ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်တွေအတိုင်း မွေးမြူသင့်ပါတယ်။ ဝက်တွေကို တောထဲမှာ လွှတ်ကျောင်းတာတွေက ရောဂါအလွယ်တကူ ကူးစက်ခံရနိုင်ပါတယ်။ တောစပ်မှာ မွေးမြူတဲ့ ဝက်တွေဆိုရင် တောဝက်တွေနဲ့ တိုက်ရိုက်ထိတွေ့မှုမရှိအောင် ခြံတွေနဲ့ စနစ်တကျမွေးမြူရမှာ ဖြစ်ပါတယ်။ ခြံတွေကို ကွန်ကရစ်ခင်းတာ ကအစ အမိုးအကာကောင်းကောင်းနဲ့ စနစ်တကျမွေးမြူရင် ရောဂါကို အထိုက်အလျောက် ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ အခြားသတိပေး ပြောကြားလိုတာရှိရင် ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ဝက်တွေကို အာဟာရပြည့်အောင် ကျွေးမွေးရမယ်။ ဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်တွေကို လိုက်နာကြဖို့လိုပါတယ်။ ကာကွယ်ခြင်းက ကုသခြင်းထက် အရေးကြီးတာကြောင့် ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်စေချင်ပါတယ်။ အာဖရိကဝက်အပြင်းဖျားရောဂါ သံသယဖြစ်ဖွယ် နာမကျန်းဖြစ်တဲ့ ဝက်တွေ တွေ့ရှိခဲ့ရင် ဘာရောဂါလဲ ခွဲခြားသိမြင်နိုင်ဖို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆက်သွယ်အကြောင်းကြားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ဖို့ သတိပေး ပြောကြားချင်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။ ။



၂၀၁၉ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား (တတိယအကြိမ်) မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

၂၀၁၉ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ(တတိယအကြိမ်)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းတို့ အကြိတ်အနယ် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြပြီး ပွဲကစားချိန် ပြီးဆုံးသည်အထိ တစ်ဂိုးစီသရေဖြင့် အနိုင်၊ အရှုံးမပေါ်သဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ရယူရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းက ခုနစ်ဂိုး - ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီး ပြည်ထောင်စုဝန်ကြီး ဂုဏ်ပြုဆုဖလားကို ဆွတ်ခူးရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက နှစ်သိမ့်ဆုရရှိသည့် ဝန်ကြီးရုံးအသင်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အသင်းတို့ကိုလည်းကောင်း၊ တတိယဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အသင်းကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဒုတိယဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသင်းအား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ပြီး ပရိသတ်အား အပေးဆုံးဆုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအား ချီးမြှင့်သည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပထမဆုရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဘောလုံးအသင်းတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပထမဆုရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းအားဆုငွေကျပ်ငါးသိန်းနှင့် ဂုဏ်ပြုဆုဖလားကို ပေးအပ် ချီးမြှင့်သည်။

၂၀၁၉ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ (တတိယအကြိမ်)ကို ဇွန် ၁၅ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဝန်ကြီးရုံး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အသင်းသည် ၂၀၁၇ ခုနှစ်မှ စတင်ကျင်းပသော ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲမှစ၍ သုံးနှစ်ဆက်တိုက် ဆုဖလားရရှိခဲ့ခြင်း ဖြစ်သည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးချစ်သူပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

မွေး/ဆေးတက္ကသိုလ်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့ မိတ္ထီလာ၌ ကျေးရွာ ကိုးရွာမှ အိမ်မွေး ဝက်၊ ကျွဲ၊ နွားများကို အခမဲ့ဆေးကုသပြီး ကာကွယ်ဆေးထိုး

မိတ္ထီလာ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အတွင်းရှိ မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာအပါအဝင် ကျေးရွာ ကိုးရွာရှိ အိမ်မွေးဝက်၊ ကျွဲ၊ နွားတိရစ္ဆာန်များကို ယနေ့နံနက် ၇ နာရီက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များက အခမဲ့ဆေးကုသပေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်ခင်လေး (မွေးမြူရေးပညာဌာန)က “မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစောပိုပို ဦးဆောင်တဲ့ ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာဆရာမတွေနဲ့ ပဥ္စမနှစ်ကျောင်းသားကျောင်းသူတွေပါဝင်တဲ့ ကွင်းဆင်းလေ့လာရေးအဖွဲ့ကို အဖွဲ့ကိုးဖွဲ့ခွဲပြီး မိတ္ထီလာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာကိုးရွာမှ အိမ်မွေးဝက်၊ ကျွဲ၊ နွားတိရစ္ဆာန်တွေကို အခမဲ့ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ဝက်၊ ကျွဲ၊ နွားများ အစာအာဟာရကျွေးမွေးခြင်းဆိုင်ရာ အသိပညာပေးခြင်းတွေကို ဆောင်ရွက်ပါတယ်။ ပြီးတော့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့ ဒေသခံတွေကို မွေးမြူရေးဆိုင်ရာအသိပညာပေးခြင်းတွေ ပြုလုပ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ်အတွင်းရှိ ဆည်ကုန်း၊ မုန်တိုင်၊ သရက်ပင်၊ မွေ၊ ရေဝေ ရှမ်းမငယ်၊ မင်းရွာ၊ ညောင်ကိုင်း၊ ညောင်မြင့်ကျေးရွာကိုးရွာရှိ ဒေသခံများ၏ အိမ်မွေးဝက်၊ ကျွဲနှင့် နွားများကို အခမဲ့ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အချက်အလက်များ စစ်တမ်းကောက်ယူခြင်းနှင့် ကျေးရွာဒေသခံများအား မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝိုင်းဝန်းကူညီမှု၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၏ ပူးပေါင်းကူညီမှုများဖြင့် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မြေသြဇာဆိုင်ရာနည်းပညာကော်မတီ၏ (၂၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၉

မြေသြဇာဆိုင်ရာနည်းပညာ ကော်မတီ၏ (၂၉) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၇ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နည်းပညာကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် မြေသြဇာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် နည်းပညာပိုင်းအရ အတည်ပြုချက် ရယူရန် လိုအပ်သည့်မြေသြဇာများနှင့် ပတ်သက်၍လည်းကောင်း၊ မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ဥပဒေနှင့်အညီ မှတ်ပုံတင်ထုတ်ပေးနိုင်ရေးကို နည်းပညာပိုင်းအရ သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ မှတ်ပုံတင်ခွင့်လျှောက်ထားလာသည့် မြေသြဇာများနှင့်ပတ်သက်၍လည်းကောင်း တက်ရောက်လာကြသည့် မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခင်က စံချိန်စံညွှန်းတူသည့် မြေသြဇာတစ်မျိုးကို အသားတင်အလေးချိန် တစ်ခုချင်းအလိုက် မှတ်ပုံတင်လျှောက်ထားရပြီး ယခုအခါစံချိန်စံညွှန်းတူ မြေသြဇာတစ်မျိုးကို မှတ်ပုံတင်တစ်ခုတည်း၌ အသားတင်အလေးချိန်ငါးခုအထိ လျှောက်ထားခွင့်ပြုခဲ့ကြောင်း၊ ရေကြောင်းမှ တင်သွင်းလာသည့် Straight Fertilizer များအပေါ်ကနဦး ဓာတ်ခွဲစမ်းသပ်ခြင်းမပြုဘဲ အချက်အလက်ပြည့်စုံစွာ ရေးသွင်းချက်ပုံစံစာရွက်စာတမ်းဖြင့် တင်သွင်းခွင့်ပြုကာ ဆိပ်ကမ်းရောက်ရှိမှသာ ဓာတ်ခွဲစစ်ဆေးပြီး အရည်အသွေးပြည့်မီပါက တင်သွင်းဖြန့်ဖြူး ရောင်းချခွင့်ပြုပေးလျက်ရှိကြောင်း နည်းပညာကော်မတီအတွင်းရေးမှူးထံမှ သိရသည်။

စိုက်ပျိုးရေး လုပ်ငန်းအတွက် အဓိကသွင်းအားစု တစ်ခုဖြစ်သည့် မြေသြဇာလုပ်ငန်းများနှင့် ပတ်သက်၍ အရည်အသွေးပိုင်း ပြည့်ဝမှန်ကန်ရေး ကြပ်မတ်ထိန်းသိမ်းလျက်ရှိသော်လည်း လုပ်ငန်းများခက်ခဲကြန့်ကြာမှုမရှိစေရေးအတွက် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး အစည်းအဝေးတွင် မြေသြဇာမှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာ ၂၃၃ စောင်ကိုစိစစ်ဆောင်ရွက်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သိမ့်သိမ့်မိုး

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များသွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄:၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက် ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လောက်ကိုင်ခရိုင်၌ ငမြှောင်တောင်ပိုး စုပေါင်းနှိမ်နင်း

လောက်ကိုင် ဇွန် ၂၉

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ငမြှောင်တောင်ပိုး စုပေါင်းကာကွယ်နှိမ်နင်းရေးကွင်းသရုပ်ပြပွဲကို ဇွန်လတတိယပတ်က ထင်ပါကျိုင်းအုပ်စု နားလီကျေးရွာ(နားလီစိုက်ပျိုးရေးခြံရှေ့)ရှိ တောင်သူဒေါ်လီကျင်းချန်၏အစေ့ထုတ်ပြောင်းစိုက်ခင်း၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးဝေက ငမြှောင်တောင်ပိုးကျရောက်လာမည့် အန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းဆောင်ရွက်ရန်နည်းလမ်းများနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းဆောင်ရွက်လာစေရေးတို့ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ငမြှောင်တောင် ပိုးဥမြုံများ၊ ပိုးလောက်ကောင်များ စုပေါင်းကောက်ယူ၍ဖျက်ဆီးခြင်း၊ ဆေးဖျန်းခြင်းများဆောင်ရွက်ကာ တာဝန်ရှိသူများက ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းရေးအတွက် လက်ကမ်းစာစောင်များ၊ ပိုးသတ်ဆေးနမူနာအထုပ်ငယ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သိခ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၉- နေပြည်တော် နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

အင်းစိန်ဆေးရုံကြီး၏ သမိုင်းမှတ်တိုင်သစ်

သတင်းဆောင်းပါး- ခိုင်သဇင်အောင်

လုံးဝပြတ်တောက်သွားသည့်လက်ကို အောင်မြင်စွာ ပြန်လည်ဆက်စပ်ပေးနိုင်သည်များ ဆေးပညာလောကတွင် ရှိပါသည်။ ထိုကဲ့သို့ အောင်မြင်ခဲ့သော ဆေးရုံများစာရင်းတွင် ရန်ကုန်ဆေးတက္ကသိုလ်(၂) လက်အောက်ရှိ သင်ကြားရေးဆေးရုံတစ်ရုံဖြစ်သော အင်းစိန်ဆေးရုံကြီးလည်း ယခုဇွန်လအတွင်းပါဝင်လာပြီဖြစ်သည်။ ဝဲဘက်လက်ကောက်ဝတ်ပြတ်တောက်သည့် လူနာတစ်ဦးအား ပထမဦးဆုံးအကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသဆက်စပ်ပေးနိုင်သည့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို ယခုနှစ် ဇွန် ၁၆ ရက်က စိုက်ထူနိုင်ခဲ့ကြောင်း အဆိုပါ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဆေးရုံကြီး အရိုးအကြောခွဲစိတ်ကုသ(လက်ပိုင်းဆိုင်ရာ)ဌာနမှ သိရသည်။

ကထိက ဒေါက်တာ ကျော်သူထွန်း
(လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီး)

ခွဲစိတ်ကုသမှုခံယူသူ လူနာမှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဇွန် ၁၆ရက် ညနေ ၃ နာရီ ဝန်းကျင်ခန့်တွင် ခိုက်ရန်ဖြစ်ပွားရာမှ ဓားဖြင့် ခုတ်ခံရသောကြောင့် ဝဲဘက်လက် လက်ကောက်ဝတ်အထက်နေရာမှ လုံးဝပြတ်တောက်သွားခဲ့သူ အသက် ၃၁ အနှစ်အရွယ်အမျိုးသား ဘုရားဖူးကား ယာဉ်မောင်းသူ ဦးနိုင်လင်း ဖြစ်သည်။

ဓားဖြင့်ခုတ်ခံရ

“ အဲဒီနေ့က ကျွန်တော်တို့အိမ်က ဆိုင်ကယ်ကို ခတ်ဆီဆိုင်မှာ ခတ်ဆီသွားထည့်တယ်။ ခတ်ဆီဆိုင်က အထွက်မှာ တခြားဆိုင်ကယ်တစ်စီးနဲ့ ဆိုင်ကယ်ချင်း လမ်းကြောင်း လုသလိုဖြစ်ပြီး အဲဒီဆိုင်ကယ်ပေါ်က လူတစ်ယောက်နဲ့ အော်ဟစ်ရန်ဖြစ်ခဲ့ကြပါတယ်။ အဲဒီကနေ အဲဒီလူကဆိုင်ကယ်နဲ့ နောက်ကလိုက်လာပြီး ဓားနဲ့ခုတ်လိုက်တာပါ။ ကျွန်တော့်ကို အခုလို ခုတ်သွားတဲ့သူကို အရင်က တစ်ခါမှလည်း မမြင်ဖူးဘူး။ ရန်ငြိုးလည်းမရှိပါဘူး” ဟု ဦးနိုင်လင်းက ပြောသည်။

“သူခုတ်တဲ့အချိန်မှာ ကျွန်တော်ဖျတ်ခနဲ မြင်လိုက်ရတာက ပိုက်လုံးရှည်လိုပဲဆိုတော့ ကျွန်တော့်ကို ပိုက်နဲ့ ရိုက်လိုက်ပြီပဲထင်ပြီး လက်နှစ်ဖက်နဲ့ ကာလိုက်မိတာပါ။ လက်ကို ထိလိုက်ချိန် မှာ ဘယ်ဘက်လက်က တိခနဲ ပြတ်ကျသွားတော့မှ ဓားနဲ့ခုတ်လိုက်ပြီဆိုတာ သိလိုက်ရပါတယ်။ သူကတစ်ချက်တည်းခုတ်လိုက်ပေမယ့် ဘယ်ဘက်လက်ပြတ်သွားတဲ့အပြင် ညာဘက်လက်ကိုပါ ထိသွားတာကို ပြီးမှ သိလိုက်ရပါတယ်” ဟု ၎င်းက ပြောသည်။

ဓားဖြင့်ခုတ်သူက ထိုသို့ ခုတ်ပြီးသည်နှင့် ထွက်ပြေးသွားသည်ဟု သိရပြီး ပတ်ဝန်းကျင်ရှိလူများက ဝိုင်းဝန်းအော်ဟစ်ချိန်တွင် ပြတ်သွားသော ဝဲဘက်လက်ကို ညာလက်ဖြင့် ကောက်ကာ ဆိုင်ကယ်ရှေ့ခြင်းသို့ ထည့်ခဲ့ကြောင်း၊ သွေးများ ပန်းထွက်နေသော ဝဲဘက်လက်ဖျံကိုအနီးရှိ ရေဗွက်အိုင်အတွင်းသို့ သွေးတိတ်စေရန် ထိုးထည့်မိခဲ့ကြောင်းလည်း သိရသည်။ ထို့နောက် တိုက်ကြီးဆေးရုံသို့ သွားရောက်ခဲ့ရာ အဆိုပါ ဆေးရုံက သွေးတိတ်စေရန် လိုအပ်သည့် ရှေးဦးပြုစုမှုများဆောင်ရွက်ခြင်း၊ ပြတ်ထွက်သွားသည့် လက်ဝဲလက်ပြတ်ကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေခဲပုံးဖြင့် ထည့်သိမ်းခြင်းများ ပြုလုပ်ကာ လူနာကို အင်းစိန်ဆေးရုံသို့ အရေးပေါ်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ည ၇ နာရီ မိနစ် ၅၀ အင်းစိန်ဆေးရုံရောက်ချိန်တွင် ပထမဦးဆုံးအနေဖြင့် ပြတ်ကျန်ခဲ့သည့် ဝဲဘက်လက်ဖျံအား ရေဗွက်အိုင်ထဲ ဆေးခဲ့မိသောကြောင့် ဆေးရုံက အသေးစိတ်သန့်ရှင်းရေး ထပ်မံပြုလုပ်ခြင်း၊ သွေးထွက်များလာမှုကြောင့် သတိမေ့ခါနီး အခြေအနေအတွက် လိုအပ်သည်များကုသခြင်းတို့ ပြုလုပ်ကာ အရိုးအကြောခွဲစိတ်ဌာန (လက်ပိုင်းဆိုင်ရာ) သို့ ချက်ချင်းလွှဲပြောင်းပေးခဲ့သည်။

“ကျွန်တော်တို့ဆေးရုံက အရိုးခွဲစိတ်အထူးကု ကျောင်းသားဆရာဝန်ဆီက အခုလို လက်ပြတ်တဲ့ လူနာအရေးပေါ် ရောက်ရှိလာတဲ့အကြောင်း ကျွန်တော့်ကို ဖုန်းဆက်လာတဲ့ အခါမှာ ခန္ဓာကိုယ်မှာ ကျန်ခဲ့တဲ့လက်အရင်းပိုင်း (Amputee Stump) ကို သွေးမထွက်အောင်ထိန်းဖို့ ဆေးထည့်ပတ်တီးစည်းဖို့ ညွှန်ကြားလိုက်ပါတယ်။ နောက်ပြီး ခန္ဓာကိုယ်မှာကျန်ခဲ့တဲ့ လက်အရင်းပိုင်း (Amputee Stump) နဲ့ ပြတ်ထွက်သွားတဲ့ လက်အဖျား (Amputated Part) ကို တွဲပြီး ဓာတ်မှန်ရိုက်ခိုင်းပါတယ်။ ခွဲခန်းဝင်ဖို့ လိုအပ်တဲ့ စစ်ဆေးမှုနဲ့ သွေးပေါင်ချိန်ထိန်းညှိခြင်းတွေ လုပ်ဆောင်ထားဖို့ ညွှန်ကြားလိုက်ပါတယ်” ဟု လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကထိက ဒေါက်တာ ကျော်သူထွန်းက ပြောသည်။

“အဲဒီအချိန်မှာ ခွဲစိတ်မယ့်အဖွဲ့မှာ ပါဝင်ကြရမယ့် မေ့ဆေးဆရာဝန်ကြီး၊ ကျွန်တော့်ရဲ့ လက်ထောက်ဆရာဝန်တွေ၊ ခွဲခန်းသူနာပြုတွေကို ခွဲစိတ်ခန်းအတွက် လိုအပ်တာတွေ ပြင်ဆင်ထားနိုင်အောင် ဆက်လက်ညွှန်ကြားပါတယ်။ ခွဲစိတ်ခန်းထဲမှာ အသုံးပြုရမယ့် ခွဲစိတ်ပစ္စည်းတွေကို ပြင်ဆင်နေခဲ့ပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ပထမဦးဆုံးရှာဖွေ

ခွဲစိတ်ခန်းအရောက်တွင် မေ့ဆေးဆရာဝန်က တာရှည်ခွဲစိတ်မှုခံနိုင်စေရန် လက်မောင်းရင်းထုံဆေး အသုံးပြုစေပြီး ၎င်းအချိန်တွင် လက်အရင်းပိုင်းနှင့် ပြတ်ထွက်သွားသည့် လက်အဖျားနှစ်ခုစလုံးဆီမှ သွေးလွှတ်ကြော၊ သွေးပြန်ကြောနှင့် အာရုံကြောများကို ပထမဦးဆုံးအနေဖြင့် ရှာဖွေထားရသည်ဟု သိရသည်။

“ခန္ဓာကိုယ်မှာ ကျန်ခဲ့တဲ့ လက်ရင်းပိုင်းကို သန့်ရှင်းရေး သေချာထပ်လုပ်ယူရပါတယ်။ လူနာက လက်ပြတ်ခါစမှာ စိတ်လှုပ်ရှားပြီး ရွှံ့ထဲကို လက်ကို ထိုးနှစ်ခဲ့မိတဲ့အတွက် သေချာဂရုစိုက်ပြီး သန့်ရှင်းရေးလုပ်ဆောင်ရတာ ဖြစ်ပါတယ်” ဟု ဒေါက်တာ ကျော်သူထွန်းက ဆိုသည်။

ခွဲစိတ်ခန်းတွင် ခွဲစိတ်ချိန်စုစုပေါင်း ငါးနာရီနီးပါး ကြာမြင့်ခဲ့သည်။ မူလလက်၏ အရိုးများကို တစ်လက်မနီးပါးဖြတ်တောက်လိုက်ရပြီး ဓားခုတ်ဒဏ်ရာကြောင့် ပျက်စီးသွားသည့် သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ အာရုံကြောများကိုလည်း သွေးကြောပိတ်ဆို့မှု မရှိစေရန်အတွက် လိုအပ်သမျှ လှီးထုတ်ပစ်လိုက်ရကြောင်း သိရသည်။

“ပြတ်သွားတဲ့ အရိုးတွေကို စတီးပြားနဲ့ ပြန်ဆက်လိုက်ပါတယ်။ လက်အဖျားပိုင်းကို သွေးရောက်စေဖို့အတွက် သွေးလွှတ်ကြောကို အရင်ဆုံးဆက်ရပါတယ်။ ဆက်တဲ့အခါမှာ လေးဆခွဲအထိ ချဲ့မြင်နိုင်တဲ့ အဏုကြည့်မှန်ဘီလူးနဲ့ ကြည့်ပြီး ဆက်ရတာ ဖြစ်ပါတယ်။ ဆက်တဲ့နေရာမှာ အသုံးပြုရတဲ့ ကြိုးတွေက ဆံချည်မျှင်ထက် သေးတဲ့ကြိုးတွေ ဖြစ်ပါတယ်။

“ဒီလိုခွဲစိတ်မှုမျိုးမှာ အရေးကြီးတာက သွေးပြန်ကြောတွေ ရသလောက်ထိ ပြန်ဆက်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီ Case မှာတော့ ကျွန်တော် သူ့ကိုသွေးပြန်ကြော သုံးချောင်းဆက်ပေးနိုင်ခဲ့ပါတယ်။ ပြီးရင်လက်မှာအကွေးအဆန့်လုပ်တဲ့အကြော Tendons တွေကို ပြန်ဆက်တဲ့အခါမှာလည်း မိနစ် ၃၀ လောက် အချိန်ယူခဲ့ရပါတယ်။ ပြီးတော့ ပြတ်တောက်သွားတဲ့ အာရုံကြောတွေကိုလည်း ပြန်ဆက်ပေးခဲ့ရပါတယ်။ အာရုံကြောတွေပါ ပြန်ဆက်ပြီးတဲ့အခါမှာ အရေပြားကို ပြန်ပိတ်ခဲ့ပါတယ်။ လက်ကို ငြိမ်သက်စွာ ထိန်းထားနိုင်ဖို့အတွက် ကျောက်ပတ်တီးစည်းပေးပြီးတဲ့အချိန်မှာတော့ ကျွန်တော်တို့ ခွဲစိတ်မှုပြီးဆုံးခဲ့ပါတယ်” ဟု ခွဲစိတ်မှုကို ဦးဆောင်ခဲ့သူ လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ကထိက ဒေါက်တာ ကျော်သူထွန်းက ကျေနပ်စွာ ပြောသည်။

အားလုံးဝိုင်းဝန်းထိန်းသိမ်း

“ Post of Care (ခွဲစိတ်ပြီးချိန် စောင့်ကြည့်မှု)ကိုလည်း သေသေချာချာ လုပ်ခဲ့ပါတယ်။ အစားအသောက်တွေထဲမှာ ကဖိန်းဓာတ်လိုမျိုးတွေက သွေးကြောပိတ်ဆို့မှုတွေကို ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် လူနာကို ကဖိန်းဓာတ်ပါတဲ့ အစားအစာတွေ ရှောင်ကြဉ်စေခဲ့ပါတယ်။ ညှော်သည်လာတာကအစ ကန့်သတ်ပြီး ခုတင်ပေါ်မှာ Complete Bed rest ပေးထားခဲ့ပါတယ်။ စိတ်လှုပ်ရှားစေမယ့် အပြုအမူအပြောအဆိုတွေ လူနာဆီမရောက်စေဖို့ ကျွန်တော်တို့ အားလုံးဝိုင်းဝန်းထိန်းသိမ်းနိုင်ခဲ့ပါတယ်” ဟု ကထိက ဒေါက်တာ ကျော်သူထွန်းက ပြောသည်။

ဦးနိုင်လင်း(လူနာ)

ဤကဲ့သို့ ခွဲစိတ်မှုပြီးဆုံးပြီး နောက်ပိုင်းတွင် ပြန်လည်ဆက်စပ်ထားသည့်လက်အအတွင်း သွေးကြောများတွင် အောက်ဆီဂျင်ပါဝင်မှု SPO_2 ကောင်းမွန်စွာရရှိရန် လိုအပ်ပြီး သွေးလည်ပတ်မှုလည်း ကောင်းမွန်နေရန် လိုအပ်သည်။ ယခုလူနာ ဦးနိုင်လင်း၏လက်သည်လည်း ခွဲစိတ်ဆက်စပ်ပြီးချိန်မှစ၍ သာမန်လူများအတိုင်း သွေးကြောအတွင်းအောက်ဆီဂျင်ပါဝင်မှု ၉၉ ရာခိုင်နှုန်းအထိ ရောက်ရှိနေခဲ့ကြောင်း သိရသည်။ ယနေ့ဆိုလျှင် ခွဲစိတ်မှုပြုပြီး တစ်ဆယ့်နှစ်ရက်မြောက်နေ့ ရောက်ပြီဖြစ်သည်။ လူနာ၏ ဆက်ထားသော လက်အဖျားမှာ သွေးလည်ပတ်မှု ကောင်းမွန်စွာ ရှိနေကြောင်းလည်း သိရသည်။

“ဒီခွဲစိတ်မှုအောင်မြင်ခဲ့တဲ့အကြောင်းရင်းတွေက တိုက်ကြီးဆေးရုံကြီးက လူနာကိုအချိန်မီ အင်းစိန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးနိုင်ခဲ့တာရယ်၊ ပြတ်ထွက်သွားသည့် လက်အဖျားပိုင်းကို မပုပ်အောင်၊ မပျက်စီးအောင် ထိန်းသိမ်းနိုင်ဖို့ စီမံပေးနိုင်ခဲ့တာရယ်၊ အင်းစိန်ဆေးရုံကြီးကလည်း ချက်ချင်းအကြောင်းကြား၊ လိုအပ်တာတွေ စီမံပေးတာရယ်၊ အရေးပေါ်ခွဲစိတ်နေတဲ့ အချိန်တွေမှာ မေ့ဆေးဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်တွေ၊ အကူသူနာပြုတွေ အားလုံးစည်းစည်းလုံးလုံးတက်တက်ကြွကြွနဲ့ မိမိတာဝန်မိမိ ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြတာရယ် အဲဒါတွေ အားလုံးကြောင့်ပဲ ဖြစ်ပါတယ်။

“လူနာကို အချိန်မီ အင်းစိန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးနိုင်ခဲ့တာရယ်၊ ပြတ်ထွက်သွားသည့် လက်အဖျားပိုင်းကို မပုပ်အောင်၊ မပျက်စီးအောင်ထိန်းသိမ်းနိုင်ဖို့ စီမံပေးနိုင်ခဲ့တာရယ်၊ အင်းစိန်ဆေးရုံကြီးကလည်း ချက်ချင်းအကြောင်းကြား၊ လိုအပ်တာတွေ စီမံပေးတာရယ်၊ အရေးပေါ်ခွဲစိတ်နေတဲ့ အချိန်တွေမှာ မေ့ဆေးဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်တွေ၊ အကူသူနာပြုတွေ အားလုံးစည်းစည်းလုံးလုံး တက်တက် ကြွကြွနဲ့ မိမိတာဝန်မိမိ ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြတာရယ် အဲဒါတွေ အားလုံးကြောင့်ပဲ ဖြစ်ပါတယ်”

ကောင်းမွန်စွာကျော်ဖြတ်နိုင်

“ တိုက်ကြီးဆေးရုံက လူနာရဲ့လက်ပြတ်အဖျားပိုင်းကို စနစ်တကျအအေးခံထားခဲ့တဲ့အတွက် ဆယ့်နှစ်နာရီအတွင်း အောင်မြင်စွာ ဆက်နိုင်ခဲ့ပါတယ်။ အကယ်၍များ ဆယ့်နှစ်နာရီကျော်မှ ဆက်နိုင်ခဲ့မယ်ဆိုရင် ဒီလိုခွဲစိတ်မှုက အောင်မြင်နိုင်ခြေနည်းသွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သွေးဆိပ်တက်ရောဂါ (Reperfusion syndrome) ဖြစ်ပြီး ကျောက်ကပ်နဲ့နှလုံးကို ထိခိုက်ပျက်စီးပြီးတော့ အသက်အန္တရာယ်ဖြစ်စေနိုင်တာကို ထည့်တွက်ရမှာမို့လို့ပါ။ ဒါတွေကို ကျွန်တော်တို့အခုအချိန်မှာ ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်”ဟု ဒေါက်တာ ကျော်သူထွန်းက ပြောသည်။

ယခုကဲ့သို့ ဖြစ်စဉ်မျိုးနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာကြောင့် လက်ကိုထိခိုက်ပြတ်တောက်မှု ဖြစ်ပွားခဲ့ပါက ဆေးရုံဆေးခန်းနီးလျှင် ပြတ်ထွက်သွားသောလက်အဖျားပိုင်းကို Normal saline နှင့် သန့်စင်ကာ ပိုးသတ်ထားသော အဝတ်(သို့မဟုတ်)ပတ်တီးနှင့် ပတ်ကာအအေးခန်းအတွင်းထိန်းသိမ်းထားရန်လိုကြောင်း၊ အကယ်၍ ဆေးရုံဆေးခန်းနှင့် မနီးပါက ပြတ်ထွက်သွားသောလက် အဖျားပိုင်းကို သန့်ရှင်းစင်ကြယ်အောင် သေချာစွာပြုလုပ်ပြီး ရေလုံသည့် ပလတ်စတစ်အိတ်ထဲသို့ ဦးစွာထည့်ရမည်ဖြစ်ကြောင်း၊ ပြီးမှသာ ရေခဲဘူးအတွင်း ထည့်သိုသင့်ကြောင်း သိရသည်။ ရေခဲနှင့် တိုက်ရိုက်ထိတွေ့နေပါက အချိန်တိုအတွင်း ပျက်စီးသွားနိုင်သောကြောင့် ရေခဲအတွင်းသို့ တိုက်ရိုက်ထိတွေ့ထားရှိခြင်းမျိုးမပြုမိစေရန် သတိထားရမည် ဖြစ်သည်။

ထိုကဲ့သို့ ရေခဲဘူးနှင့် စနစ်တကျသိမ်းဆည်းနိုင်ပါက ပြတ်ထွက်လက်အဖျားပိုင်းသည် အချိန်တစ်ဆယ့်နှစ်နာရီအထိ ပြန်လည်ဆက်ပေး၍ရနိုင်ပြီး အကယ်၍ စနစ်တကျသိမ်းဆည်းခြင်း မပြုနိုင်ခဲ့ပါက ခြောက်နာရီကျော်လျှင် ပျက်စီးသွားနိုင်ကြောင်း သိရသည်။

“ကျွန်မရဲ့သားလေး လက်တစ်ချောင်းလုံး ပြတ်သွားလို့ ပြန်ဆက်ရတာ ဆိုပေမယ့် ကြီးကြီးမားမားကုန်ကျတာမျိုး အခုထိ မရှိသေးပါဘူး။ ခွဲစိတ်ခန်းမှာ ကုန်ကျသမျှ စရိတ်တွေကို လက်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးကပဲ ကျခံပေးသွားတာပါ။ ကျွန်မ မွေးခဲ့တဲ့အသက်ရှိပေမယ့် အခုသားလေးရဲ့ လက်ကတော့ ကျွန်မ မွေးပေးထားတဲ့လက် မဟုတ်တော့ဘဲ လက်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးပေးတဲ့ လက်ပဲ ဖြစ်သွားပါပြီ။ ကျွန်မတို့ တိုက်ကြီးမြို့က လူတွေက သားလေးသတင်းကြားတော့ လက်ကြီးတစ်ချောင်းလုံး လက်ကောက်ဝတ်နားက ပြတ်ထွက်သွားတာ ပြန်ဆက်တယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လားလို့ မယုံနိုင်သလို မေးနေကြပါတယ်။ အင်းစိန်ဆေးရုံက ဆရာဝန်ကြီးတွေ၊ သူနာပြုဆရာမ တွေ၊ ဝန်ထမ်းတွေအားလုံးကို အလွန်ကျေးဇူးတင်မိပါတယ်” ဟု တိုက်ကြီးမြို့နေ လူနာ၏ မိခင် အသက် ၆၁ နှစ်အရွယ်ရှိ ဒေါ်ဆန်းဝင်းက ဝမ်းနည်းဝမ်းသာ ပြောသည်။

ယခုကဲ့သို့ ပြတ်တောက်သွားသော လက်ကို ပြန်လည်ဆက်စပ်သည့် ခွဲစိတ်မှုများကို တိုးတက်သော နိုင်ငံများတွင် လုပ်ဆောင်သည့်ပုံစံမှာ လက်အဖျားပိုင်းအား ဆရာဝန်တစ်ဖွဲ့၊ လက်အရင်းပိုင်းအား ဆရာဝန်တစ်ဖွဲ့ တစ်ပြိုင်နက် သီးခြားစီကိုင်တွယ်ပြင်ဆင်ကာ အချိန်ကိုက်ပူးပေါင်းဆက်စပ်ကြသော ပုံစံဖြစ်သည်။ အင်းစိန်ဆေးရုံကြီး၏ အောင်မြင်ခဲ့သော ယခုဖြစ်စဉ်တွင်မူ ထိုကဲ့သို့ သီးခြားအဖွဲ့ခွဲ၍ လုပ်ဆောင်ခဲ့ခြင်း မဟုတ်ဘဲ လက်ပိုင်းဆိုင်ရာ အထူးကု ဆရာဝန်ကြီး ကထိက ဒေါက်တာ ကျော်သူထွန်း ဦးဆောင်သော အဖွဲ့တစ်ခုတည်းဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ဆယ့်နှစ်ရက်မြောက်နေ့တွင် လက်ချောင်းကလေးများ အနည်းငယ် လှုပ်ရှားနိုင်နေပြီဖြစ်သော လူနာ ဦးနိုင်လင်း၏ ပြတ်ထွက်သွားခဲ့သည့် ဝဲဘက်လက်ကို ယခင်အတိုင်း ပြန်လည်ကောင်းမွန် အသုံးပြုနိုင်ရန်အတွက် အရိုးအကြောပြန်လည်သန်စွမ်းရေး ဌာနတစ်ခုခုတွင် လေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်သည်။ ထို့ပြင် ဓားခုတ်ခံရစဉ်က တစ်ပါတည်း ထိခိုက်သွားခဲ့သော ညာဘက်လက်မှ လက်သန်း၏ အာရုံကြောနှင့် အရွတ်ပြတ်တောက်မှုကိုလည်း ဇွန် ၂၆ တွင် အင်းစိန်ဆေးရုံကြီး၌ပင် အောင်မြင်စွာ ခွဲစိတ်ကုသပြီးကြောင်းလည်း သိရသည်။

အင်းစိန်ဆေးရုံနှင့် နီးစပ်ရာမြို့နယ်များတွင် စက်မှုဇုန်များ အများအပြားရှိပြီး လက်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပွားတတ်သဖြင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်အရိုးအကြောခွဲစိတ်ကုသဌာန ပါမောက္ခဌာနမှူး ဦးအောင်မျိုးဝင်း၏ အစီအစဉ်ဖြင့် အရိုးအကြောခွဲစိတ် ကုသ(လက်ပိုင်းဆိုင်ရာ)ဌာနကို ၂၀၁၅ ခုနှစ် တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အင်းစိန်ဆေးရုံသည် ယခင်က ခုတင် ၂၀၀ ဆံ့ ဆေးရုံသာဖြစ်ခဲ့ပြီး အဆိုပါ ဆေးရုံကို ၂၀၁၅ ခုနှစ် မတ်လမှ စ၍ သင်ကြားရေးဆေးရုံအဖြစ် ပြောင်းလဲသတ်မှတ်ပြီးသည့်နောက် ခုတင် ၅၀၀ ဆံ့ဆေးရုံ ဖြစ်လာသည်။ ။

နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံပေါင်း ၁၄၂ ရုံ၊ ရုပ်ရှင်ပိတ်ကား ၁၆၃ ကားအထိ တိုးတက်လာ

ရန်ကုန် ဇွန် ၂၉

မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး (တောင်ဒဂုံ)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းနှင့် မြိတ်လမ်းထောင့်၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက စည်သူ ဗိုလ်ကလေးတင့်အောင် ဝမ်းမြောက်စကားပြောကြားစဉ်။

ယခုဖွင့်လှစ်လိုက်သည့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီး (တောင်ဒဂုံ)သည် မင်္ဂလာရုပ်ရှင်အုပ်စု၏ ၂၈ ရုံမြောက် ရုပ်ရှင်ရုံကြီးဖြစ်ပြီး ရုပ်ရှင်ရုံနှစ်ရုံ၌ လူပေါင်း ၄၆၀ ခန့် တစ်ချိန်တည်း ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဇာတ်ကားမျိုးစုံ တင်ဆက်သွားမည်

မြန်မာ့ရုပ်ရှင်ဇာတ်ကားများအပြင် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများ၊ တရုတ်၊ အိန္ဒိယအစရှိသည့် အာရှနိုင်ငံများမှ ရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ရုပ်ရှင်ရုံသစ်ကြီးတွင် ဇွန် ၂၇ ရက်မှစပြီး "စိန်ဂေါ်လီမယောက်ျား" ရုပ်ရှင်ဇာတ်ကားနှင့် "သတိ အန္တရာယ်ရှိသည်" ရုပ်ရှင်ဇာတ်ကားများကို စတင်ပြသပေးလျက်ရှိသည်။

အဆိုပါ ရုပ်ရှင်ရုံသစ်ကြီးကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယက စည်သူဗိုလ်ကလေးတင့်အောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်နှင့် မင်္ဂလာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက စည်သူ ဗိုလ်ကလေးတင့်အောင်၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် မင်္ဂလာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်းတို့က ဝမ်းမြောက်စကားများ ပြောကြားကြသည်။

တစ်ပတ်စာ ကြိုတင်လက်မှတ်မှာယူနိုင်

မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီး (တောင်ဒဂုံ)တွင် တစ်နေ့လျှင် ပွဲချိန် နံနက် ၁၀ နာရီ၊ နေ့လယ် ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ည ၆ နာရီခွဲနှင့် ည ၉ နာရီခွဲပွဲစဉ် တစ်နေ့ငါးပွဲနှုန်းဖြင့် လက်မှတ်ဈေးနှုန်းများမှာ ၁၅၀၀ ကျပ်၊ ၂၅၀၀ ကျပ်၊ ၃၀၀၀ ကျပ်၊ ၄၅၀၀ ကျပ်၊ ၅၀၀၀ ကျပ်တို့ဖြင့် ဝယ်ယူကြည့်ရှုနိုင်ပြီး တစ်ပတ်စာ ကြိုတင်လက်မှတ်များကိုလည်း ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

အများပြည်သူအား ပြသဖျော်ဖြေ

မင်္ဂလာရုပ်ရှင်အုပ်စုသည် ယခုလက်ရှိ နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် နေရာ ၂၈ ခု၌ ရုပ်ရှင်ရုံပေါင်း ၅၁ ရုံဖြင့် အများပြည်သူအား ပြသဖျော်ဖြေပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့ ၁၅ နေရာ၌ ရုပ်ရှင်ရုံ ၃၁ ရုံ၊ မန္တလေးမြို့ ငါးနေရာ၌ ရုပ်ရှင်ရုံရှစ်ရုံ၊ ပဲခူးနှင့် မုံရွာမြို့ နေရာနှစ်ခုစီ၌ ရုပ်ရှင်ရုံသုံးရုံစီ၊ ပြည်မြို့၌ ရုပ်ရှင်ရုံသုံးရုံ၊ မော်လမြိုင်၊ မကွေး၊ တောင်ငူမြို့နေရာတစ်ခုစီ၌ ရုပ်ရှင်ရုံတစ်ရုံစီဖြင့် ပြသဖျော်ဖြေပေးလျက်ရှိကြောင်း၊ ယနေ့ရုပ်ရှင်ရုံနှစ်ရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံပေါင်း ၁၄၂ ရုံ၊ ရုပ်ရှင်ပိတ်ကား အရေအတွက်အားဖြင့် ၁၆၃ ကားအထိ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

သတင်း- ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွန်း

မင်းတပ်၌ ဈေးရောင်းပွဲတော် ငါးရက်ကြာ ကျင်းပမည်

မင်းတပ် ဇွန် ၂၉

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ မြို့မဘောလုံးကွင်း၌ ဈေးရောင်းပွဲတော်ကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဈေးရောင်းပွဲတော်တွင် အဝတ်အထည်မျိုးစုံ၊ ကစားစရာအရုပ်များ၊ အိမ်သုံးပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မုန့်အမျိုးမျိုးနှင့် အားကစားပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ကတော့ ရန်ကုန်ကပါ။ အထည်မျိုးစုံလာရောင်းတာပါ။ ဈေးနှုန်းအသင့်အတင့်နဲ့ရောင်းပါတယ်။ မင်းတပ်ဈေးရောင်းပွဲတော်ကို ဒါပထမဆုံးအကြိမ်လာရောင်း တာပါ"ဟု အထည်ရောင်းသူ ကိုထွန်းထွန်းက ပြောသည်။

ခီရှိန်း (ပြန်/ဆက်)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

မြန်မာ-ထိုင်း ပူးပေါင်းပြသသည့် နည်းပညာပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ဒုတိယအကြိမ် Business Matching on Software and Games related Industries 2019 ပြပွဲကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယမန်နေ့က ကျင်းပခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ နည်းပညာပြခန်းများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါပြပွဲတွင် ဆော့ဖ်ဝဲမျိုးစုံ၊ အွန်လိုင်းဈေးကွက်၊ အက်ပလီကေးရှင်းများ၊ ဂိမ်းနှင့် အထူးပြုလုပ်ချက်တို့ကို ပြသခဲ့သည်။

"ဒီကနေ့ကျင်းပတဲ့ပွဲက ခေတ်ပေါ် ICT ကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တယ်။ ဆော့ဖ်ဝဲနဲ့ ဂိမ်းတွေကို အခြေခံပြီး စားသုံးသူအဖြစ်နဲ့ရော၊ ဖန်တီးသူပို့ကုန်အနေနဲ့ရော အသုံးချခဲ့ကြတာဖြစ်တယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ အခုလိုပြသတာကို မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုတယ်။ ပူးပေါင်းကျင်းပတဲ့ ကွန်ပျူတာအသင်းချုပ်အနေနဲ့ကလည်း မြန်မာနိုင်ငံမှာ ဒီလိုနည်းပညာတွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်နိုင်ဖို့ အားပေးမယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာ့ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာချမှတ်လို့ ဒစ်ဂျစ်တယ် ထုတ်ကုန်ကဏ္ဍကို ထည့်ထားတယ်။ ဒါကြောင့် ကုန်သွယ်မှုမြှင့်တင်ရေး မူဝါဒနဲ့ရော ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာနဲ့ပါ လိုက်ဖက်ညီတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခွင့်အလမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်မြှင့်တင်သွားမှာပါ"ဟု အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

အဆိုပါပြပွဲကို ထိုင်းနိုင်ငံမှ နာမည်ကြီး ဆော့ဖ်ဝဲကုမ္ပဏီ ၁၄ ခု ပါဝင်ပြသခဲ့သည်။ ယင်းပွဲကို မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကာ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့် ယနေ့ခေတ် ဆော့ဖ်ဝဲနည်းပညာကို စိတ်ဝင်စားကြသော လူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

မြန်မာ-အမေရိကန် ပူးပေါင်းရိုက်ကူးသော မေတ္တာဇာတ်ကား ရွှေတိဂုံစေတီတော်အောင်မြေတွင် ကန်တော့ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉
မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပထမဆုံးအကြိမ် ပူးပေါင်းရိုက်ကူးသည့် မေတ္တာရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အောင်မြေရှိ ထီးတော်ပုံမွှာရုံ၌ ကျင်းပသည်။

ထိုဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုပေါင်းများစွာဆွတ်ခူးထားသော အမေရိကန်ဒါရိုက်တာ Graham Streeter နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့ ပူးပေါင်းရိုက်ကူးခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် ၈၀ ရာခိုင်နှုန်း ရိုက်ကူးပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရိုက်ကူးရန်ကျန်ရှိသော ဇာတ်ဝင်ခန်းများကို ဇွန် ၃၀ ရက်၌ တောင်ငူမြို့ လိပ်သိုကျေးရွာတွင် စတင်ရိုက်ကူးမည်ဖြစ်ရာ ၁၃ ရက်အကြာတွင် ရိုက်ကူးမှုပြီးစီးမည်ဖြစ်သည်။

ထိုမေတ္တာဘွဲ့ဇာတ်ကားတွင် သရုပ်ဆောင် လူမင်း၊ ထွန်းအိန္ဒြာဗိုနှင့် အမေရိကန်နိုင်ငံတွင် နေထိုင်သော ချင်းပြည်နယ် တီးတိန်မြို့မှ ဇိုမီးတိုင်းရင်းသား ဂင်မုန်တို့ အထူးသရုပ်ဆောင်ထားကာ မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား လူငယ်သရုပ်ဆောင်များ ဖြစ်သော Chrissy A Hla၊ Fiona၊ May T Maung နှင့် အခြားသောသရုပ်ဆောင်များဖြစ်သည့် Brittney Powell၊ Tyler Dryden နှင့် Holland Clement တို့နှင့်အတူ Sacred Heart (Thanlyin) ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူလေးတို့ဖြင့် ရိုက်ကူးခြင်း ဖြစ်သည်။ မိဘမဲ့ကျောင်းတွင် စာသင်ကြားပေးနေသူတစ်ဦး မဲပေါက်၍ အမေရိကန်နိုင်ငံသို့ သွားရောက်ခွင့်ရရှိပြီး အခက်အခဲပေါင်းများစွာကြားမှ မြန်မာနိုင်ငံဖွားမိဘနှစ်ဦးမှ မွေးစားကြီးပြင်းခဲ့ရာ မြန်မာနိုင်ငံ မိဘမဲ့ကျောင်းတွင် ကျောင်းဆရာတစ်ဦးအဖြစ် ပြန်လည် ဘဝဖြတ်သန်းခဲ့ပုံတို့ကို ရိုက်ကူးထားခြင်းဖြစ်သည်။

"ဇာတ်ကားနဲ့ဇာတ်လမ်း မထူးဆန်းပေမယ့် ထူးဆန်းတဲ့အရာဖြစ်တဲ့ မေတ္တာတရားကို ဖော်ကျူးထားတဲ့ ဇာတ်ကားတစ်ကားပါ။ မိဘမဲ့ကလေးတွေကို ပညာသင်ကြားပေးနေတဲ့ ဆရာတစ်ဦး မဲပေါက်ပြီး အမေရိကန်နိုင်ငံကို သွားခွင့်ရပြီးတော့ မြန်မာနိုင်ငံဖွား ဇနီးမောင်နှံက မွေးစားခဲ့တယ်။ အခက်အခဲတွေကြားရုန်းကန်ရင်း မြန်မာနိုင်ငံက မိဘမဲ့ကျောင်းမှာပဲ စာသင်ကြားပေးသွားတဲ့ ကျောင်းဆရာတစ်ဦးရဲ့ မေတ္တာဘွဲ့ ဇာတ်လမ်းတစ်ခုပါ။ အရှေ့အာရှနိုင်ငံသာမက အနောက်ဥရောပနိုင်ငံတွေနဲ့လည်း ရုပ်ရှင်ကဏ္ဍပူးပေါင်းရိုက်ကူးသင့်ပါတယ်။ ကမ္ဘာ့ဖြန့်ချိရေး ဈေးကွက်ကြီးထဲကို ဝင်ဖို့ဆိုရင် ပေါက်ပြီးသားသူတွေနဲ့ လိုက်ပါပူးပေါင်းဖို့လိုပါတယ်။ နောက်တစ်ကားလည်း ရိုက်ဖို့ရှိပါတယ်။ ဒီကားရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံဟာ မေတ္တာတရားနဲ့နေထိုင်မှုကို ပြသတဲ့ သဘောပါ"ဟု ဒေါ်ဆွေဇင်ထိုက်က ပြောကြားသည်။

ထိုဇာတ်ကားသည် Mary K. Yap ဖောင်ဒေးရှင်း၏ Movies for Charity အတွက် ရိုက်ကူးသည့် ပရဟိတဇာတ်ကားတစ်ကားဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသနိုင်ရန် မျှော်မှန်းထားကာ နိုင်ငံတကာတွင်လည်း ပြသသွားမည်ဖြစ်၍ ထိုဇာတ်ကားမှ ရရှိသော အကျိုးအမြတ်အား မြန်မာနိုင်ငံမှ မိဘမဲ့ကလေးများအတွက် ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Mandalay Production (Myanmar) ရုပ်ရှင်ထုတ်လုပ်ရေးနှင့် အမေရိကန်နိုင်ငံ Mandalay Production (Home) ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူးသော မြန်မာ-

အမေရိကန်ပထမဆုံး ဇာတ်ကားတစ်ကားလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကိုရိုက်ခွင့်ရလို့ မိမိနိုင်ငံကို ကျေးဇူးဆပ်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ လူသားတိုင်းမှာ အဓိကအရေးကြီးဆုံးဟာ မေတ္တာတရားပါပဲ။ မြန်မာပြည်မှာ ၁၃ ရက် ရိုက်မှာပါ။ ဒီဇာတ်ကားက မြန်မာနိုင်ငံရဲ့ သဘာဝအလှတွေ၊ ကြည်နူးစရာ၊ ဝမ်းနည်းစရာ၊ သံဝေဂရစရာတွေ လွှမ်းခြုံနေတဲ့ မေတ္တာဘွဲ့ဇာတ်လမ်းတစ်ခုပါ"ဟု အမေရိကန်နိုင်ငံတွင် နေထိုင်သော ချင်းပြည်နယ် တီးတိန်မှ ဇိုမီးတိုင်းရင်းသား Gim Mung က ပြောသည်။

မြန်မာ-အမေရိကန်ပူးပေါင်းရိုက်ကူးသော ဒုတိယမြောက်ဇာတ်ကားကို အမေရိကန်နိုင်ငံ နယူးယောက်နှင့် မြန်မာနိုင်ငံတွင် လာမည့်နှစ်၌ ရိုက်ကူးမည်ဖြစ်သည်။ ဒါရိုက်တာမှာ ဂျာမန်နိုင်ငံသားတစ်ဦးနှင့် ဒေါ်ဆွေဇင်ထိုက်တို့ ပူးပေါင်းရိုက်ကူးမည် ဖြစ်သည်။ ဇာတ်ကားအမည်မှာ "နားစွင့် ကြားဟန်ရင်ခုန်သံ"ဖြစ်ပြီး စာရေးဆရာ သင့်လူက ဘာသာပြန်ထားသောဝတ္ထုကို ရုပ်ရှင်ရိုက်ကူးသွားမည်ဖြစ်သည်။

ဒေါ်ဆွေဇင်ထိုက်နှင့် အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Graham Streeter တို့ ပူးပေါင်းရိုက်ကူးသည့် မေတ္တာတရားကို အခြေခံသောဇာတ်ကားအား မြန်မာနိုင်ငံ၏ သဘာဝအလှများနှင့်အတူ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၏ အလှအပတို့ဖြင့် ရုပ်ရှင်ချစ်ပြည်သူများ ကြည့်ရှုခံစားရမည့်အပြင် နိုင်ငံတကာတွင်လည်း ၎င်းဇာတ်ကားကို ပြသသွားမည်ဖြစ်ကြောင်း ယနေ့ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနားမှ သိရသည်။

သန်းထိုက်
ဓာတ်ပုံ - သန်းစိုး

◆ *ကျောဖုံးမှ*

ကျင်းပမည့် ရက်ဂ်ဘီကမ္ဘာ့ဖလားပြိုင်ပွဲ၏ တရားဝင်ခရာ (Whistle) ကို သယ်ဆောင်လာခဲ့ကြောင်း၊ သူတို့နှစ်ဦး၏ ခရီးစဉ်ကို သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် DHL က ထောက်ပံ့ပေးထားကြောင်း သိရသည်။

အဆိုပါ နိုင်ငံပေါင်း ၂၇ နိုင်ငံ၊ ကီလိုမီတာနှစ်သောင်းကျော် ဖြတ်သန်းကာ စက်ဘီးစီးနင်းသူနှစ်ဦးသည် အင်္ဂလန်နိုင်ငံမှ ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ထွက်ခွာခဲ့ပြီး (၂၂)နိုင်ငံမြောက်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိခြင်းဖြစ်သည် ဟု သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

❐ *ကျောဖုံးမှ*

ဒုတိယပိုင်းအစတွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး သန်းပိုင်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရန်ကုန်အသင်းခံစစ်က အမှားအယွင်းမရှိ ထိန်းချုပ်ကစားသွားခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် မကွေးအသင်း ရုန်းကန်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ချေပဂိုးကြောင့် သရေတစ်မှတ်သာရပြီး တန်းဆင်းဇုန်အတွင်း ရောက်ရှိသွားခဲ့သည်။ ရခိုင်အသင်းမှာမူ မကွေးနှင့် နှစ်ကျော့စလုံး သရေကျခဲ့ပြီး အဆင့် (၅) နေရာအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

၁၀ မိနစ်တွင် အောင်မြင့်ထွန်းက မကွေးအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ရခိုင်အတွက် ချေပဂိုးကို ၈၈ မိနစ်တွင် ချစ်စုမိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို ဇွန် ၃၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ ညွှန်ကြားမှုဖြင့် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင် ဇွန် ၂၉ ရက် နံနက်ပိုင်းက ရန်အောင် (၂)ရပ်ကွက် ဓမ္မာရုံတွင် ဒေသခံ ၁၂၀ အား လူကုန်ကူးမှုအကြောင်း သိကောင်းစရာများနှင့် သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။
ကျော်လှိုင်သင်း(နေပြည်တော်)

မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ပထမအကြိမ်အလုပ်အမှုဆောင် စည်းဝေး

ရန်ကုန် ဇွန် ၂၉
မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ပထမအကြိမ် အလုပ်အမှုဆောင် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် Myanmar Sport Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဦးမျိုးမြင့်ဦးက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်အမှုဆောင် ဦးမြင့်အောင်က မြန်မာနိုင်ငံတွင် မကြာမီ ထည့်သွင်းလေ့ကျင့်ပြိုင်ပွဲဝင် ပစ်ခတ်မည့် Shotgun ပစ်ခတ်စဉ်များနှင့် ပတ်သက်၍ ဗွီဒီယိုဖိုင်ဖြင့် ပြသပြီး အတွင်းရေးမှူး ဦးသန်းစိုးက ယခုနှစ်အတွင်း အားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားစေရန်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သေနတ်ပစ်အားကစားဆပ်ကော်မတီများဖွဲ့စည်းပုံအား ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ဆပ်ကော်မတီအသီးသီးမှ ပြင်ပသေနတ်ပစ် အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - အာကာစိုး

ပြင်ဦးလွင်မြို့တွင် ၂၀၁၉ ဂေါက်သီးစည်းမျဉ်းသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၉
မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R & A တို့ ပူးပေါင်းဖွင့်လှစ်သော R & A Level-1 Rules Seminar 2019 ကို ယနေ့ နံနက်ပိုင်းမှစ၍ ပြင်ဦးလွင်မြို့ပြင်ဦးလွင်ဂေါက်ကွင်း၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ သင်တန်းပို့ချမည့် နည်းပြများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပြင်ဦးလွင်ဂေါက်ကွင်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။

သင်တန်းသို့ ဂေါက်သီးအားကစားစိတ်ပါဝင်စားသူ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့သည်။

ဖိုးသော်ဇင်

တာမွေမြို့နယ်၌ အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၉
အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို အိုလံပစ်ကောင်စီ အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့မြို့ကြီးများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ၌လည်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် အားကစားပြိုင်ပွဲများ၊ လူထုလမ်းလျှောက်ပွဲများ၊ မီနီမာရသွန်ပြိုင်ပွဲများနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ယနေ့ နံနက် ၉ နာရီတွင် တာမွေမြို့နယ် ကျိုက္ကဆံကျွမ်းဘားအားကစားရုံ၌ အိုလံပစ်နေ့ အထိမ်းအမှတ် သက်ငယ်တန်းကျောင်းပေါင်းစုံ ကျွမ်းဘားပြိုင်ပွဲများ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး (၅)နှစ်၊ (၁၀)နှစ်၊ (၁၂)နှစ်နှင့် (၁၄)နှစ်သက်ငယ်တန်း မြေပြင်လေ့ကျင့်ခန်းပြိုင်ပွဲ၊ မြင့်ခုန်ဘားပြိုင်ပွဲ၊ (၂)တန်းဘားပြိုင်ပွဲ၊ ချိန်ဆဘားပြိုင်ပွဲနှင့် သံကွင်းဘားပြိုင်ပွဲများ ကျင်းပခဲ့ပြီး အတန်းအသီးသီး၌ ပထမဆု၊ ဒုတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူများအား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်နာယက ဦးအောင်ဒင်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဦးဝေလင်းနှင့် ဦးမြင့်အောင်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

အာကာလင်း

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၉

မိုးကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၈ ရက် ညနေပိုင်းက မိုးကုတ်မြို့နယ် ဗမွန်ကျေးရွာအုပ်စု ပန်းမရဲကင်းရှေ့တွင် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ်ကိုလှဲချပြီး ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို သိမ်းဆည်းရမိသည်။

ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းရှူးမြို့ အမှတ်(၂)ရပ်ကွက် ကုန်းမြင့်သာရပ်နေ ဒေါ်သီတာသိန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၂၀၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၃၀၊ ငွေကျပ် ၃၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်နေ သိန်းရွှေ(ခ)ကိုနိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၄၆၁ ပြား၊ ဘိန်းဖြူ ၁၀၁ ဂရမ်နှင့် ငွေကျပ် ၂၁၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လွယ်ဝိုးတုတ်ကျေးရွာအနီးတွင် ကျိုင်းနု(ခ)စိုင်းနု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ၄ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ရေပူစစ်ဆေးရေးစခန်းတွင် မိုးသူအောင် မောင်းနှင်ပြီး နေလင်းသိန်း(ခ)ကြွက်ကြီး လိုက်ပါလာသည့် Hino အမျိုးအစား ၁၂ ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ ပလတ်စတစ်ပုံး ၃၇၆ ပုံးဖြင့် ထည့်ထားသည့် ဆာလဖျူရစ် အက်စစ် ၆၇၆၈ လီတာနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မိုးသူအောင်အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၀ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (ပထမပိုင်း)
- ၉း၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ငို၍ရီ၍မရသောမျက်နှာ" (မြတ်လေး၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ-မြတ်လေး)

ညပိုင်း

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Ayeyawady United FC Vs Yadanabon FC)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၁၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - မူးယစ်အန္တရာယ်
- ၂၀း၃၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (ဒုတိယပိုင်း)
- - "အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း သိကောင်းစရာ"
- - ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ "၂၁ ရာစု ဆင်ယင်မှု အထူးပြုပြင် အလှသဘင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ"

ဗီဇာစည်းကမ်းချိုးဖောက်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို အရေးယူ

တာချီလိတ် ဇွန် ၂၉

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းကိုးကျေးရွာအုပ်စု အားရဲကျေးရွာ၌ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ခဲ့သော်လည်း ဗီဇာစည်းကမ်းချိုးဖောက်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို ဇွန် ၂၉ ရက်ညနေပိုင်းက အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (တာချီလိတ်)မှ တာဝန်ခံအရာရှိ ဦးတင်မောင်သန်း ဦးစီးအဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယလဝကမှူး ဦးစိန်လွင်ဦးစီးအဖွဲ့၊ ဝမ်ပုံနယ်မြေရဲစခန်းမှ ဒုရဲအုပ် မျိုးဇော်လင်း ဦးစီးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၈ ရက် ညနေ ၄ နာရီက စစ်ဆေးမှုပြုလုပ်ရာ ဦးမြင့်အောင်ကုမ္ပဏီ၊ အောက်ဆိုက်သတ္တုလုပ်ကွက် (စက်မှုတွင်းထွက်ကုန်ကြမ်း)တွင် Mr. Peng Dehai(ခ)ဟုတ်ဆက်ပိုင် (၄၉ နှစ်)နှင့် Mrs. Qong Pengcong (ခ)ချင်းဖုန့်ချုန်း (၄၁ နှစ်) ယူနန်ပြည်နယ် တရုတ်နိုင်ငံနေသူတို့ နှစ်ဦးအား တွေ့ရှိရသည်။

ဆက်လက်စစ်ဆေးရာ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ပတ်စ်ပို့၊ ဗီဇာတို့ဖြင့်မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် တရားဝင် ဝင်ရောက်ခဲ့သော်လည်း နိုင်ငံခြားသားများ သွားရောက်ခွင့်မရှိသည့် အားရဲကျေးရွာရှိ သတ္တုလုပ်ကွက်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ သွားရောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အင်းတော်ကြီးမြို့၌ ဟင်းရွက်ခူးသွားစဉ် မိုင်းပေါက်ကွဲသဖြင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

မိုးညှင်း ဇွန် ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့မိုင်းနောင်ကျေးရွာမှ အမျိုးသမီးသုံးဦးသည် ရွာနှင့်ခြောက်မိုင်ခန့်ဝေးသည့် တောတွင်းသို့ ဟင်းရွက်ခူးသွားစဉ် မိုင်းပေါက်ကွဲသဖြင့် အမျိုးသမီးတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်ကြီးမြို့ မိုင်းနောင်ကျေးရွာ ဆင်ဖြူကုန်းရပ်ကွက်နေ ဒေါ်စန်းမေ၊ ဒေါ်ခင်ရီနှင့်ဒေါ်မစိန်တို့သည် ဇွန် ၂၈ ရက် နံနက်ပိုင်းက မိုင်းနောင်ကျေးရွာ ခေါင်းတုံးချောင်း၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ တောထဲသို့ ဟင်းရွက်ခူးသွားစဉ် မိုင်းပေါက်ကွဲသံကြားရပြီး ဒေါ်စန်းမေ(၃၃နှစ်)မှာ မြေပြင်သို့လဲကျ သတိလစ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း ၎င်းနှင့်အတူ ဟင်းရွက်ခူးသွားကြသူများထံမှ သိရသည်။

ဒဏ်ရာရရှိသူ ဒေါ်စန်းမေအား ဒေါ်ခင်ရီနှင့် ဒေါ်မစိန်တို့က ထမ်းစင်ပြုလုပ်ကာ မိုင်းနောင်ကျေးရွာသို့ သယ်ဆောင်လာခဲ့ကြပြီး နန့်မွန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကာ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **နီတိုး(မိုးညှင်း)**

လှည်းကူးမြို့နယ်၌ ကလေးငယ်တစ်ဦးထံမှ H1 N1 ရောဂါတွေ့ရှိ

လှည်းကူး ဇွန် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ဇွန် ၂၇ ရက် ည ၇ နာရီခွဲခန့်က ကျွန်းကလေးကျေးရွာရှိ သီလရှင် ဒေါ်ဝဏ္ဏမာလာဦးစီးသည့် "အေးမြနန္ဒာ" (ပရဟိတ)သီလရှင်ကျောင်းတွင်နေထိုင်သော မမိုးသဲ(၇လ၊ ၁၅ရက်)(ဘ) မိုးမိတ်မြို့နယ်နေသူ ဦးဌေးအောင်သည် H1 N1 ရောဂါဖြင့် ရန်ကင်းမြို့နယ် ကလေးဆေးရုံတွင် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက်တွင် မမိုးသဲသည် ကိုယ်ပူဖျားနေသဖြင့် လှည်းကူး မြို့ ဈေးကြီးရပ်ကွက် မြို့မဗဟိုလမ်းရှိ ဒေါက်တာနှင်းနှင်းယု၏ ဆေးခန်းသို့ သွားရောက်ပြသရာ ဆရာဝန်မှ မမိုးသဲတွင် မွေးရာပါနှလုံးအပေါက်ကျယ်ရောဂါပါရှိကြောင်း ပြောကြားပြီး ရန်ကင်းကလေးဆေးရုံသို့ ပို့ဆောင်ရန် ပြောကြားခဲ့ရာ ဇွန် ၂၃ ရက်တွင် ရန်ကင်းကလေးဆေးရုံသို့ တင်ပို့ခဲ့ကြောင်း၊ ဇွန် ၂၆ ရက်တွင် ရန်ကင်းကလေးဆေးရုံမှ သွေးစစ်ဆေးမှုပြုလုပ်ခဲ့ရာ Seasonal Influenza A H1 N1(+)pdm09 အဖြေထွက်ရှိပြီး isolation room ၌ ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျွန်းကလေးကျေးရွာ ကျန်းမာရေးမှူး (၁) နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အဆိုပါ သီလရှင်ကျောင်းသို့သွားရောက်၍ ကျောင်းရှိ ဖျားနာနေသော သီလရှင်များအား သီးသန့်ခွဲထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် H1N1 ရောဂါအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

မအူပင်မြို့နယ်၌ ခရီးသည်တင်ယာဉ် လမ်းဘေးသစ်ပင် တိုက်မိသဖြင့် တစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၂၉

မအူပင်ခရိုင် မအူပင်မြို့နယ် ရေကျော်ကျေးရွာအနီး မအူပင်-တွံတေး ကားလမ်း မိုင်တိုင်(၅/၄-၅)ကြား၌ ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက ခရီးသည်တင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ သစ်ပင်ကို တိုက်မိသဖြင့် တစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

မအူပင်ဘက်မှ တွံတေးဘက်သို့ မအူပင်မြို့(၁)ရပ်ကွက်နေ နိုင်ဦး(၃၅နှစ်) မောင်းနှင်လာသော 4E/----- ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ သစ်ပင်ကို တိုက်မိ၍ နိုင်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်ပေါ်ပါ ဒေါပုံမြို့နယ် ဗိုလ်ထွန်းစံရပ်ကွက်နေ ဦးအောင်မိုး(၅၄ နှစ်)ပါ ခုနစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် နိုင်ဦးအား မအူပင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ဥတ္တရသီရိမြို့နယ်၌ မှိုစားမိ၍ ၁၁ ဦး အစာအဆိပ်သင့်

နေပြည်တော် ဇွန် ၂၉

ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာ၌ ဇွန် ၂၈ ရက် ညနေပိုင်းတွင် မှိုစားမိ၍ အစာအဆိပ်သင့်မှုဖြစ်ပွားကာ ကျေးရွာနေပြည်သူ ၁၁ ဦး ဆေးရုံ တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာနေ ကိုအောင်ဆန်း၏ နေအိမ်ခြံဝင်းအတွင်း မှရရှိသည့် မှိုအုန်းနက်ကို နေ့လယ်စာကျွေးမွေးခဲ့ရာမှ အဆိုပါကျေးရွာနေ မဇာခြည်နိုင် (၁၈ နှစ်)ပါ ၁၃ ဦးတို့သည် အစာအဆိပ်သင့် အော့အန်(မစိုးရိမ်ရ)ဖြစ်ခဲ့ပြီး ညနေ ၄ နာရီ ၄၅ မိနစ်တွင် မဇာခြည်နိုင် ပါနှစ်ဦးမှာ သက်သာလာသဖြင့် ဆေးရုံတက်ရောက်ခြင်းမရှိဘဲ ကျန် ၁၁ ဦးမှာ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် လူတစ်ဦးရထားတိုက်ခံရသဖြင့် သေဆုံး

ရန်ကုန် ဇွန် ၂၉

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် သုံးခွရပ်ကွက် မစိုစိုက်ပျိုးရေး စည်ပင်စခန်း အနောက် ရထားလမ်းတံတားအနီးတွင် ဇွန် ၂၈ ရက် နံနက် ၈ နာရီခွဲက လူတစ်ဦး ရထားတိုက်ခံရ၍ သေဆုံးခဲ့သည်။

ရန်ကုန်-နေပြည်တော် အမှတ် ၃၁ အဆန်ရထားသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် သုံးခွရပ်ကွက် မစိုစိုက်ပျိုးမွေးမြူရေး စည်ပင်စခန်းနောက် ရထားသံလမ်းတံတားအနီး မိုင်တိုင်အမှတ်(၁၄/၁၂-၁၃)အရောက်တွင် အသက် ၄၀ ကျော်ခန့်ရှိ အမျိုးသားတစ်ဦးအား တိုက်မိသဖြင့် ဒဏ်ရာရရှိ၍ သေဆုံးခဲ့သည်။

သေဆုံးသူ၏အလောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက လာရောက်စစ်ဆေးပြီး လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြောက်ဥက္ကလာဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

တီးတိန်မြို့နယ်၌ မဏိပူရ်မြစ်အတွင်း လူနှစ်ဦးရေနစ်သေဆုံး

တီးတိန် ဇွန် ၂၉

ချင်းပြည်နယ် တီးတိန်မြို့နယ် တွိုးထန်ကျေးရွာနေ ဦးလန့်ခန့်ခုပ်နှင့် ဦးဒါလ်းဂင့်ခိုင်တို့နှစ်ဦးသည် ယနေ့ နံနက် ၁၁ နာရီခန့်တွင် မဏိပူရ်မြစ် တွိုးထန်တံတားအနီး၌ ငါးဖမ်းသွားရာ နှစ်ဦးစလုံး ရေနစ်သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သေဆုံးသူနှစ်ဦးအား ပတ်ဝန်းကျင်ရွာများမှ ကယ်ဆယ်ခဲ့ရာ ဦးဒါလ်းဂင့်ခိုင်၏အလောင်းကို ဆယ်ယူနိုင်ခဲ့ပြီး ဦးလန့်ခန့်ခုပ်ကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အီရန်က ၎င်း၏လေကြောင်းပိုင်နက်အတွင်းသို့ အမေရိကန် ဒရုန်းယာဉ် ဝင်ရောက်လာမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တိုင်ကြား

တီဟီရန် ဇွန် ၂၉
အီရန်နိုင်ငံသည် ၎င်း၏ လေကြောင်းပိုင်နက်အတွင်း အမေရိကန် ဒရုန်းယာဉ်ကျူးကျော်ဝင်ရောက်လာသည့်ကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီထံသို့ တိုင်ကြားခဲ့သည်ဟု ယမန်နေ့က ပြောကြားလိုက်ကြောင်း တက်စ်နင်သတင်းအေဂျင်စီတွင် ဖော်ပြသည်။

အမေရိကန်လျှို့ဝှက်စုံစမ်းထောက်လှမ်းရေး ဒရုန်းယာဉ် အီရန်နိုင်ငံ၏ လေကြောင်းပိုင်နက်ကို ချိုးဖောက်ဝင်ရောက်သောကြောင့် ပစ်ချခံရပြီးနောက်ပိုင်းတွင် အီရန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ယင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးထံ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး အမေရိကန်ကို မကျေနပ်ကြောင်း တိုင်ချက်ဖွင့်ခဲ့သည်ဟု အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂိုလန်ဟော့စိန်ဒယ်ဂါနီ၏ ပြောကြားချက်ကို ကိုးကား၍ တက်စ်နင် သတင်းအေဂျင်စီက ဖော်ပြလိုက်ခြင်းဖြစ်သည်။

အဆိုပါတိုင်တန်းချက်တွင် အီရန်သည် ၎င်း၏ လေကြောင်းပိုင်နက်ကို ကာကွယ်ပိုင်ခွင့်ရှိကြောင်းနှင့် မည်သည့်ကျူးကျော်ဝင်ရောက်မှုကိုမဆို ရင်ဆိုင်သွားမည်ဖြစ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ထပ်မံပြောကြားလိုက်သည်။

အမေရိကန်သည် ၂၀၁၅ အီရန်နျူကလီးယားနားလည်မှုသဘောတူညီချက်မှ နုတ်ထွက်လိုက်ပြီး အီရန်နိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်သည့်အချိန်မှစကာ အီရန်နှင့် အမေရိကန်နိုင်ငံကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အီရန်က မည်သို့ပင်ငြင်းဆန်စေကာမူ ကုန်တင်သင်္ဘောများ တိုက်ခိုက်ခံရမှုတွင် အီရန်၏လက်ချက်မကင်းဟု အမေရိကန်က ပြစ်တင်ပြောကြားလိုက်ပြီးနောက် ထိလွယ်ရှလွယ်အခြေအနေဖြစ်နေသည့် ပင်လယ်ကွေ့ဒေသပိုင်နက်တွင် အမေရိကန်ထောက်လှမ်းရေး ဒရုန်းယာဉ်ကို အီရန်က ပစ်ချလိုက်သည့်အချိန်မှစကာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်လိုစိတ်များကြီးထွားလာခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်က အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗတ်ဒ်ဇာရစ်ဖ်တို့ကို အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုသစ်များ ပြုလုပ်လိုက်သောကြောင့် နှစ်နိုင်ငံကြားအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။

၂၀၁၅ နျူကလီးယားသဘောတူညီမှုတွင် ပါဝင်သည့် (အမေရိကန်မပါ) အခြားနိုင်ငံများဖြစ်သော ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့က အမေရိကန်၏ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုမှ လွတ်ကင်းအောင်လုပ်ဆောင်မပေးပါက (အထူးသဖြင့် အီရန်နိုင်ငံ၏ ရေနံများကို ရောင်းချမပေးပါက) အီရန်နိုင်ငံအနေဖြင့် နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်များကို ချိုးဖောက်မည်ဖြစ်ကြောင်း သို့မဟုတ် စွန့်လွှတ်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လိုက်သည်။ **အေအက်ဖ်ပီ**

ဟော်မုဇ်ရေလက်ကြား အထက်ကောင်းကင်ယံတွင် ပျံသန်းနေသည့် အမေရိကန်ထောက်လှမ်းရေး ဒရုန်းယာဉ်။

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်များကြား တိုက်ပွဲများဖြစ်ပွားရာ လူ ၁၀၀ နီးပါးသေဆုံး

ဘေရွတ် ဇွန် ၂၉
ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များ၊ သူပုန်များနှင့် ဂျီဟတ်များကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ လူ ၁၀၀ နီးပါးသေဆုံးခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားလိုက်သည်။

ဇွန် ၂၈ ရက် နံနက်ပိုင်းမှစကာ အစိုးရတပ်ဖွဲ့က ဗုံးကြဲလိုက်ပြီးနောက် ဟာမားပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် အစိုးရစားခံတပ်ဖွဲ့ဝင် ၅၁ ဦးသေဆုံးခဲ့ကြောင်းနှင့် သူပုန်နှင့် ဂျီဟတ် ၄၅ ဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောသည်။

တိုက်ပွဲများသည် ဇွန် ၂၈ ရက် နေ့လယ်အထိ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

မဟာမိတ် ရုရှားထောက်ခံမှုနှင့်အတူ ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် အီဒလစ်ပြည်နယ်အနှံ့အပြားနှင့် အိမ်နီးချင်း ဟာမားပြည်နယ်၊ အလက်ပိုပြည်နယ်နှင့် တစ်ချိန်က အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် နီးနွယ်လျက်ရှိသော ဟာရက်တာရာလ်အယ်လ်ရှမ် (အိတ်ချ်တီအက်စ်) အဖွဲ့များစိုးမိုးခြယ်လှယ်ခဲ့သော လက်တာကီယာပြည်နယ်တို့တွင် ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

အစိုးရတပ်ဖွဲ့များ အီဒလစ်ပြည်နယ်တောင်ပိုင်း ခန်ရှိတ်ခွန်မြို့ကို ဇွန် ၆ ရက်က ဗုံးကြဲတိုက်ခိုက်စဉ်။

အစိုးရဆန့်ကျင်ပြည်နယ်များဖြစ်သည့် အထူးသဖြင့် ဟာမားပြည်နယ်မြောက်ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ဆီးရီးယားအစိုးရသတင်းအေဂျင်စီတစ်ခုဖြစ်သော ဆာနားသတင်းအေဂျင်စီကလည်း ဇွန် ၂၈ ရက်က ဗုံးကြဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သည်။

အစိုးရတပ်ဖွဲ့များသည် ဇွန် ၂၈ ရက် နံနက်ပိုင်းက အကြမ်းဖက်အဖွဲ့ဟု ယူဆထားသော အယ်လ်နျူစရာတပ်ဦး၏ ပိုင်နက်နယ်မြေများနှင့် အနီးဝန်းကျင်ရွာငယ်များဖြစ်သော ဂျီဘိုင်းနှင့် တယ်လ်မာလေတို့ကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြသည်။ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်အဖွဲ့များ၏ ခံစစ်များနှင့် ရှေ့တန်းခံစစ်များ ပျက်စီးသွားကြောင်း အဆိုပါသတင်းအေဂျင်စီတွင် ဆက်လက်ဖော်ပြထားသည်။ **အေအက်ဖ်ပီ**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်ရာ ရှစ်ဦးသေဆုံး

မနီလာ ဇွန် ၂၉
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူးပြည်နယ်ရှိ တပ်စခန်းတစ်ခုအတွင်း ယမန်နေ့က ဗုံးနှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူမှာ ရှစ်ဦးအထိ ရှိလာပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ဇွန် ၂၉ ရက်တွင် ပြောသည်။

ဖိလစ်ပိုင်နိုင်ငံအနောက် မင်ဒါနာအို စစ်တိုင်းတပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူးအာဇင်အန်စီနာက သေဆုံးသူရှစ်ဦးတွင် စစ်သားသုံးဦး၊ အရပ်သားသုံးဦးနှင့် အသေခံဗုံးခွဲသမားနှစ်ဦးတို့ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

ဗုံးပေါက်ကွဲမှုများသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏လက်ချက်ဟု ယူဆရသော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဗိုလ်မှူး အာဇင်အန်စီနာက ပထမဆုံးဗုံးခွဲသမားသည် ၎င်း၏ကိုယ်ကို တိပ်ဖြင့်ကပ်ထားသော ဖောက်ခွဲရေးပစ္စည်းများကို တပ်စခန်း၏ ဂိတ်အနီးတွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ရာ ဂိတ်ကိုစောင့်ကြပ်နေသော စစ်သားသုံးဦး သေဆုံးခဲ့ရသည်။

အခြားဗုံးခွဲသမားတစ်ဦးသည် ဂိတ်အတွင်းပြေးဝင်လာပြီး ၎င်းကိုယ်၎င်းအသေခံဗုံးဖောက်ခွဲခဲ့ရာ စစ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဖိလစ်ပိုင်စစ်တပ်၏ လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးကို ပျက်ပြားစေရန် တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ဖိလစ်ပိုင်ကြည်းတပ် ဒုတိယဗိုလ်မှူးကြီး ရာမွန်ဇာဂလာက ပြောသည်။ စစ်တပ်အနေဖြင့် အကြမ်းဖက်မှုကို တုံ့ပြန်သွားရန် ဆုံးဖြတ်ချက်ချထားကြောင်း သိရသည်။ **ဆင်ဟွာ**

မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း ထရမ့်ပြော

အိုဆာကာ ဇွန် ၂၉
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိအနေဖြင့် တောင်ကိုရီးယားခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို ကိုရီးယားနှစ်နိုင်ငံကြား စစ်မဲ့ဇုန်တွင် နှစ်မိနစ်ခန့် တွေ့ဆုံသွားလိုကြောင်း တွစ်တာတွင်ရေးသားခဲ့သည်။

လတ်တလောတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်နေကာ နိုင်ငံတကာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်။

ဇွန် ၂၉ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏တွစ်တာပေါ်တွင် ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်နှင့် တွေ့ဆုံပြီး နှုတ်ခွန်းဆက်ချင်ကြောင်း ပြောကြားခဲ့သည်။ အကယ်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်အနေဖြင့် တွစ်တာပေါ်မှစာကိုတွေ့လျှင် ၎င်းဆီ လာရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ၏ အလွတ်သဘောသီးခြားဆွေးနွေးပွဲတွင် ဆော်ဒီအိမ်ရှေ့စံ မိုဟာမက်ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ မိမိနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်ကင် ယခုသူ့နိုင်ငံတွင်ရှိလား၊ မရှိလား ဆိုသည်ကို မသိကြောင်း၊ အကယ်၍ သူရှိမည်ဆိုပါက မိမိတို့နှစ်ဦး နှစ်မိနစ်ခန့် တွေ့ဆုံချင်ကြောင်း ပြောကြားခဲ့သည်။ ယခုကိစ္စသည် မိမိတို့လုပ်နိုင်သောကိစ္စဖြစ်ကြောင်းနှင့် ကောင်းမွန်သောကိစ္စဖြစ်ကြောင်း ထရမ့်က သတင်းထောက်များကို ဆက်လက်ပြောကြားလိုက်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျီ-၂၀ အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တောင်ကိုရီးယားသို့ ခရီးဆက်လက်ထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။

တချို့နိုင်ငံရေးလေ့လာသုံးသပ်သူများက အမေရိကန်သမ္မတ ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်တို့သည် ပန်မွန်ဂျုံတွင် တွေ့ဆုံမည်ဟု ခန့်မှန်းထားကြသည်။

သို့သော်လည်း မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် တွေ့ဆုံရန် ပြောသလိုဖြစ်လာမလား၊ မဖြစ်လာဘူးလားဆိုသည်ကို ရှင်းလင်းစွာမသိရသေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသော ဒုတိယအကြိမ် နှစ်နိုင်ငံတွေ့ဆုံပွဲတွင် တွေ့ရစဉ်။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမှာ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် အထမြောက်အောင်မြင်မှာလား

ထွန်းသစ်စ

ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ ဇွန် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပနေတဲ့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိရေးဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားလိုက်သလို တကယ်လို့သာ နှစ်နိုင်ငံကြားကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်မရဘူးဆိုရင် ကမ္ဘာ့စီးပွားရေးအခြေအနေမှာ ဆိုးရွားလာနိုင်ကြောင်း သတိပေးခဲ့ပါတယ်။

အမြင်မတူတာတွေကိုဖြေရှင်း

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးရဲ့ အလွတ်သဘော သီးသန့်ဆွေးနွေးပွဲမှာ ရုရှားသမ္မတ ဗလာဒီမာ ပူတင်၊ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာ မိုဒီနဲ့ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဂျန်ကလောဒီ ဂျန်ကာတို့ဟာ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကို ကုန်သွယ်ရေးဆိုင်ရာ အမြင်မတူညီမှုကို ဖြေရှင်းဖို့ တိုက်တွန်းပြောကြားခဲ့တာဖြင့် အလွန်ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ပါက ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးဆိုင်ရာ စစ်မက်ဖြစ်ပွားမယ့် အရိပ်အယောင်တွေ သန်းလာမှာပါ။

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုကိုဆွေးနွေးရာမှာ မအောင်မြင်ဘူးဆိုတဲ့ စိုးရိမ်စိတ်တွေ ရှိနေတဲ့အချိန်မှာ တစ်ဖက်ကလည်း သူ့ရဲ့ရိုက်ခတ်မှုဂယက်ကြောင့် အာရှမှာ ငွေကြေးဈေးကွက်ဟာကျဆင်းလာပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကလည်း တရုတ်ကုန်ပစ္စည်းတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမယ်ဆိုတဲ့ နှပ်ကြောင်းပေးပြောဆိုခြိမ်းခြောက်မှုတွေ ရှိလာပါတယ်။

အပြန်အလှန်ချေပ

အာရှ-ပစိဖိတ်ရှယ်ယာများဟာ ၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းလာပြီး တရုတ်နိုင်ငံရဲ့ ရှယ်ယာတန်ဖိုးတွေဟာလည်း တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အနည်းငယ်ကျဆင်းလာပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဂျီ-၂၀ထိပ်သီးအစည်းအဝေးမတိုင်ခင်က တရုတ်နိုင်ငံဟာ ကုန်သွယ်ရေးသဘောတူညီချက်ရရှိဖို့ စိုးရိမ်ဖွယ်ကောင်းတဲ့အခြေအနေမှာ ရှိနေပါတယ်လို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ တရုတ်နိုင်ငံရဲ့စီးပွားရေးဟာ အခြေအနေပိုဆိုးလာလို့ဖြစ်တယ်လို့ ထရမ့်က ပြောပါတယ်။

အဲဒီအပေါ် တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း ပြန်လည်ချေပပြောဆိုတာတွေလုပ်ခဲ့ပါတယ်။ ဘယ်လိုချေပခဲ့သလဲဆိုရင် တချို့ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးကို ဆောင်ရွက်တာကြောင့် နောက်ဆုံးမှာ ယင်းက ကုန်သွယ်ရေးပဋိပက္ခတွေကို ဦးတည်သွားပြီး စီးပွားရေးပိတ်ဆို့မှုတွေ ဖြစ်လာစေတယ်လို့ ပြောပါတယ်။ ကမ္ဘာ့စီးပွားရေးကို မတည်မငြိမ်နဲ့ ကမောက်ကမတောင်ဖြစ်စေတယ်လို့ ရှီကျင့်ဖျင်က ပြောပါတယ်။ ဒါတွေဟာ ကမ္ဘာ့ကုန်သွယ်ရေးကို ပရမ်းပတာဖြစ်စေတယ်လို့ အိုဆာကာမှာရောက်နေတဲ့ တရုတ်သမ္မတရှီကျင့်ဖျင်က ဘရစ်အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ တရုတ်အပါအဝင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိက ခေါင်းဆောင်တွေကို ပြောလိုက်ပါတယ်။

ဘယ်သူ့ဘယ်သူမှ အကျိုးမများနိုင်

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း ဂျီ-၂၀ ခေါင်းဆောင်တွေအနေနဲ့ ကုန်သွယ်ရေးနဲ့ နိုင်ငံရေးတင်းမာမှုတွေ မဖြစ်ပေါ်အောင် အတူတကွလက်တွဲလုပ်ဆောင်ကြဖို့လိုကြောင်း ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်တွေကို ပြောလိုက်ပါတယ်။ အဲဒီလို ကုန်သွယ်ရေးနဲ့ နိုင်ငံရေးတင်းမာမှုတွေဟာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးလာမှုနဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်တယ်လို့လည်း အာဘေးက ပြောပါတယ်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပတဲ့ ဂျပန်နိုင်ငံဟာ ဂျီ-၂၀ အစည်းအဝေးကြီးကို အကြောင်းပြုပြီး နိုင်ငံအချင်းချင်း ငြိုးမာန်ဖွဲ့မည်ကို မလိုလားဘဲ ရှောင်ရှားလိုတဲ့အတွက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပွင့်လင်းပြီး လွတ်လပ်တဲ့စီးပွားရေးဟာ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအတွက် အလွန်ကိုအရေးပါကြောင်း ပြောကြားလိုက်သလို ကုန်သွယ်ရေးမှာ အပြန်အလှန်လက်တုံ့ပြန်နေတာက ဘယ်သူ့ဘယ်သူမှ အကျိုးမများနိုင်ကြောင်းလည်း ထပ်လောင်းပြောကြားလိုက်ပါတယ်။

နားလည်စာနာပါတယ်

အမေရိကန်သမ္မတ ထရမ့်က ကုန်သွယ်ရေးမှာ မျှတမှုမရှိတဲ့ အကျိုးရလဒ်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဂျပန်ကို သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ တွေ့ဆုံမှုမပြုခင် အမေရိကန်သမ္မတ ထရမ့်က အာဘေးအား အဆွေတော်အနေနဲ့ ဂျပန်ကားကုမ္ပဏီအများအပြားကို အမေရိကန်ပြည်ထောင်စု၊ မီချီဂန်၊ အိုဟိုင်းအိုး၊ ပင်ဆယ်ဗေးနီးယားနဲ့ မြောက်ကာရိုလိုင်းနားပြည်နယ်တွေကို စေလွှတ်ထားတယ်ဆိုတာကို မိမိအနေနဲ့ နားလည်သဘောပေါက်တယ်လို့ ပြောပါတယ်။ ကားကုမ္ပဏီတွေကို အခုဆိုရင် အမေရိကန်ပြည်ထောင်စုတစ်နံတစ်လျားမှာ တည်ဆောက်မှုတွေ ပြုလုပ်နေကြပြီဖြစ်သလို တခြားဂျပန်ကုမ္ပဏီတွေလည်း အလားတူပါပဲလို့ ထရမ့်က ပြောပါတယ်။

တကယ်တမ်းဆိုရင်တော့ ဒါဟာ တကယ့်ကိုပဲ ကြောက်ခမန်းလိလိ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ သူတို့တွေဟာ အခုဆိုရင် အမေရိကန်ပြည်ထောင်စုကိုဝင်လာပြီး တကယ့်စက်ရုံကြီးတွေတည်ဆောက်နေကြပြီ။ မိမိတို့ဟာ ဒီအခြေအနေနဲ့ ပတ်သက်ပြီး နားလည်စာနာပါတယ်လို့ အမေရိကန်သမ္မတ ထရမ့်က ဆက်လက်ပြောပါတယ်။

ဒါကြောင့်မို့လည်း မိမိတို့တွေ ကုန်သွယ်ရေးအကြောင်းကို ဆွေးနွေးနေရတာဖြစ်သလို စစ်ရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးနေရတာဖြစ်ပါတယ်။ မိမိတို့ဟာ ဂျပန်ကဝယ်ယူမည့် ကာကွယ်ရေးစစ်လက်နက်ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးနေရတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ နားလည်ပါတယ်လို့ အမေရိကန်သမ္မတ ထရမ့်က ပြောပါတယ်။

အတက်ဘက်သို့ဦးတည်

တကယ်တမ်းဆိုရင်တော့ အခုလို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုတွေ ဖြေလျှော့ပြီး ကုန်သွယ်ရေးသဘောတူညီချက်ရအောင် ကြိုးစားဖို့ နိုင်ငံအများအပြားက မျှော်လင့်နေပါတယ်။ ဒါမှလည်း ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံ ကြားဖြစ်ပေါ်လာတဲ့ ကုန်သွယ်ရေးတင်းမာမှုရဲ့ရိုက်ခတ်မှုတွေကို မခံရတော့မှာ ဖြစ်ပါတယ်။

သူတို့နှစ်နိုင်ငံရဲ့ကုန်သွယ်ရေးတင်းမာမှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကို တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်စွမ်းရှိပါတယ်။ အမေရိကန်ဟာ တရုတ်ပို့ကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေလုပ်ခဲ့ရာမှ တရုတ်နိုင်ငံရဲ့ကုန်စည်တင်ပို့မှုဈေးကွက်ဟာ ကမောက်ကမဖြစ်ခဲ့ပြီး တရုတ်ငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းခဲ့ရပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအခင်းအကျင်းကြောင့် အမေရိကန်ဒေါ်လာဟာ အတက်ဘက်သို့ ဦးတည်လာခဲ့ပါတယ်။

အတိုင်းထက်အလွန်ဖြစ်လာမှာလား

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ရဲ့အစိုးရအဖွဲ့ဟာ တရုတ်ပို့ကုန်တွေအပေါ် နောက်ထပ်အခွန်တိုးမြှင့်ကောက်ခံမှုတွေ ပြုလုပ်သွားဦးမယ်လို့လည်း ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း အခုလို အမေရိကန်ရဲ့ကုန်သွယ်ရေးအပေါ် အခွန်တိုးမြှင့်ကောက်ခံတာကစလို့ အမေရိကန်ရဲ့ ကုန်သွယ်ရေး မူဝါဒကို လုံးလုံးမကြိုက်တဲ့အတွက် လက်စားချေတုံ့ပြန်မှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

ဘယ်လိုပဲဆိုစေ အခုတစ်ကြိမ် ဂျပန်နိုင်ငံ အိုဆာကာမှာ ကျင်းပတဲ့ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမှာ ကမ္ဘာ့ခေါင်းဆောင်တွေ တိုက်တွန်းသလိုဖြစ်လာမယ်ဆိုပါက အတိုင်းထက်အလွန်၊ တံခွန်နဲ့ ကုက္ကားဆိုသလို နှစ်နိုင်ငံကုန်သွယ်ရေးမှာ အင်မတန်မှ ကောင်းမွန်တဲ့အခင်းအကျင်းတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ပါက ဘူးလေးရာဖရုံဆင့်သလို နှစ်နိုင်ငံကုန်သွယ်ရေး ပဋိပက္ခတွေကြောင့် ကမ္ဘာ့ကုန်သွယ်ရေးဟာ မညီမျှမှုတွေ၊ တည်ငြိမ်မှုတွေ ဖြစ်လာနိုင်စရာမရှိတော့ပါဘူး။ ။

ကိုးကား-အေအက်ဖ်ပီ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ ဒုတိယနေ့ ဇွန် ၂၉ ရက်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ်။

နိုင်ငံတကာသတင်းတိုတွာ

ရှီကျင့်ဖျင်နှင့် ဝီဒိုဒို နှစ်နိုင်ငံဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေး

အိုဆာကာ ဇွန် ၂၉

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဂျီ-၂၀ အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုတို့ ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံမှုတွင် သမ္မတရှီကျင့်ဖျင်က အင်ဒိုနီးရှားနှင့် နှစ်နိုင်ငံ ဆက်ဆံရေးထူထောင်သည်မှာ ၂၀၂၀ရောက်လျှင် နှစ် ၇၀ ပြည့်ပြီဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိစေမည့် ရလဒ်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလက်တွဲလုပ်ဆောင်သင့်ကြောင်း ပြောသည်။ ထို့အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်က အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ပူးပေါင်းပြီး စမတ်စီးတီးများနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်တို့ကိုထူထောင်ရန်၊ နှစ်နိုင်ငံနှင့်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ္ပံပညာ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို လုပ်ဆောင်သွားရန် တရုတ်နိုင်ငံက လိုလားကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

ဥရောပတစ်လွှား အပူချိန်မြင့်မားမှုဒဏ် ခံစားနေရ

ပါရီ ဇွန် ၂၉

ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ ဩစတြီးယား စသည့်နိုင်ငံများအပါအဝင် အနောက်ဥရောပတစ်လွှားတွင် အပူလှိုင်းဒဏ်ကို ခံစားနေရကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ဇွန် ၂၈ ရက်က အနီရောင်အဆင့် ထုတ်ပြန်ခဲ့ပြီး အပူချိန်သည် ၄၄ ဒသမ ၃ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ ယခုအပူချိန်သည် လွန်ခဲ့သော ၂၀၀၃ ခုနှစ်အပူချိန်ဖြစ်သည့် အပူချိန် ၄၄ ဒသမ ၁ ဒီဂရီဆဲလ်စီးရပ်စ်ကိုကျော်လွန်သွားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် အပူလှိုင်းကြောင့်သေဆုံးသူမှာ သုံးဦးထက်မနည်းရှိခဲ့ကြောင်း သိရသည်။ နေအလွန်ပူနေချိန်တွင် ရေဆင်းမကူးရန် ပြင်သစ်မီးသတ်တပ်ဖွဲ့က သတိပေးထားကြောင်း သိရသည်။ အပူလှိုင်းဖြတ်နေသောကြောင့် ပြင်သစ်နိုင်ငံရှိ ကျောင်းများကိုလည်း ပိတ်ထားကြောင်း သိရသည်။

ထို့အတူ စပိန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် လောင်ကျွမ်းခဲ့သောတောမီးကို မီးသတ်သမား ရာနှင့်ချီ ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ ကတ်တလိုးနီးယားဒေသတွင် နှစ် ၂၀ အတွင်း အဆိုးရွားဆုံးမီးဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။ မီးဘေးကြောင့်လူပေါင်း ၅၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လမ်းများကိုလည်း ပိတ်ထားရသည်။ **အေအက်ဖ်ပီ**

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၁၆၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၀၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၁၆၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၀၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၇၅/၉၂၅	ကျပ်	၉၃၀/၉၄၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၈၅/၉၃၅	ကျပ်	၉၄၅/၉၅၅	ကျပ်
အောက်တိန်း ၉၂	၇၆၀/၈၁၅	ကျပ်	၈၄၀/၈၆၀	ကျပ်
အောက်တိန်း ၉၅	၈၄၀/၉၀၅	ကျပ်	၉၄၀/၉၅၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၁၅ · ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၇၂၅ · ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၉ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၂၀ · ၄
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၀၇ · ၁
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၆၂ · ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၂၀ · ၆၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ · ၉၅၂
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၁ · ၁၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၆ · ၅၂
ထိုင်း	တစ်ဘတ်	ကျပ်	၄၉ · ၃၈၁

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

MFF Warrix Futsal Cup 2019 (MDY) ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး ဇွန် ၂၉

MFF Warrix Futsal Cup 2019 (MDY) ပြိုင်ပွဲဖွင့်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိဘက်စုံသုံး အားကစားရုံ၌ ယနေ့ နံနက်က ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အဖွင့်ပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားသော GV Athletic အသင်းနှင့် Dream Team အသင်းတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၄၁ သင်းဖြင့် ဇွန် ၂၉ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ချန်ပီယံဆုရရှိသည့်အသင်းအား ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ်သိန်း ၃၀၊ ဒုတိယအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၂၀၊ တတိယရရှိသည့်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀သိန်းနှင့် စတုတ္ထရရှိသောအသင်းအား ဆုကြေးငွေကျပ် ငါးသိန်းတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး အသန့်ရှင်းဆုံးအသင်းဆု၊ အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုများလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

အဖွင့်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားနေကြစဉ်။

ပင်လောင်းမြို့နယ်၌ သန့်ရှင်းသော သောက်သုံးရေပေးဝေရေးစီမံကိန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အစိုးရမဟုတ်သောအဖွဲ့အစည်း Terra People Association (TPA) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက်တစ်ခုနှင့်ကျေးရွာ ငါးရွာသို့သန့်ရှင်းသော သောက်သုံးရေပေးဝေရေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြသိန်းတန်စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဂျပန်နိုင်ငံသံရုံးနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း (TPA) တို့မှ ကိုယ်စားလှယ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ရေပေးဝေရေး အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့က သောက်သုံးရေပေးဝေရေးလုပ်ငန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရေလှောင်ကန်များ၊ ရေတင်စက်များ၊ လျှပ်စစ်သွယ်တန်းထားခြင်း လုပ်ငန်းများနှင့် ဒေသခံပြည်သူများရေရရှိသုံးစွဲနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သန့်ရှင်းသောသောက်သုံးရေ ပေးဝေရေးစီမံကိန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါရေပေးဝေရေးလုပ်ငန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်ထီဗွာကျေးရွာအုပ်စု ဥဆောင်းရေထွက်မှ အုတ်စီရေယူမြောင်းပြုလုပ်၍ အနည်ထိုင်ကန်၊ ရေစစ်ကန်များမှ တစ်ဆင့် ဂါလန် ၈၆၀၀၀ ဆံ့ ရေလှောင်ကန်နှစ်ကန်မှ ရေတင်စက်များဖြင့် ရပ်ကွက်တစ်ခု၊ ကျေးရွာ ငါးရွာရှိ ဂါလန် ၇၆၀၀ ဆံ့ရေလှောင်ကန် ကိုးကန်သို့ သန့်ရှင်းသော သောက်သုံးရေများဖြန့်ဝေပေးနိုင်ခဲ့သဖြင့် ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက်၊ စင်းတောင်းကျေးရွာ၊ ထီတလိကျေးရွာ၊ တင်းထက်ကျေးရွာ၊ ဝါးပြုံးကျေးရွာ၊ တောင်လေးကျေးရွာများမှ ဒေသခံပြည်သူတို့အတွက် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

သတင်းစဉ်

ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သင်တန်းနှင့် လက်ရက်ကန်းသင်တန်းဆင်းပွဲကျင်းပ

ဘားအံ ဇွန် ၂၉

ကရင်ပြည်နယ် ဘားအံမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (ဘားအံ)၏ ၂၀၁၈-၂၀၁၉ပညာသင်နှစ် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းခြောက်လသင်တန်းဆင်းပွဲကို ယမန်နေ့က ဘားအံမြို့ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းရှိ နည်းပညာဆောင်အပေါ်ထပ်၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအနေဖြင့် ကရင်ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ပပျောက်မှုမရှိစေရန်၊ ခေတ်နှင့်အညီ ရိုးရာအဆင်ဒီဇိုင်းများကို မိမိတို့ တတ်မြောက်ခဲ့သည့် အတတ်ပညာဖြင့် ဆန်းသစ် ဖော်ထုတ်သွားကြစေလိုကြောင်း၊ ရက်ကန်းပညာရပ်ကို တတ်ထားခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများမှာ သွားရောက်လုပ်ကိုင်စရာမလိုဘဲ မိသားစုနှင့် အိုးမကွာအိမ်မကွာ လုပ်ကိုင်ကာ ဝင်ငွေရရှိစေရေးအတွက် ရည်ရွယ် သင်ကြားပေးခြင်းလည်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းများတွင် ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်းတွင် သံတောင်ကြီးမြို့နယ်မှ ၁၂ ဦး၊ ဘားအံမြို့နယ်မှ တစ်ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ သုံးဦးနှင့် လိပ်သိုမှ နှစ်ဦး စုစုပေါင်း ၁၈ ဦး၊ လက်ရက်ကန်းခြောက်လသင်တန်းတွင် ၁၀ ဦး တက်ရောက် သင်ကြားကြောင်း၊ သင်တန်းပြီးဆုံးပါက လက်ရက်ကန်းစင်များ ထောက်ပံ့ပေးနိုင်ရေး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

လက်ရက်ကန်းသင်တန်းဆင်းပွဲ၌ သင်တန်းသားများ ရက်လုပ်ထားသည့်ချည်ထည်များကို ကရင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစဉ်။

လောကဝတ် (Etiquette)

သန့်သန့်ရှင်းရှင်းရောဂါကင်း

မမမေ

ဒီကာလက ရာသီအကူးအပြောင်းမို့ ကလေးတို့အားလုံး ကျန်းမာရေးကို ဂရုစိုက်ကြဖို့လိုပါတယ်။ မိုးဦးကျမို့ သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးတွေနဲ့ ကူးစက်တတ်တဲ့ရောဂါအချို့နဲ့ အအေးမိရောဂါလို ဝေဒနာမျိုးတွေကို ကလေးတို့ကြုံရတတ်ပါတယ်။ အဲဒီလိုပြဿနာမျိုးတွေကို မကြုံရဖို့နဲ့ကလေးတို့က ရာသီပေါ်ရောဂါတွေကျရောက်မယ်ဆိုရင် သူများကို မကူးစက်စေဖို့ လိုက်နာရမယ့် လောကဝတ်လေးတွေအကြောင်းကို ပြောပြချင်ပါတယ်။ ပထမဆုံးကတော့ ရောဂါပိုးတွေအများစုဟာ လက်မသန့်ရှင်းရာကနေ ပြန့်ပွားနိုင်တဲ့အတွက် လက်သန့်ရှင်းရေးကို မေမေ၊ ဖေဖေတို့က သတိထားပြီး သန့်ရှင်းပေးကြမယ်ထင်ပါတယ်။

သန့်ရှင်းစွာ ဆေးကြော

ဒါပေမယ့်စနစ်ကျတဲ့ လက်ကိုဆေးနည်းတွေဖြစ်ဖို့လိုပါတယ်။ ဆပ်ပြာနဲ့လက်ရဲ့ အပြင်နဲ့အတွင်း တံတောင်ဆစ်အထိ သန့်ရှင်းစွာ ဆေးကြောကြပြီဆိုရင် သူများကို စိုစွတ်နေတဲ့ရေတွေနဲ့ ပေကျံအောင်မလုပ်ကြဖို့လိုပါတယ်။ ဆိုးတဲ့ကလေးတွေ အချို့ဟာ လက်ဆေးပြီးစ ရေစက်တွေကို သူငယ်ချင်းတွေရဲ့မျက်နှာကို စဉ်အောင် လုပ်ကြတဲ့အတွက် ဆရာမတွေက တားမြစ်နေကြရပါတယ်။ တစ်နှစ်မှာ လက်ဆေးပြီး သုံးတဲ့ တစ်ခါသုံးတစ်သျှူးစက္ကူဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် တန်ချိန် သန်းချီပြီး ထွက်ရှိပါသတဲ့။ သန့်ရှင်းတဲ့လက်ဖဝါးလေးတွေ ဖြစ်လာဖို့ဆိုရင် သန့်ရှင်းပြီးစ လက်ကလေးကို ရေစက်ကလေးတွေပြုတ်ကျတဲ့အထိ အသာအယာခါပြီးတော့ ခြောက်သွေ့အောင်လုပ်နိုင်ပါတယ်။

လက်ကိုင်ပဝါလေးနဲ့ ကွယ်ပြီးလုပ်ဆောင်မယ်

လက်ကိုင်ပဝါလေးတွေကို မမမေတို့ငယ်ငယ်က ကျောင်းသွားရင် အင်္ကျီမှာ တွယ်ချိတ်နဲ့ တွယ်ပေးလိုက်ပါတယ်။ အခုနောက်ပိုင်းတော့ တစ်သျှူးစက္ကူတွေကို သုံးလာကြပါတယ်။ နှာချေတဲ့အခါ၊ ချောင်းဆိုးတဲ့အခါ၊ ပေကျံတဲ့အခါ လက်ကိုင်ပဝါလေးနဲ့ ကွယ်ပြီးလုပ်ဆောင်မယ်ဆိုရင် ကိုယ့်ဆီကနေထွက်လာမယ့် ရောဂါပိုးတွေကို သူတစ်ပါးဆီ မရောက်အောင်ကာကွယ်ပေးနိုင်မှာပေါ့။ ဒါဆိုရင်သူများအတွက် မထိခိုက်စေသလို ကလေးတို့ဟာလည်း ကိုယ်ချင်းစာတတ်တဲ့ ကလေးလေးတွေ အဖြစ် ပိုပြီးသူများက ချစ်ခင်လာမှာပေါ့။ ဆိုးတဲ့ကလေးတွေက အကာအကွယ်မပါဘဲ နှာချေ၊ ချောင်းဆိုးရင်လည်း လက်ကိုင်ပဝါလေးနဲ့ကွယ်ထားပြီး ရောဂါမကူးအောင် လုပ်ဆောင်နိုင်တာမို့ သန့်ရှင်းတဲ့ လက်ကိုင်ပဝါလေးတွေဆောင်ထားဖို့ မမေ့ပါနဲ့နော်။ ဒါတင်မကသေးပါဘူး။ အအေးမိတဲ့အတွက် လည်ချောင်းနာတဲ့အခါ ကလေးတို့ မကြာခဏ တံတွေးထွေးဖြစ်ကြမှာပါ။ ဒီအခါမှာလည်း သူတစ်ပါးကို အနှောင့်အယှက် မဖြစ်ဖို့ သတိထားဖို့လိုသလို ကျန်းမာရေးအရလည်း ရောဂါတွေ ကူးစက်နိုင်တဲ့အတွက် ရောဂါမကူးနိုင်အောင် ဆင်ခြင်ပြီး လုပ်ဆောင်ရမှာပါ။ တံတွေးထွေးတာ၊ ချွဲဟပ်တာ

မျိုးဟာ အစမှာ ကျန်းမာရေးအရ အအေးမိတဲ့အခါ ဖြစ်တတ်ပေမယ့် ကြာလာရင် အကျင့်ပါပြီး လူကြားသူကြားမရှောင် အကျင့်လိုလုပ်ဖြစ်တတ်တာမျိုးရှိတယ်လို့ ကျန်းမာရေးစောင့်ကြည့်သူတွေက ဆိုထားပါတယ်။ ဒါကြောင့် ကလေးတို့လည်း ကျန်းမာရေးကိုဂရုစိုက်ပြီး သူများက ကိုယ့်ကိုနှာခေါင်းရှုံ့မိစေတဲ့အမူအရာလေး တွေကို ရှောင်ကြဉ်ကြပါလို့ သတင်းစကားပါးလိုပါတယ်။ ။

သိမှတ်စရာအဖြာဖြာ (General Knowledge)

ကလေးတိုင်းစီးတတ်ဖို့ကြိုးစားတဲ့စက်ဘီးကလေးတွေ

ကေ - ဂျူဝယ်လ်

ကလေးတို့တွေအားလုံး စက်ဘီးစီးတတ်ကြပြီလား။ ကလေးဘဝမှာ စက်ဘီးစီးတတ်ဖို့ဆိုတာ အိပ်မက်တစ်ခုပါပဲ။ မမတို့ငယ်ငယ်ကတော့ ဗိုလ်အုန်းသီးစက်ဘီးဆိုပြီး သံစက်ဘီးလေးက တော်တော်လေး နာမည်ကြီးတယ်။ အခုခေတ်မှာတော့ ကလေးတို့အကြိုက် ကာတွန်းပုံလေးတွေ၊ အရောင်စုံစုံနဲ့ ဘဲလ်လှလှလေးတွေ၊ မီးပွင့်လေးတွေ၊ ခြင်းတောင်းလေးတွေ၊ နောက်ခုံလှလှလေးတွေ၊ အမိုးလေးတွေ မျိုးစုံပါတဲ့စက်ဘီးလေးတွေ ပေါ်လာလို့ တော်တော်လေး ချစ်စရာကောင်းလာတာပေါ့။ စက်ဘီးဟာ ၁၉ ရာစုမှာ စတင်ပေါ်ပေါက်လာတယ်လို့ သိရပါတယ်။ ဒါပေမယ့် ရှေးအီဂျစ်နိုင်ငံမှာတော့ ဘီးနှစ်ဘီးတပ်ယာဉ်တွေ ရှိတယ်လို့ ပါးစပ်ရာဇဝင်တော့ ရှိတယ်တဲ့။ ဒါပေမယ့် တိကျတဲ့အထောက်အထားတော့ မတွေ့ရပါဘူး။ ၁၇၉၀ ခုနှစ်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့ရဲ့ဆစ်ဗ်ရပ်မြို့စားကြီး Count of Civrac တီထွင်ခဲ့တဲ့ Celerifere ဆိုတာက အစောဆုံးစက်ဘီးလို့ ပြင်သစ်လူမျိုးတွေကတော့ ဆိုကြပါတယ်။



နာမည်ပြောင်အနေနဲ့ မြင်းလို့ခေါ်ကြ

တကယ်တမ်းတော့ ၁၈၁၆ ခုနှစ်မှာ ဂျာမန်လူမျိုး ဗွန်ဒရေစ့် (Von Drais) ကနေ တီထွင်ထားတဲ့ ဘီးနှစ်ခုပါပြီး လူကပြေးရင်းနဲ့ အရှိန်ရလာရင် ဘီးကို အသုံးပြုလို့မှီသွားရတဲ့ Draisienne ဆိုတာကို စတင်တီထွင်နိုင်ခဲ့တာကတော့ အထင်ကရစက်ဘီးရာဇဝင်အစပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီခေတ်က စက်ဘီးကြီးဟာ ကလေးတို့အတွက် ရယ်မောစရာ ဖြစ်နေပါလိမ့်မယ်။ ဘီးကြီးတစ်လုံးနဲ့ ဘီးသေးတစ်လုံးကို ချိန်းမပါ၊ ခြေနင်းခုံ မပါဘဲ ပြေးရတာပါ။ အရှိန်ရလာမယ်ဆိုရင်တော့ လက်ကိုင်လေးကို ထိန်းပြီး ခြေထောက်လွှတ်လိုက်တာနဲ့ ဘီးက အရှိန်ရှိသလောက် ပြေးတော့တာပေါ့။ အဲဒီစက်ဘီးတွေကို သစ်သားတွေနဲ့ ပြုလုပ်ထားပြီး ဘီးတွေကိုတော့ သံဘီးတွေကို အသုံးပြုကြပါတယ်။ လမ်းလျှောက်နေတာထက် စာရင်တော့ အထိုက်အလျောက် မြန်သွားတာပေါ့။ ရှေးတုန်းက စက်ဘီးကို နာမည်ပြောင်အနေနဲ့ မြင်းလို့ခေါ်ကြတယ်။ ဘီးနှစ်ခုရဲ့ တွဲထားတဲ့ အလယ်တန်းကို ခွပြီးပြေးရတာဆိုတော့ မြင်းစီးရတာနဲ့ တူတာကိုး။ အဲဒီကနေ သက်သောင့်သက်သာ စီးနင်းလို့ရပြီး ခြေနင်းတံတွေ၊ ချိန်းကြိုးတွေ၊ ဘရိတ်တွေစသည်ဖြင့် တိုးတိုးပြီး တီထွင်ဖြည့်ဆည်းခဲ့ကြပါတယ်။ အခုနောက်ပိုင်းမှာ ဆိုလာစနစ်နဲ့ နင်းရသက်သာတဲ့ စက်ဘီးတွေ၊ ဘက်ထရီအသုံးပြုထားတဲ့ လျှပ်စစ် စက်ဘီးတွေလည်း အများအပြား ပေါ်ပေါက်လာခဲ့ပါပြီ။ အဲဒီလိုအနေအထားကနေအဆင့်ဆင့် ပြောင်းလဲလာလိုက်တာ အခုကလေးတို့ စီးနေ၊ မြင်နေရတဲ့ အနေအထားရောက်အောင် တဖြည်းဖြည်း ချင်းတိုးတက်ပြောင်းလဲလာခဲ့တာပေါ့။

ကျန်းမာရေးကို အထောက်အကူဖြစ်

စက်ဘီးကလေးတွေ စီးရတာဟာ ကလေးတို့ အပန်းပြေစေရုံတင်မကပါဘူး။ ကလေးတို့ရဲ့ ကျန်းမာရေးကိုလည်း အများကြီး အထောက်အကူဖြစ်ပါတယ်။ စက်ဘီးစီးတာကို ဝါသနာအရ လုပ်ရင်းနဲ့ ကလေးတို့ စက်ဘီးအားကစားမောင်မယ်လေးတွေလည်း ဖြစ်လာနိုင်ပါသေးတယ်။ အခုအချိန်မှာ တစ်ကမ္ဘာလုံးမှာ စက်ဘီးစီးရေ သန်းပေါင်း ၁၀၀၀ ကျော်အထိ ရှိလာပြီလို့ သိရပါတယ်။ ကလေးတို့လည်း စက်ဘီးကလေးတွေကို နည်းစနစ်မှန်မှန် စီးနင်းတတ်ပြီး နိုင်ငံ့ဂုဏ်ဆောင် စက်ဘီးအားကစား မောင်မယ်လေးတွေအထိ ဖြစ်လာပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။

ရင်သွေးရုပ်ပုံလွှာ

"မျှတအာဟာရ ဉာဏ်ရည်ပြည့်ဝ" နန်းဩမူလွန်ကျောင်းမှ ကျောင်းသားလေးများ။

ဓာတ်ပုံ - ဟိန်းထက်ဇော် (မြန်မာ့အလင်း)


HTOO




ကာတွန်း စမ်းချောင်းကိုကိုအောင်
ခိုင်ဝေ၊ အဘဂျစ် ကိုဘာတွေဆူနေတာလဲ၊
ဒီကောင်လေးဟာ ခိုင်းရင်မလုပ်ချင်ဘူး၊
ပြောရင်လည်းပေကပ်ကပ် နဲ့၊
ဒါပေမယ့်ကျောင်းတက် တော့မပျင်းဘူးဟ၊
ကောင်းတာပေါ့၊ ကျောင်း မှန်မှန်တက်၊ စာမခက် တဲ့၊
အဲဒါတော့မသိဘူး၊ ကျောင်း မှန်မှန်တက်ရင်၊ မုန့်ဖိုးမှန်မှန် ရမှာတော့သိတယ်၊


ဒီနေ့တော့ စည်ပိုင်းလှိမ့် သင်ကြရို့
ဒီပေါ်တက်ပြီး ဒီလိုလေးလှိမ့်
ငါပြမယ် ကြည့်ထား..
မြင်လား
ဟုတ်ပြီ လှိမ့်ထား..
ပြီး

ဘာလုပ်နေတာ လဲ... မေမေ...
အုန်းထမင်းနဲ့ကြက် သားဟင်း ချက်မလို့... သားရဲ့...
ပြီးတော့ချဉ်ပေါင်ရွက်ဟင်းချို ချက်ပြီးဗာလချောင်ကြော်မယ်...
အချိုပွဲကတော့ သီးစုံကျောက်ကျော ပေါ့...
ဟား... မိုက်တယ်မေမေ...
အဲဒီ... သားက မေမေ့ကို ကူ မလုပ်ပေးချင်ဘူးလားဟင်...
ချက်ပြုတ်ပြီးမှပဲ ကူပြီးစားပေးတော့ မယ် မေမေ...။ အခုတော့သွားကစားလိုက် ဦးမယ်... ဟီး... ဟီး... ဟီး...

ထမ်းဆောင်ခဲ့သည့် တာဝန်များအပေါ် ဂုဏ်ယူရင်း ပီတိဖြာဝေခဲ့ရသည်

တင်တင်ဝင်း (စာပေဗိမာန်)

ပြေ၊ မေ နွေရက်များ ကုန်လွန်ပြီး ဇွန်လ ၃ ရက်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများဖွင့်လှစ်ရာ အချိန်အခါဖြစ်သည်။ သစ်လွင်သောအဖြူ၊ အစိမ်းဝတ်စုံများ ဝတ်ဆင်ထားသော မျိုးဆက်သစ်ရင်သွေးငယ်များသည် ရွှင်လန်းတက်ကြွသည့် ခြေလှမ်းများဖြင့် ကျောင်းတော်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေကြသည်။ နွေကျောင်းပိတ်ရက်များတွင် တိတ်ဆိတ်ငြိမ်သက်ခဲ့ရသည့် ကျောင်းတော်ကြီးသည် ကျောင်းတက်ခေါင်းလောင်းသံ၊ နိုင်ငံတော်သီချင်း သီဆိုသံ၊ စာအံသံ၊ ကဗျာရွတ်ဆိုသံများဖြင့် သက်ဝင်နိုးထလာခဲ့သည်။

ကျောင်းဝတ်စုံအစား ပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့ပေး

ယခု ပညာသင်နှစ် ၂၀၁၉- ၂၀၂၀ တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံအစား ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် ၁၂ အုပ်စီ ထောက်ပံ့ပေးပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့ပေးခဲ့သည်။

ပညာရေးတွင် အရေးကြီးဆုံးဖြစ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူရိုက်နှိပ်ခဲ့ရပြီး အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေးတို့ကို ဝန်ထမ်းများက ဝိုင်းဝန်းအားထုတ်ခဲ့ကြသည်။ အနာဂတ်၏ နိုင်ငံ့သားကောင်းများ အသုံးပြုမည့် ကျောင်းသုံးစာအုပ်များကို အရည်အသွေးပြည့်မီစွာ အချိန်မီ ပုံနှိပ်ပေးနိုင်ခဲ့သည့်အတွက်လည်း ကြည်နူးပီတိဖြစ်ကြရသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် တိုင်းရင်းသားပြည်သူများ စာပေဗဟုသုတ တိုးပွားစေရန်၊ လူထုမီဒီယာမှတစ်ဆင့် စာပေဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ပုံနှိပ်ခြင်းဆိုင်ရာများကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ အဦးအစသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀ ကျော်၊ ၁၈၈၀ ပြည့်နှစ်က ရန်ကုန် ဗဟိုအကျဉ်းထောင်တွင် စတင်တည်ထောင်ခဲ့သည့် အစိုးရပုံနှိပ်တိုက်မှ စတင်ခဲ့သည်။ အစိုးရပုံနှိပ်တိုက်သည် မြန်မာနိုင်ငံအစိုးရအတွင်းဝန်များရုံး၏ ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ရာမှ အခြားပုံနှိပ်လုပ်ငန်းများကို တစ်စတစ်စ တိုးချဲ့ဆောင်ရွက်လာခဲ့ကာ ၁၉၀၆ ခုနှစ်တွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ ရှိ ဗဟိုပုံနှိပ်စက်ရုံကို စတင်အုတ်မြစ်ချပြီး ၁၉၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အုပ်ချုပ်ရေးစနစ်သစ်တွင် ဗဟိုပုံနှိပ်တိုက်နှင့် တိုက်ခွဲများ၊ စာပေဗိမာန်အဖွဲ့နှင့် ပြည်သူပိုင် ပုံနှိပ်တိုက်များကို စုပေါင်းဖွဲ့စည်းကာ "ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း" ဖြစ်ပေါ်လာခဲ့သည်။

၁၉၉၉ ခုနှစ်တွင် "ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း"၊ ၂၀၁၆ ခုနှစ်တွင် "ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန" ဟူ၍ ဖြစ်လာပြီး ပုံနှိပ်လုပ်ငန်းများနှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဗဟိုပုံနှိပ်တိုက်အဆောက်အအုံကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ကာ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံ၏ စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန လက်အောက်ရှိ စာပေဗိမာန်ရုံးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုံနှိပ်လုပ်ငန်းများကို ပုံနှိပ်ဌာနခွဲများဖြစ်သည့် နေပြည်တော်ရှိ ပုံနှိပ်စက်ရုံ တစ်ခု၊ မန္တလေးမြို့ရှိ ပုံနှိပ်စက်ရုံ တစ်ခု နှင့် ရန်ကုန်မြို့ရှိ ပုံနှိပ်စက်ရုံ ငါးခု တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

စာပေဗိမာန်က အပတ်စဉ်ထုတ်ဝေသည့် ရွှေသွေးဂျာနယ်၊ လစဉ်ထုတ်ဝေသည့် သုတပဒေသာမဂ္ဂဇင်း၊ နှစ်စဉ်ထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တို့အပြင် နိုင်ငံတော် ပြန်တမ်းများ၊ ပြက္ခဒိန်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ နှင့် ဗလာစာအုပ်များကိုလည်း ပုံနှိပ်ပေးလျက်ရှိသည်။ ထို့ပြင် စာပေဗိမာန်စာမူဆုရစာအုပ်များ၊ ပခုက္ကူဦးအုံးဖေစာမူဆုရစာအုပ်များ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံးနှင့် အခြားဝန်ကြီးဌာနများက အပ်နှံလာသည့် ပုံနှိပ်လုပ်ငန်းများကိုလည်း အချိန်မီ အချိန်ကိုက်ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

ပညာသင်နှစ်အမီ ပြီးစီးရေးသည် အရေးကြီး

ယင်းပုံနှိပ်လုပ်ငန်းများအနက် အဓိကအကျဆုံးမှာ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပညာသင်နှစ်အမီ ပုံနှိပ်ပေးရခြင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခဲ့သည်မှာ ခေတ်အဆက် ဆက် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

၁၉၅၁ ခုနှစ်၌ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ပညာရေးချမှတ်ဆောင်ရွက်နိုင်မည့် စီမံကိန်းတစ်ရပ် ပေါ်ပေါက်ရန်အတွက် နိုင်ငံတကာရှိ ပညာရေးတည်ဆောက်မှုများကို လေ့လာရန် "မြန်မာနိုင်ငံပညာစုံစမ်းလေ့လာရေးမစ်ရှင်" (The Burma Educational Observation and Study Mission) အဖွဲ့ကို ဖွဲ့စည်းပြီး အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနှင့် ပါကစ္စတန်နိုင်ငံတို့သို့ စေလွှတ်ခဲ့သည်။

ယင်းမစ်ရှင်အဖွဲ့၏ ခေါင်းဆောင်မှာ ပညာမင်းကြီး ဦးကောင်းဖြစ်ပြီး အဖွဲ့ဝင် ခြောက်ဦး ပါဝင်သည်။ အဖွဲ့၏ အစဉ်တစိုက်ကြိုးပမ်းမှုဖြင့် "ပညာရေး ပြန်လည်ဖွဲ့စည်းရေးကော်မတီ" က ၁၉၅၂ခုနှစ် ဩဂုတ်လတွင် ကျင်းပသည့် "ပြည်တော်သာညီလာခံ" သို့ ဘဝသစ်ဖန်တီးမှု ပြည်တော်သာပညာရေးစီမံကိန်းကို တင်သွင်းခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ဒုတိယအကြိမ်ပညာရေး ပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းတွင် ကျောင်းသုံးစာအုပ် အမြောက်အမြားထွက်ပေါ်ရေးသည် အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနသည် ၁၉၅၂ခုနှစ် အောက်တိုဘာလတွင် ကျောင်းသုံးစာအုပ်ထုတ်လုပ်မှု ညွှန်ကြားရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) တွင်လည်း ရိုးရိုးစာသင်ကျောင်းနှင့် သက်မွေးမှုကျောင်းများအတွက် ကျောင်းသုံးစာအုပ်များ ထုတ်ဝေရန် ကျောင်းသုံးစာအုပ်ဌာနကို ဖွင့်လှစ်ခဲ့သည်။

သူငယ်တန်းမှ တက္ကသိုလ်အထိ မြန်မာဘာသာသင်ကြားပို့ချနိုင်ရန် ကြိုးပမ်းရာ၌ အကြီးမားဆုံး ပြဿနာမှာ ကျောင်းသုံးစာအုပ်များ အလုံအလောက်ရရှိရေးပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစ ကာလတွင် ပညာရေးဝန်ကြီးဌာနသည် အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ကျောင်းသုံးစာအုပ်များအစား ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အသစ်များကို စာပေဗိမာန်နှင့် ပူးပေါင်းပြုစုထုတ်ဝေခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဦးသိန်းဟန် (ဆရာဇော်ဂျီ) သည် ကျောင်းသုံးစာအုပ်ပြုစုထုတ်ဝေရေး ညွှန်ကြားရေးမှူးဖြစ်သည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်)နှင့် အစိုးရပညာရေးဝန်ကြီးဌာန၊ ကျောင်းသုံးစာအုပ်ထုတ်လုပ်မှု ညွှန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသုံးစာအုပ်များ ဘာသာပြန်ဆိုပြုစုရေးတို့ ဆောင်ရွက်ခဲ့ကြပြီး စာပေဗိမာန်ပုံနှိပ်တိုက်တွင်လည်း ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခဲ့ကြသည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၏ အဓိကတာဝန်များတွင် အစိုးရ၏ မူဝါဒနှင့်ကိုက်ညီသည့် အစိုးရအသိအမှတ်ပြု ကျောင်းသုံးစာအုပ်များ ပုံနှိပ်၍ ပြည်သူလူထုသို့ ဈေးအသက်သာဆုံးနှုန်းထားဖြင့် ရောင်းချဖြန့်ချိရန်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ ပုံနှိပ်ထုတ်လုပ်မှု မှတ်တမ်းကိုကြည့်သော် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် ၁၉၆၂ မှ ၁၉၈၇ ခုနှစ် အထိ ၂၅ နှစ်တာ ကာလအတွင်း ကျောင်းသုံးဖတ်စာအုပ် သန်း ၂၀ မှ ၂၅ သန်း ကိုလည်းကောင်း၊ ဗလာစာအုပ်သန်းပေါင်း ၁၀၀ ကို လည်းကောင်း နှစ်စဉ် ပုံနှိပ်ခဲ့သည်။

"ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ ပုံနှိပ်ထုတ်လုပ်မှု မှတ်တမ်းကိုကြည့်သော် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ၁၉၆၂ မှ ၁၉၈၇ ခုနှစ်အထိ ၂၅ နှစ်တာ ကာလအတွင်း ကျောင်းသုံးဖတ်စာအုပ် သန်း ၂၀ မှ ၂၅ သန်း ကို လည်းကောင်း၊ ဗလာစာအုပ်သန်းပေါင်း ၁၀၀ ကို လည်းကောင်း နှစ်စဉ် ပုံနှိပ်ခဲ့သည်"

နှစ်စဉ် သန်း ၄၀ခန့် ပုံနှိပ်ပေးနိုင်ခဲ့

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အခြေခံပညာကျောင်းသုံးစာအုပ်များကို ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ် သန်း ၄၀ ခန့် ပုံနှိပ်ပေးနိုင်ခဲ့သည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များကို အရည်အသွေး ပြည့်ဝစွာ အချိန်မီ ပုံနှိပ်နိုင်ရန် ဌာနအောက်ရှိ ပုံနှိပ်စက်ရုံအားလုံးသည် စက်ရုံအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး ကျောင်းဖွင့်မည့် ဇွန်လမတိုင်မီ ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ပညာသင်နှစ်အလိုက် ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်ပါက မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များမှာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အုပ်ရေ ၃၈သန်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သန်း ၄၀ ကျော်၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ၄၄ သန်းကျော်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၄၆ သန်းကျော် ပုံနှိပ်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းအဆင့် ၂၄ သန်းကျော်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်း၊ အထက်တန်းအဆင့်အတွက် ၂၈သန်းကျော်၊ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်များတွင် အလယ်တန်းအဆင့် ၃၆ သန်းကျော်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ၃၅ သန်း၊ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ၃၉ သန်းကျော် ပုံနှိပ်ပေးနိုင်ခဲ့ပြီး လာမည့် ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်တွင် အုပ်ရေသန်း ၅၀ ပုံနှိပ်ရန် လျာထားကြောင်း သိရသည်။

စက္ကူအမျိုးအစားအနေဖြင့် ယခင်က ကျောင်းသုံးစာအုပ်အဖုံးကို Duplex Board 180 gsm ဖြင့် လည်းကောင်း၊ အတွင်းသားကို Newsprint 48.8 gsm စက္ကူဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်၍ အဖုံးကို စက္ကူအမျိုးအစား ပိုမိုကောင်းမွန်သည့် Art Card 210 gsm စက္ကူဖြင့် လည်းကောင်း၊ အတွင်းသားကို စက္ကူဖြူချော Wood Free 70 gsm စက္ကူဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

စာအုပ်အရွယ်အစားအနေဖြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စာအုပ်အရွယ်အစားကို (4 ⅞ "× 6 ⅞ ") နှင့် 6 ⅞"× 9 ½"၊ 5 ⅞ "× 8 ¼"၊ 8 ¼"× 10 ⅞" အရွယ် လေးမျိုး ပုံနှိပ်ခဲ့ရပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ စာအုပ်အရွယ်အစားကို 6 ⅞ "× 9 ½" အရွယ်တစ်မျိုးတည်းသာ ဆောင်ရွက်ခဲ့သည်။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ယခင်က ပညာရေးဝန်ကြီးဌာန၏ အမှာစာအရ ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အပါအဝင် ပြင်ပ ပုဂ္ဂလိက ပုံနှိပ်တိုက်များသို့ တင်ဒါစနစ်ဖြင့် အပ်နှံခွဲဝေ ပုံနှိပ်ထုတ်လုပ်ခဲ့သည်။

ယခုနှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ အလယ်တန်းနှင့် အထက်တန်းအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၃၉၂၀၃၀၂၆ အုပ် ပုံနှိပ်ပေးခဲ့သည် ။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အဆင့်သို့တိုင် ကျောင်းဖွင့်အမီ စာအုပ်များရောက်ရှိရန် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် တွဲဖက်ညှိနှိုင်း၍ ပို့ဆောင်ပေးခဲ့ကြသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစတင်၍ စနစ်သစ်သင်ရိုးကို အဖုံး၊ အတွင်းသား လေးရောင်၊ စနစ်ဟောင်းစာအုပ်များကို အဖုံး၊ အတွင်းသား တစ်ရောင်ဖြင့် ပုံနှိပ်ရန် လျာထားကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ပင်မထောက်တိုင်
တစ်ခုအဖြစ် ရပ်တည်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ တတိယ (၁) နှစ်တာကာလအတွင်း ပထမ(၆) လတာကာလ၌ ကျောင်းသုံးဖတ်စာအုပ် ၃၉ သန်းကျော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (ရန်ကုန်) မှတ်တမ်းစာအုပ်၊ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ မှတ်တမ်းစာအုပ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ဆန္ဒမဲလက်မှတ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်များကို စောင်ရေသန်းချီ၍ ပုံနှိပ်နိုင်ခဲ့သည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပင်မထောက်တိုင်ကြီးတစ်ခုအဖြစ် ပုံနှိပ်ထုတ်ဝေရေး၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီပုံနှိပ်ပြီးစီးရေးအတွက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ပုံနှိပ်ဘက်ဆိုင်ရာ ဝန်ထမ်းကြီးငယ်တို့သည် သက်ဆိုင်ရာဌာနအကြီးအကဲတို့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် နေ့မအားညမနား တာဝန်ထမ်းဆောင်ခဲ့ကြသည်။

မြန်မာတစ်နိုင်ငံလုံးရှိ စာသင်ကျောင်းအသီးသီးတွင် အနာဂတ်၏သားကောင်း ရတနာလေးများ၊ ကျောင်းသားကျောင်းသူများ၏ ရွှင်မြူးတက်ကြွသည့် စာအံသံများကို ကြားရသောအခါ ပင်ပန်းနွမ်းနယ်သမျှတို့သည် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ပြေပျောက်ကြရသည်။ မိမိတို့ထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူရင်း ပီတိဖြာဝေခဲ့ရပါတော့သည်။

ကိုးကားစာအုပ်စာတမ်းများ

၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀)၊ စာပေဗိမာန်၊ ၁၉၆၈ (ဒုပုံနှိပ်)

၂။ မြန်မာနိုင်ငံ အမျိုးသားပညာရေးသမိုင်း၊ ဦးကျော် (မဟာဝိဇ္ဇာ - ဥပဒေဝိဇ္ဇာ)၊ ပုလဲပန်းစာပေ၊ ၁၉၇၀၊ ဒီဇင်ဘာလ

၃။ မြန်မာနိုင်ငံပညာရေးဌာနသမိုင်း၊ ဦးသန်းဦး၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ ပညာတန်ဆောင်၊ ၁၉၉၉ ၊ ဇွန်လ

၄။ စာပေဗိမာန် နှစ် ၇၀ ပြည့် (၁၉၄၇-၂၀၁၇) စာစောင်၊ စာပေဗိမာန်၊ ၂၀၁၇၊ ဩဂုတ်လ

၅။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (moi website)

၆။ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းအခြေအနေ (၁၉၆၂-၁၉၈၇)

ဘူးသီးတောင်မြို့ ပန်းဇင်ချောင်းဆိပ်ကမ်း၌ ရေပြင်အသက်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

မောင်တော ဇွန် ၂၉

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ပန်းဇင်ချောင်းဆိပ်ကမ်း၌ မိုးတွင်းကာလ ရေလမ်းကြောင်းသွားပြည်သူများ ရေဘေးဒုက္ခမှကင်းဝေးစေရေးအတွက် ရည်ရွယ်၍ ရေပြင်အသက်ကယ်ဆယ်ရေးနှင့်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ဖော်ပြသခြင်းကို ဇွန် ၂၈ ရက်၊ နံနက် ၈ နာရီက ပန်းဇင်ချောင်းဆိပ်ကမ်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် မောင်တောခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်နှင့် မီးငြိမ်းသတ်ရေးတပ်ဖွဲ့ဝင်များ၊ ဘူးသီးတောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်နှင့် မီးငြိမ်းသတ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘူးသီးတောင်အနောက်တံခါး ရှာဖွေကယ်ဆယ်ရေးအသင်း၊ မောင်တော ကရုဏာလူမှုကူညီရေးအသင်းတို့မှ ပူးပေါင်း၍ ရေကြောင်းသွား စက်လှေ၊ ဘုတ်၊ သင်္ဘောများ မတော်တဆ မီးလောင်မှုများ ဖြစ်ပွားလာခဲ့ပါက ရှာဖွေကယ်ဆယ်ရေး၊ မီးငြိမ်းသတ်ရေး၊ ရှေးဦးပြုစုကျန်းမာရေးစောင့်ရှောက်ပေးကာ အနီးဆုံးဆေးရုံသို့ ပို့ဆောင်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ကာ သရုပ်ပြသပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ၂၀၀ ခန့် ဖြန့်ဝေခဲ့ကြသည်။

သက်လွင်စိုး(ပြန်/ဆက်)

လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပညာပေးဆွေးနွေး

တွန်းဇံ ဇွန် ၂၉

ချင်းပြည်နယ် တွန်းဇံမြို့တွင် "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီက တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဦးစောလင်းအောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အားပေးကူညီခြင်း၏ အဓိပ္ပာယ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကြောင်းအရာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ထန်ရှန်းခိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုကိုရှူပ

လွိုင်လင်မြို့၌ လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းသင်တန်းဖွင့်

လွိုင်လင် ဇွန် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ သင်တန်းကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက အထက(၁)နဝဒေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင် တက်ရောက်၍ အမှာစကားပြောကြားပြီးနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအေးကိုက လူဦးရေစာရင်းနှင့်အချက်အလက်များ ကောက်ယူပြုစုခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ လွိုင်လင်မြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ/ဆရာမများ တက်ရောက်ကြကြောင်းသိရသည်။

လွိုင်လင်မိုး(ပြန်/ဆက်)

လွိုင်လင်မြို့၌ လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်းဖွင့်လှစ်စဉ်။

တာချီလိတ်မြို့ မီနီမာရသွန်ပြိုင်ပွဲ၌ ကျောင်းသားကျောင်းသူ ၅၀၀ ကျော် ပါဝင်ဆင်နွှဲ

တာချီလိတ် ဇွန် ၂၉

ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်နယ်တစ်ခွင် အထိမ်းအမှတ် ကျောင်းအခြေပြုမီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၈ ရက် နံနက် ၅ နာရီက တာချီလိတ်မြို့၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့၌ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပစဉ်။

ကျောင်းသားကျောင်းသူ ၅၀၀ ကျော်ဝင်ရောက် ယှဉ်ပြိုင်ရာ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတား အမှတ်(၂)မှ စတင်တာထွက်ပြီး၊ တံတားအမှတ်(၁) ထိပ်ရှိအဝိုင်းပတ်မှတစ်ဆင့် မြို့မ ဘောလုံးကွင်းအတွင်း ပြန်လည်ပန်းဝင်စေသည်။

ပြိုင်ပွဲကို ကျား(ကြီး)၊ ကျား(ငယ်)၊ မ(ကြီး)၊ မ(ငယ်) အဆင့် လေးဆင့်ဖြင့်ယှဉ်ပြိုင်စေရာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့်နှစ်သိမ့်ဆု ၂၅ ဆုစီအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားအထောက်အကူပြု ကော်မတီတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲအား ပြည်သူများ ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ရှူရမှု ကင်းဝေးစေရေး၊ အမျိုးသမီးများနှင့် ကလေးငယ်များ ပိုမိုကာကွယ်မှုဖြစ်စေရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများတွင် တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေရေး၊ ဆေးလိပ်သောက်ခွင့် မရှိသည့်နေရာများတွင် ပြည်သူများ လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးနှင့် ဆေးလိပ်ငွေ့ကင်းစင်ပြီး လေကောင်းလေသန့် ရှူခွင့် ရရှိစေကာ ကျန်းမာကြံ့ခိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မကွေး၌ အာဆီယံအဆင့်မီဟိုတယ်ဝန်ဆောင်မှုသင်တန်းမှ အဆင့်မီသူ ၄၄၀ မွေးထုတ်နိုင်ခဲ့

မကွေး ဇွန် ၂၉

မကွေးတိုင်းဒေသကြီး၌ တည်းခိုအိပ်ခန်းပေါင်း ၁၀၈၃ ခန်းပါဝင်သည့် ဟိုတယ်၊ မိုတယ် ၄၄ လုံး ရှိနေပြီး အစိုးရသစ်ကာလ၌ အာဆီယံအဆင့်မီ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၅) ကြိမ်ဖွင့်လှစ်ခဲ့ကာ အဆင့်မီသင်တန်းသား ၄၄၀ ထိ မွေးထုတ်နိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

"ဟိုတယ်တစ်ခုမှာ Infrastructure တွေ၊ ခေတ်မီပစ္စည်းတွေ ဘယ်လောက်ပဲသုံးသုံး လူလူချင်းဆက်ဆံတဲ့ ဝန်ဆောင်မှုမကောင်းရင် ရာနှုန်းပြည့်ကတော့ အောင်မြင်မှာ မဟုတ်ဘူး။ ဒါ့ကြောင့် အခြေခံသင်တန်း သုံးမျိုးကတော့ ဟိုတယ်တွေမှာ လိုအပ်နေတဲ့အတွက် ဖွင့်လှစ်ရခြင်းဖြစ်တယ်။ သင်တန်းကာလက တစ်လပါ။ ဒီသင်တန်းတွေက အာဆီယံအဆင့်မီတယ်။ အာဆီယံအဆင့်ထိ ဘောင်ဝင်ပါတယ်။ နေပြည်တော်ဝန်ကြီးဌာနက အောင်လက်မှတ်ထုတ်ပေးတာပါ"ဟု မကွေးတိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိန်က ပြောသည်။

ပဉ္စမအကြိမ် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဆင်းပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက နန်းထိုက်သူဟိုတယ်တွင်ပြုလုပ်ခဲ့ပြီး ဧည့်ကြိုသင်တန်းသား ၂၇ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းသင်တန်းသား ၄၀၊ အစားအစာနှင့် အဖျော်ယမကာ(စားပွဲထိုး) သင်တန်းသား ၂၃ ဦး စုစုပေါင်း သင်တန်းဆင်းသူ ၉၀ ရှိခဲ့ကြောင်း သိရသည်။

မကွေး၌ သင်တန်းသူတစ်ဦးအား ဟိုတယ်ဝန်ဆောင်မှုသင်တန်းဆင်းလက်မှတ် ချီးမြှင့်စဉ်။

မိမိတို့ဆီကို လာရောက်တည်းခိုတဲ့ ပြည်တွင်းပြည်ပ အလွှာအသီးသီးကဧည့်သည်တွေကို မွန်မြတ်မှန်ကန်တဲ့ နိုင်ငံကြီးသားစိတ်ဓာတ်နဲ့ ယဉ်ကျေးပျူငှာဖော်ရွေစွာနဲ့ ဝန်ဆောင်မှုပေးပြီး အောင်မြင်တဲ့ဘဝအခြေအနေကို တက်လှမ်းနိုင်ရမယ်လို့ ယုံကြည်လက်ခံထားကြစေချင်ပါတယ်"ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက သင်တန်းဆင်းမောင်မယ်များနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောဆိုခဲ့ကြသည်။

ဌာနအနေဖြင့် ပြည်တွင်းပြည်ပခရီးသည်များအတွက် ခရီးသွားဒေသသစ်များနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ခြင်းများ လုပ်ဆောင်နေကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် အလွန်သိမ်မွေ့သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ဟိုတယ်လုပ်ငန်းထဲတွင် လုပ်ကိုင်နေကြသည့်ဝန်ထမ်းများ၏ အရည်အချင်း ပြည့်ဝစေရန် သင်တန်းများ ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ဇေယျတု(မကွေး)

မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတား၌ သုံးရာခိုင်နှုန်း အခွန်ဆောင်လာသော စားသောက်ကုန်များကို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖြတ်သန်းခွင့်မရှိဟုဆို

တာချီလိတ် ဇွန် ၂၉

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ တစ်ပိုင်တစ်နိုင် စားသောက်ကုန်များအား သုံးရာခိုင်နှုန်း အခွန်ဆောင်လာသောကုန်များကို တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ဖြတ်သန်းခွင့်မရှိကြောင်းနှင့် ကုန်သွယ်မှုလိုင်စင်၊ ပါမစ်လျှောက်ထားပြီးမှ နိုင်ငံတော်ကို သတ်မှတ်ထားသည့် ကျသင့်အခွန်များပေးဆောင်ပြီးမှသာ တင်ပို့/တင်သွင်းရမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲမှ သိရသည်။

"ဒီကိစ္စက သုံးရာခိုင်နှုန်း အခွန်ဆောင်ပြီးရင် မယ်ယန်းဂိတ်ဖြတ်လို့ရတယ်လို့ ထင်နေတဲ့အတွက်ဖြစ်ပါတယ်၊ မယ်ယန်းဂိတ်က ကုန်သွယ်ရေးစခန်းဖြစ်ပါတယ်၊ ကုန်သွယ်ရေးစခန်းကိုဖြတ်ပြီး ကုန်သွယ်မှုလုပ်မယ်ဆိုရင်လိုင်စင်၊ ပါမစ်လျှောက်ထားဖို့ လိုတဲ့ပစ္စည်းတွေဆိုရင် လိုင်စင်၊ ပါမစ်လျှောက်ထားရယူပေါ့မယ်၊ ထောက်ခံချက်လိုရင် တောင်းပေါ့မယ်၊ ပြီးရင် ED/ID ဖွင့်ပြီး နိုင်ငံတော်ကို သတ်မှတ်ထားတဲ့ ကျသင့်အခွန်များ ပေးဆောင်ပြီးမှသာ တင်ပို့/တင်သွင်းလို့ရမှာ ဖြစ်ပါတယ်"ဟု တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ပြောသည်။

ဇွန် ၂၈ ရက်က ပြုလုပ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုဆွေးနွေးပွဲတွင် တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုဆွေးနွေးပွဲတွင် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အဆိုပါ သုံးရာခိုင်နှုန်းနှင့်ပတ်သက်ပြီး ခရိုင်စီမံခန့်ခွဲရေးဦးစီးဌာန ကျိုင်းတုံကခရိုင်ငါးလုပ်ငန်း ဦးစီးဌာနကို လိပ်မူပြီး ဒေသတွင်း ငါးကဏ္ဍစားသုံးမှု ဖူလုံနိုင်ရေးအတွက် Border Trade မှ သယ်ယူခွင့်ပြုကြောင်း၊ ရေထွက်ပစ္စည်း သယ်ယူသည့် အထောက်အထား ထုတ်ပေးခဲ့ကြောင်း၊ မယ်ယန်းကုန်သွယ်ရေးစခန်းမှ ပြန်လှည့်ခိုင်းခဲ့ရကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ငါးတင်သွင်းမှုပြုလုပ်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနတွင် ID ဖွင့်ကာ ကျသင့်အခွန်ပေးဆောင်ဖြတ်သန်းရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် တာချီလိတ်နယ်စပ်ဒေသသုံး စားကုန်သောက်ကုန်များကို သုံးရာခိုင်နှုန်း အခွန်ဆောင်စေပြီး မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ပိုင်တစ်နိုင် သယ်ဆောင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အမြန်ရောင်းရန်ရှိသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ
ဓါတ်လှေကား၊ CCTV၊ ထရန်စဖော်မာ၊ မီးစက်နှင့် ကားပါကင်များပါရှိသော
ခေတ်မီတိုက်ခန်းများ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရား လမ်းရှိ
ဓါတ်လှေကား၊ ကားပါကင်နှင့်ကျယ်ဝန်းသောအခန်းများစွာပါဝင်သည့်
ကမ္ဘာအေးကွန်ဒိုမီနီယံ တိုက်ခန်းများ

မြောက်ဥက္ကလာပမြို့နယ်
သီရိရတနာ လက်လီ/လက်ကားဈေးရှိ ဆိုင်ခန်းများ

ဆက်သွယ်ရန်ဖုန်းနံပါတ် - **01-516 533/534/535/536**

စင်္ကာပူနိုင်ငံ သူနာပြု ဒီပလိုမာ (အခမဲ့) ပညာသင်ဆု (၁၅) ကြိမ်မြောက်ခေါ်ယူခြင်း

(၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ်ခေါ်ယူလျက်ရှိရာ ၂၀၁၈ ခုနှစ်ထိ စုစုပေါင်း (၆၅၈)ဦး ရှိပါပြီ။)

- စင်္ကာပူနိုင်ငံ နာမည်ကြီး တက္ကသိုလ်များတွင် (၃)နှစ် အခမဲ့ပညာသင်ခွင့်ရသည့်အပြင်
- လစဉ်-နေစရိတ် S$350၊ စားစရိတ်နှင့် အထွေထွေသုံးရန် S$550 စုစုပေါင်း S$900 ရသည်။
- ဒီပလိုမာရရှိပြီးပါက (၁)လလျှင် S$2350 (S-pass) ဖြင့် အနည်းဆုံး (၆)နှစ်အလုပ်ခန့်မည်။

➡ အင်တာဗျူးဝင်အကြိုသင်တန်းကို ဖွင့်လှစ်နေပြီ ဖြစ်ပါသဖြင့် အမြန်ဆုံးစာရင်းသွင်းကြပါရန်...

လူဦးရေကန့်သတ်ထားသောကြောင့် အရည်အချင်းပြည့်မီသူများ
အမြန်ဆုံး စာရင်းပေးသွင်းကြပါရန်။ (ယခုနှစ်ရွေးချယ်မှုပုံစံ ပြောင်းလဲသည်။)

သုခစုံ ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီးနှင့် (၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)၊
ကုမ္ပဏီ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 377343, 377344, 385758, 386877, 392233

သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

Apex Greatest Industrial Services Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်၊

Apex Greatest Industrial Services Co., Ltd. အမည်ဖြင့် အမည်ပေါက်တင်သွင်းထားသော အငှားယာဉ် TAXI များနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဆောင်ရွက်ရန်၊ နှစ်စဉ်အခွန်ငွေများ ရှင်းလင်းခြင်းများ ဆောင်ရွက်နိုင်ရန်၊ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အချက်အလက်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အတွက် အဆိုပါ အငှားယာဉ် TAXI များအား လက်ဝယ်ပိုင်ဆိုင် ထားသူများအနေဖြင့် Apex Greatest Industrial Services Co., Ltd. သီရိမင်္ဂလာ ဈေးဟောင်း၊ ပထမထပ်၊ (ဘီ)ရုံ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ၊ ရန်ကုန်မြို့ သို့ (၂၂-၇-၂၀၁၉) နေ့နောက်ဆုံး ထားပြီးဆက်သွယ် ဆောင်ရွက်သွားပါရန်နှင့်ဆက်သွယ် ဆောင်ရွက်မှုမရှိပါက နောက်နောင်အဆိုပါ အငှားယာဉ် TAXI များနှင့် ပတ်သက်ပြီး ကုမ္ပဏီအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးသွားမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm	ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အထက(၂)မြို့မ တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၁၂/ခရန(နိုင်)၁၀၈၃၂၀ ဖြစ်ပါသည်။

ဦးသန်းဝင်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၃)ဈေး၊ ရုံ(၃)ဆိုင်ခန်းအမှတ် (၁၀၊ ၁၁၊ ၂၂၊ ၂၃)ဆိုင်ခန်းအငှားချထားခံရသူ ဦးလင်းတင်အောင် ၁၂/သကတ (နိုင်) ၁၂၀၄၉၇၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်(၄)အုပ်ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဈေးများဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဈေးတာဝန်ခံ၊ ဖုန်း-၀၉-၂၅၄၂၃၇၄၃

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားမရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၉၀

ဒေါ်သီသီခိုင်	နှင့်	၁။ ဦးဇော်ဇော်
		၂။ ဒေါ်ဂန္ဓမာစိုး
တရားလို		တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ ပထမထပ်၊ အမှတ်(၆၄-B)နေ (၁)ဦးဇော်ဇော် (၂)ဒေါ်ဂန္ဓမာစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သီသီခိုင်ကချေးငွေ ၇၅၀၀၀၀၀၀/-(ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ်ဇူလိုင်၂၂ရက်(၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းနွယ်)
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8382 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/6193၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဥတုရာသီ
တောကိုမှီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၅၀၅၊ မြေကွက်တည်နေရာအမှတ်(၅၀၅)၊ ညောင်ရမ်းလမ်း၊ ၁၅/ရွှေပေါက်ကံ ဒေါ်ခင်မြ ၁၂/သဃက (နိုင်)၀၄၆၉၅၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ (ယောက္ခမ)ဒေါ်ခင်မြသည် ၉-၁၁-၉၆ ရက်တွင်လည်းကောင်း၊ (ယောက္ခထီး)ဦးအေးမောင်သည် ၁၅-၂-၂၀၁၇ရက်တွင်လည်းကောင်း၊(ဇနီး)ဒေါ်ခင်စန်းမြင့်သည် ၁၁-၁၁-၂၀၁၈ ရက်တွင်လည်းကောင်း၊ (ခင်ပွန်း) ဦးခင်မောင်မြင့်သည် (၄-၁-၂၀၁၉)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးစိန်ဝင်း ၁၂/မဂဒ (နိုင်)၀၀၂၄၁၀နှင့် ဒေါ်တင်တင်ထွေး၁၂/သဃက(နိုင်)၀၄၆၉၅၆တို့မှ သမက်/ချွေးမတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၅/၁၅၀၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်တစ်ထပ် ပျဉ်ထောင်အိမ်(၂)လုံးရှိပြီး လျှောက်ထားသူများနေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ်(၃၁၅)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်တွင်၊ ခေါင်းရင်းဘက်ခြမ်းရှိ ပထမထပ်(၂)လွှာ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၁၄၂၅၀ ထံမှ ဒေါ်မြတ်ဟေမာန်လင်း ၇/ဖမန(နိုင်)၀၉၆၂၀၁ ကအပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေထားပါ၍ ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး အကယ်၍ ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြတ်ဟေမာန်လင်း၏လွှဲအပ်ချက်အရ-
ဦးရဲလင်း
အထက်တန်းရှေ့နေ(စဉ်-၆၁၀၀)
အမှတ်(၉၂)၊ ကန်တော်လမ်း၊ (၅)လွှာ၊ (ဘယ်/ညာ)၊
လေးထောင့်ကန်ရပ်ကွက်၊
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၀၀၁၉၀၊ ၀၉-၄၂၁၁၄၄၉၇၇

လူပျောက်ကြော်ငြာ

၂၆-၆-၂၀၁၉ရက်က ကျွန်တော်၏သမီးဖြစ်သူ မယဉ်ယဉ်ထွေးသည် KMD ကွန်ပျူတာသင်တန်းတက်ပြီး အိမ်သို့ပြန်မလာဘဲ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားရှိသူအား ဥပဒေအရအရေးယူမည်ဖြစ်ပါသည်။

ဦးခင်မောင်ရွှင်
ဖုန်း-၀၉-၂၅၄၉၀၉၄၅၉

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၇၂၉၊ မြေကွက်တည်နေရာအမှတ်(၇၂၉)၊ ၂၆လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်လှ(အေစီ-၀၄၅၄၁၉)၊ ဦးငြိမ်းမောင်(အေစီ-၀၄၅၄၁၈)အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လှနှင့်ဦးငြိမ်းမောင်တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၁၆၂/၉-၇-၁၂ဖြင့်ကိုယ်စားလှယ် လွှဲအပ်ခံရသူ SP ဒေါ်ငွေငွေမြင့် ၁၂/ဥကတ(နိုင်) ၀၇၈၇၅၉ မှ ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်မရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ-၅/၁၀၈၄/ ၁၄-၅-၁၈ နှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ(၂၀၁၂)ခုနှစ်တွင် SP ဒေါ်ငွေငွေမြင့်မှ အပိုင်ပေးမြေပုံကူးလျှောက်ထားရယူခဲ့ပြီး အဆိုပါမြေပုံမြေရာဇဝင်မူရင်းမှာ အပိုင်ပေးစာချုပ်ချုပ်ဆိုပေးခဲ့ခြင်းလုံးဝမရှိဘဲ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ-၆/၁၀၆၈/၁၃-၆-၁၈နှင့် ၁၁-၇-၁၈ရက်စွဲပါရှင်းလင်းတင်ပြစာတို့ဖြင့် တင်ပြရှင်းလင်းပြီး အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်(၈၈၀)၊ မြေကွက်တည်နေရာအမှတ်(၈၈၀)၊ နန်းရင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးထွန်းထွန်းဦး ၅/ရဘန(နိုင်)၀၀၁၃၂၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းထွန်းဦးနှင့် ၄င်းထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျင်ရွှေနှင့် ဒေါ်ခင်နီလာတို့အပေါ် တရားပြိုင်ထားကာ ဒေါ်ယမုံဝင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စီစီနိုင်) မှတရားလိုပြုလုပ်၍ မြေကွက်အကျယ်(၄၀'×၆၀') အနက်ခြေရင်းခြမ်း(၂၀'×၆၀')မြေကွက်လွတ်အား အရောင်းဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်-၂၅၇/၂၀၁၇ဖြင့် စွဲဆိုခဲ့ခြင်းအပေါ် (၂-၁၀-၂၀၁၇)ရက်ချမှတ်သည့် စီရင်ချက်/ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၁၉၁/၂၀၁၈၏ (၁၇-၁၂-၂၀၁၈)ရက်ချမှတ်သည့်အမိန့်၊ ဂရန်မူရင်း၊ နိုင်ကတ်၊ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်အေးငြိမ်းပြည့် ၁၂/ကမရ(နိုင်)၀၆၀၃၄၀မှ အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ ခေါင်းရင်းခြမ်းတွင် နှစ်ထပ်အုတ်ညှပ်အဆောက်အအုံတစ်လုံး ရှိပြီးဒေါ်ခင်နီလာမိသားစုနေထိုင်ပြီးလျှောက်ထားမြေနေရာ ခြေရင်းခြမ်း(၂၀'×၆၀')မှာ မြေကွက်လပ်ဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာမရှိပါ။ အစစအရာရာ တာဝန်ယူကြောင်း ဒေါ်ယမုံဝင်း(တရားနိုင်)မှ လက်မှတ်ရေးထိုးထားပါသဖြင့် ဘီလစ်ဒေါ်အေးငြိမ်းပြည့်၏ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ဒေါ်ဘွင့်လမ်း၊ အမှတ်-၂၄နေ ဦးသန်းဝင်း၏သား မောင်ဟိန်းထက်အာကာသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများ စိတ်နှလုံးဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝ အားလုံးတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးသန်းဝင်း
၁၂/တမန(နိုင်)၀၉၁၆၇၄

ဖခင် အမည်မှန်

ချောက်မြို့၊ အထက(ကျောက်ရဲ)တက္ကသိုလ်ဝင်တန်းမှ မဝါဝါသန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော် ၈/ခမန(နိုင်)၀၂၈၇၇၅ ဖြစ်ပါကြောင်း။

ဦးသန်းကျော်

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထက (၂) တက္ကသိုလ်ဝင်တန်း(C)မှ မဇွန်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၄/ဟသတ(နိုင်) ၂၃၁၄၇၈ ဖြစ်ပါကြောင်း။

ဦးဇော်မင်းဦး

ဖခင်အမည်မှန်

ရပ်စောက်မြို့နယ်၊ အထက (ပင်ဖြစ်) တက္ကသိုလ်ဝင်တန်းမှ မပိုးအိအိစံ၏ ဖခင်အမည်မှန်မှာ ဦးရှာမေး ၁၃/ရစန(နိုင်)၀၀၀၃၆၉ ဖြစ်ပါကြောင်း။

ဦးရှာမေး

မွေးသက္ကရာဇ်အမှန်

ပင်းတယမြို့၊ အော်ရောရပ်ကွက်နေ ဦးညီဦး-ဒေါ်ဝင်းငွေးတို့၏သမီး မသော်သော်ဦး ၁၃/ပတယ(နိုင်) ၀၆၃၇၆၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၅-၂၀၀၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ခွဲ၊ ထီတလိ)တက္ကသိုလ်ဝင်တန်းမှ ခွန်ဖိုးပျော့နှင့် နဝမတန်းမှ ခွန်ကျော်လော့တို့၏ ဖခင်အမည်မှန်မှာ ဦးတမောင်း ၁၃/ပလန (နိုင်) ၀၅၄၉၂၀ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

သန်လျင်မြို့၊အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ ခွန်လှမင်း၏ ဖခင် ဦးခွန်မောင်ဆော် (ခ)မောင်ဆော်(ခ)ဦးဇော် ၁၃/တကန(နိုင်)၁၉၈၀၃၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် တောင်ပိုင်း၊ ရပ်စောက်မြို့ AETC ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း(Eco,B)မှ မယွန်းဝတီဦး၏ဖခင် ဦးမင်းလွင်(ခ)ဦးဇော်မင်း ၁၃/တကန(နိုင်)၂၀၅၉၆၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ရွာ အထကမှ တက္ကသိုလ်ဝင်တန်းအောင် မောင်အောင်ဖြိုးကျော်(ခ)မောင်အောင်မျိုးကျော်၊ နဝမတန်းမှ မမာလာခိုင်စိုးနှင့် ဒုတိယတန်းမှ မဇင်ပြည့်ပြည့်စိုးတို့၏ဖခင် ဦးကျော်စိုးနိုင်နှင့် ဦးမောင်နိုင်စိုး၅/ခဥန(နိုင်)၀၇၀၀၉၈မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်နိုင်စိုး(ခ)ဦးမောင်နိုင်စိုး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5588 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/2087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/3781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5515 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/5943 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/5066 ,Mit Canter L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဘရန်အောင် ၁/မကန(နိုင်)၀၁၂၈၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/စီ^ၢမြေကွက်အမှတ်-၂၃/က၊ဧရိယာ-၀.၂၂၄ဧက၊မြေကွက်တည်နေရာအမှတ်-၂၃၊သစ်ဆိမ့်ကုန်းကျေးရွာ၊သဃ်ာန်းကျွန်းကြီးကျေးရွာအုပ်စု၊မင်္ဂလာဒုံမြို့နယ်၊အမည်ပေါက်-ကိုသိန်းမောင်၊မြေအမျိုးအစား- အ မလ G ၃(က)ရပြီးမြေအားမင်္ဂလာဒုံမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ် ၁၆/၂၀၁၈(၉-၃-၁၈)စီရင်ချက်နှင့်ဒီကရီအရတရားလိုဦးမြင့်သိန်းကတရားပြိုင်ဦးသိန်းမောင်အပေါ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်အမိန့်ရရှိခဲ့ပြီးတရားမဇာရီမှုအမှတ်-၂၃/၂၀၁၈(၄-၄-၁၈)၏နေ့စဉ်မှတ်တမ်းအရတရားရုံးကိုယ်စားတရားရုံးဘီလစ်ဒေါ်နနလှိုင်(၁၂/ဥကမ(နိုင်)၀၀၄၉၃၄)မှဘီလစ်ခန့်စာ၊တရားရုံးအမိန့်၊၃(က)ဝန်ခံချက်လက်မှတ်တို့ကိုတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ရတနာသီရိလမ်း၊ တိုက်အမှတ်(၂၇၁)၊ အခန်း - ပထမထပ် (ခြေရင်း) ၊အကျယ်အဝန်း (၁၂.၅ပေ× ၄၇ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးလေးလွင် (၁၂/ကတန (နိုင်)၀၄၆၁၉၄) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm	ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)

ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆိုအောင်မြင်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

(ဂ) အနုပညာဝါသနာပါသူ ဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များတွင်သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

	အထူးပြုဘာသာ	သင်တန်းကာလ	ဘွဲ့အမည်
(က)	ဂီတပညာအထူးပြု	(၄) နှစ်	ဝိဇ္ဇာဘွဲ့(ဂီတ)
(ခ)	သဘင်ပညာအထူးပြု	(၄) နှစ်	ဝိဇ္ဇာဘွဲ့(သဘင်)
(ဂ)	ပန်းချီပညာအထူးပြု	(၄) နှစ်	ဝိဇ္ဇာဘွဲ့(ပန်းချီ)
(ဃ)	ပန်းပုပညာအထူးပြု	(၄) နှစ်	ဝိဇ္ဇာဘွဲ့(ပန်းပု)
(င)	ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု	(၄) နှစ်	ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၇)ပုံတို့နှင့်ပူးတွဲလျက် ၂၀၁၉ခုနှစ်၊ အောက်တိုဘာ ၁၈ရက် နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး ၂၀၁၉ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ဖုန်း-၀၈၅-၄၀၁၈၄သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(စိုးစိုးနိုင်)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

Independent Power Producer and Build-Operate-Own (IPP/BOO) စနစ်ဖြင့် Gas Engine Power Plant/Power Barge/Power Ship များဖြင့်ထုတ်လုပ်သော ဓာတ်အား ၁၀၄၀မဂ္ဂါဝပ် ဝယ်ယူရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် Independent Power Producer and Build-Operate-Own(IPP/BOO) စနစ်ဖြင့် Gas Engine Power Plant/Power Barge/ Power Ship များဖြင့်ထုတ်လုပ်သော ဓာတ်အား ၁၀၄၀ မဂ္ဂါဝပ် ဝယ်ယူရန်အတွက် အောက်ဖော်ပြပါစီမံကိန်းများကို တင်ဒါခေါ်ယူလိုပါသည်။

		တည်နေရာ	မဂ္ဂါဝပ်	Remark
Lot 1	Package-1	ကျွန်းချောင်း	၂၀	Gas (Pass Through basis)
	Package-2	အလုံ	၁၂၀	
		တည်နေရာ	မဂ္ဂါဝပ်	
Lot 2	Package-3	ကျောက်ဖြူ	၁၅၀	LNG to Power
	Package-4	သန်လျင်	၃၅၀	
	Package-5	သာကေတ	၄၀၀	

၂။ ဓာတ်အားဝယ်ယူမည့်ကာလမှာ စီးပွားဖြစ်စတင်ဓာတ်အားထုတ်သည့်ရက်မှ ငါးနှစ်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်-
ပစ္စည်းဖြည့်တင်းရေးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်။
တင်ဒါပုံစံများကို အောက်ဖော်ပြပါနှုန်းထားများဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-
Package-1 မြန်မာကျပ် ၃၀၀၀၀၀/-(မြန်မာကျပ် သုံးသိန်းတိတိ)
Package-2 and 3 မြန်မာကျပ် ၄၀၀၀၀၀/-(မြန်မာကျပ် လေးသိန်းတိတိ)
Package-4 and 5 မြန်မာကျပ် ၅၀၀၀၀၀/-(မြန်မာကျပ် ငါးသိန်းတိတိ)
၄။ Package 2,3,4 and 5 အတွက် Site Visit သွားရောက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး ခန့်မှန်းအဆိုပြုရက်မှာ ၆-၇-၂၀၁၉ ရက်နှင့် ၇-၇-၂၀၁၉ ရက်တို့ဖြစ်ပါသည်။
၅။ အဆိုပြုလွှာများကို ၂၉-၇-၂၀၁၉ရက် ၁၄:၀၀နာရီတွင် တင်သွင်းရမည်။
၆။ အဆိုပြုလွှာများကို တင်ဒါပုံစံတွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်။ အဆိုပြုလွှာများကို သတ်မှတ်ချိန်တွင် တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်နောက်ကျ၍ တင်သွင်းလာသော အဆိုပြုလွှာများကို ငြင်းပယ်သွားမည်ဖြစ်ပါသည်။
၇။ ယခုတင်ဒါနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်-

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
Ph+95678104282

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
ELECTRIC POWER GENERATION ENTERPRISE
Invitation to Bid for purchasing of 1040 MW from
Gas Engine Power Plant/ Power Barge/ Power Ship on Independent Power Producer and Build-Operate-Own Basis

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity 1040 MW from the **Gas Engine Power Plant/Power Barge/Power Ship** on Independent Power Producer and Build-Operate-Own (IPP/BOO) basis as follow.

		Location	Size(MW)	Remark
Lot 1	Package-1	Kyun Chaung	20	Gas (Pass Through basis)
	Package-2	Ahlone	120	
		Location	Size(MW)	
Lot-2	Package-3	Kyauk Phyu	150	LNG to Power
	Package-4	Thanlyin	350	
	Package-5	Tharketa	400	

2. The concession period shall be **5 years (five)** years from commercial operation date (COD).
3. The Tender Form for each package can be purchased at Procurement Department, Electric Power Generation Enterprise, Building 27, Nay Pyi Taw, and the Republic of the Union of Myanmar within office hour from the tender announced date. The Tender Form fees for each package is as follow;
   - Package -1 Myanmar Kyat **300,000/-** (Myanmar Kyat three hundred thousand only)
   - Package -2 and 3 Myanmar Kyat **400,000/-** (Myanmar Kyat four hundred thousand only)
   - Package - 4 and 5 Myanmar Kyat **500,000/-** (Myanmar Kyat five hundred thousand only)
4. Site Visit will be conducted for package 2,3,4 and 5. The tentative date for site visit is July 6 and 7, 2019.
5. The bid submission date is 29th July, 2019 at [14:00] hr. Myanmar Standard Time.
6. The bidders shall make the proposals in accordance with the **Invitation for Bid and Supplemental Request for Proposal (SRFP).** Bidder's Proposals must be submitted at the address on time. Any late proposal shall be rejected.
7. The necessary information of this tender can be inquired within office hour.

Electric Power Generation Enterprise
Ministry of Electricity and Energy
Building 27, Nay Pyi Taw
Ph +95 67 8104282

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း (B)မှ မောင်နိုင်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၇/မညန (နိုင်)၀၄၁၇၄၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော နဝမတန်း(A)မှ မောင်သူရအောင်နှင့် အမက (၂)ထိန်တော Grade-3မှ မောင်စိုင်းဝဏ္ဏအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးမင်း ၇/မညန (နိုင်)၀၆၁၂၇၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း(B)မှ မခင်မြတ်မိုး Grade -6မှ မအေးမြတ်မိုးနှင့် K.Gမှ မောင်ရန်ရှင်းကိုတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၇/မညန(နိုင်)၀၆၂၆၃၁ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း(B)မှ မောင်ထက်ဝေယံဖြိုးနှင့် မူလွန်(၁)ထိန်တော ဆဋ္ဌမတန်းမှ မောင်လွင်မင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၄/အဂပ(နိုင်)၀၁၅၃၉၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကျော်ထက်ကိုနှင့် ထ·ခွဲ နတ်ဖန်ကွင်း Grade-2မှ မောင်နိုင်လင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှနိုင်ဦး ၁၄/မအန(နိုင်) ၁၁၇၂၉၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်သူရနှင့် ထ·ခွဲ နတ်ဖန်ကွင်း စတုတ္ထတန်းမှ မခင်ချမ်းမြေ့တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၇/လပတ(နိုင်)၀၁၈၁၉၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တော တက္ကသိုလ်ဝင်တန်း(C)မှ မအိသက်မွန်နှင့် အမက ပိတောက်ကုန်း Grade-2မှ မောင်ဇင်မျိုးသက်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၇/မညန(နိုင်)၀၁၂၀၇၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မမီစော(ခ)ဆွေဇင်သီရိ ၁၃/တခလ(နိုင်)၀၆၇၀၀၁၏ Passport No(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၄၀၅၅၄၁

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ အမက(၁၅) ကျောင်းတွင် ပညာသင်ကြားနေသည့် မလင်းလတ် (စတုတ္ထတန်း)၊ မအေးမြတ်နေခြည် (တတိယတန်း)၊ မောင်ရဲလင်းထွန်း (ပထမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဖြူ ၁၂/မဂတ(နိုင်) ၁၁၈၂၄၇ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဖြူ

တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ပန်းခင်း(၁)ရပ်ကွက်၊ ၂၀၁၉ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းကို ခုံအမှတ် နပန-၂၆၀၉ ဖြင့် အောင်မြင်သူ မောင်ထွန်းထွန်းကျော်(ခ)မောင်ရဲရင့်အောင် ၉/ပမန(နိုင်)၂၈၉၅၁၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက (ထိန်တော) တက္ကသိုလ်ဝင်တန်း (C)မှ မမေသက်မောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသက် ၇/လပတ(နိုင်)၁၁၃၆၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက (ထိန်တော) နဝမတန်း (B)မှ မောင်ကျော်ဇင်ထိုက်နှင့် အလက(ခွဲ)နှမ်းကုန်း တတိယတန်းမှ မစုမြတ်မွန်တို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၇/မညန(နိုင်)၀၁၂၀၆၈ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်တည်နေရာအမှတ်(ဒ-၂၀၂၅)၊ဧရိယာ ၀ဒသမ၂၂၉ဧကရှိ ဒေါ်အေးအေးစန်း(ဘ)ဦးလှအေး ၁၂/ရကန(နိုင်)၀၄၇၄၄၄အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်အေးအေးစန်း၏အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိထားသူ ဒေါ်စုစုခိုင်(ဘ)ဦးအောင်မြင့် ၁၂/သကတ(နိုင်) ၀၂၂၁၃၆မှ ဦးကျော်ဇံမြင့် ၈/မဘန(နိုင်)၀၆၈၅၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးဈေး၊ ရုံအမှတ်(ဃ-၄)၊ဆိုင်ခန်းအမှတ်(၆) အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၇)လမ်း၊ အိမ်အမှတ်(၆/၃၅၃)နေ ဒေါ်တင်တင်ရီ ၉/လဝန(နိုင်)၀၅၀၇၆၃အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ်(၃/၁၄)နေ ဦးဖြိုးပိုင် ၉/လဝန(နိုင်) ၁၇၈၁၂၅သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥတ္တရသီရိအရှေ့ရပ်၊ မြေဧရိယာ ၀ဒသမ၂၂၉ဧက၊ မြေကွက်အမှတ် (ဥ-၅၇၀၃)၊ ဦးသန်းဝင်းဆွေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်မေသူမြင့် ၁၃/လလန(နိုင်)၀၅၆၄၂၁ (ဘ) ဦးမြင့်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၆၇/၂၀၁၉ (၁၁-၆-၂၀၁၉)တင်ပြ၍ ဒေါ်ခန့်ပပအောင် ၁၂/ကမန(နိုင်)၀၅၆၉၃၀ (ဘ) ဦးရွှေမြအောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ် ၆၉၄၊ ၂၅ပေ×ပေ၅၀၊ မြေကွက်တည်နေရာအမှတ် ၄၉၊ မာလာမြိုင်(၃)လမ်း၊ ၁၆ ရပ်ကွက်၊ ပါမစ်အမည်ပေါက် ဒေါ်ကျင် အမည်ပေါက် ဒေါ်ကျင်သည် ၁၁-၁၂-၉၃ရက်တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးအုန်းလှိုင် ၂၇-၄-၈၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးနောက် ယင်းမြေကွက်အား သားသမီးများဖြစ်ကြသော ဦးခင်လှိုင် AE- ၁၁၅၂၉၁၊ ဒေါ်ယဉ်လှိုင် AD -၀၅၀၁၅၈၊ ဒေါ်ခင်လှိုင် U/RGN -၀၀၁၃၈၉၊ ဦးသန်းလှိုင် ၁၂/လမန(နိုင်) ၁၂၆၈၆၀၊ ဒေါ်မေစီ ၇/ညလပ (နိုင်)၀၁၄၉၀၄၊ ဒေါ်ဝင်းဝင်းလှိုင် HLG -၀၀၂၀၉၄၊ ဒေါ်သီသီလှိုင် ၁၂/လမန(နိုင်)၀၁၀၉၉၅တို့က ပိုင်ဆိုင်ခဲ့ပြီးနောက် ယင်းမြေကွက်၏ အစိတ်အပိုင်း ၁၂½ပေ×၅၀ပေအား အထက်ဖော်ပြပါ အမွေဆက်ခံခွင့်ရှိသူ ခုနစ်ဦးအနက် သုံးဦးဖြစ်သော ဦးခင်လှိုင်၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဒေါ်သီသီလှိုင်တို့က အရပ်ကတိစာချုပ်ဖြင့် ၁၀-၁၂-၂၀၀၁ရက်တွင် ဝယ်ယူခဲ့ပြီး ကျန်မြေကွက်၏ အစိတ်အပိုင်း ၁၂½'×၅၀' အား ဒေါ်မေစီမှ ဝယ်ယူခဲ့သဖြင့် ၎င်းတို့အမည်ပေါက် လေးဦးဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားရာတွင် ပါမစ်မူရင်း၊ ၎င်းတို့မောင်နှမခုနစ်ဦးအနက် ဦးသန်းလှိုင်သည် ၁၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်ခဲ့သော်လည်း မိမိတို့မောင်နှမ ခုနစ်ဦးသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ တခြားသောအမွေစားအမွေခံကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း ၈-၄-၂၀၁၉ရက်စွဲဖြင့် ကျမ်းကိုန်ဆိုထားသော ကျမ်းကိုန်လွှာတစ်စောင်၊ သေစာရင်းသုံးစောင်၊ အရပ်ကတိစာချုပ်နှစ်စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ဦးခင်လှိုင်၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဒေါ်သီသီလှိုင်နှင့် ဒေါ်မေစီတို့က နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၄၂)၌ တည်ရှိသော Uni Crop Co., Ltd. မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Uni Crop Co., Ltd မှ အောက်ဖော်ပြပါပစ္စည်းများအား စိုက်ပျိုးရေး မြေအသုံးချဌာန၌ တရားဝင် မှတ်ပုံတင်ထားပြီး မြန်မာပြည်အနှံ့သို့ ထုတ်လုပ်ရောင်းချဖြန့်ဖြူးလျက်ရှိပါသည်။

၁။ တက်တိုးပင်သန်
၂။ တက်တိုးမြေသန်ဆေး
၃။ တက်တိုး(၁၅း၇း၈)
၄။ တက်တိုး(၁၀း၁၀း၅)
၅။ တက်တိုး(၂၀း၁၀း၂၀)
၆။ တက်တိုး(၁၅း၁၅း၁၅)
၇။ တက်တိုးပွင့်သီး
၈။ တက်တိုး–ဝမ်း
၉။ ကာဗာ
၁၀။ တက်တိုးယူမက်(စ်)
၁၁။ ရိုးရှင်းရွက်ဖျန်းမြေသြဇာ
၁၂။ ပွင့်သီး ရွက်ဖျန်းမြေသြဇာ
၁၃။ တက်တိုး G-44

အထက်ပါကုန်ပစ္စည်းများမှလွဲ၍ ဆင်တူယိုးမှားအမည်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေသော မြေသြဇာများသည် Uni Corp Co., Ltd နှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင် အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မသိမ့်ရွှေဇင်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင် ၉/လဝန(နိုင်)၁၉၆၁၁၇ ဖြစ်ပါကြောင်း။ **ဒေါ်ခိုင်**

ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင် အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မသိမ့်ရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမောင်မောင် ၉/လဝန(နိုင်) ၁၄၃၈၀၆ ဖြစ်ပါကြောင်း။

ဦးဆန်းမောင်မောင်

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8G/2480 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(A)မှ မမှူးအိမ်သူ၊ တတိယတန်း(C)မှ နန်းခြိမ့်သဒ္ဒါသူတို့၏ ဖခင်အမည်မှန်မှာ စောစိန်ဟန်သိန်း ၃/လဘန(နိုင်)၀၆၀၉၂၀ ဖြစ်ပါကြောင်း။

ဦးစိန်ဟန်သိန်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုဖိုးဇော်(ဘ)ဦးလှမြင့် ၉/လဝန(နိုင်)၂၂၀၂၈၈၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၉၄၄၂၈

ပျောက်ဆုံးကြောင်း

ကျွန်မ မအိန္ဒြာ(ဘ)ဦးကျော်သူ ၉/တကန(နိုင်)၂၀၀၈၀၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၆၉၉၂၃

ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ ရေစုပွင့်ရွာ၊ ရေစုပွင့် ပရဟိတကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုဦး ၇/သကန(နိုင်)၀၂၂၀၈၉ ဖြစ်ပါကြောင်း။ **ဦးကိုဦး**

ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ အထကဖောင်ကြီး နဝမတန်း(D)မှ မောင်ထက်ဝေလင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေပြည် ၁၂/လကန(နိုင်)၂၄၆၈၁၁ ဖြစ်ပါကြောင်း။ **ဦးရွှေပြည်**

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၄၀၊ ဦးပိုင်(၅၃/၁)၊ ဝဒသမ၁၈၀ ဧက အမည်ပေါက်သူ ဦးငြိမ်းမောင်ကွယ်လွန်ခဲ့၍ ဦးငြိမ်းမောင် အမည်မှ ဇနီး ဒေါ်ခင်ရီ ၁/ဗမန(နိုင်)၀၉၈၂၀၁ အမည်သို့ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ခင်ရီ**

ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ အထက ပုတီးကုန်း နဝမတန်းမှ မနွယ်နွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၇/သကန(နိုင်) ၀၈၅၂၇၆ ဖြစ်ပါကြောင်း။

ဦးမောင်နိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲကိုကို ၉/တကန(နိုင်)၂၂၀၇၂၉၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၄၀၁၄၉၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၆၂၅)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်သူသူအောင် အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အေးမြင့်သန်း(ဘ)ဦးညီလှိုင် ၁၂/မဘန(နိုင်)၁၀၁၃၂၀မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၃၂၈/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/အနော်ရထာ)၊ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ ၀ဒသမ၁၁၃ဧကရှိ မြေကွက်ကို ဦးမောင်မောင်အေး(ဘ)ဦးခင်မောင်သိန်း ၉/တကန(နိုင်)၀၀၁၁၁၈မှ အဆောက်အအုံဆောက်လုပ်ခွင့်တင်ရန်အတွက် အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၂၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ (၂၈)၊ မြေကွက်အမှတ်-၁၊ ဧရိယာ (၀. ၁၁၀) ဧက၊ အကျယ်အဝန်း (အလျား ၆၀ ပေ × အနံ ၈၀ ပေ) ရှိ ဦးအောင်ထွန်း (ဘ) ဦးစောမြသန်း (၅/စကန (နိုင်) ၀၁၈၆၈၇) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်၊ ၄င်းမြေကွက် နှင့် ဆက်နွယ်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်အမည်ပေါက်လက်ရှိလက်ရောက်ရယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ထွန်း (ဘ) ဦးစောမြသန်း (၅/စကန (နိုင်) ၀၁၈၆၈၇) ထံမှလည်းကောင်း၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ (၂၈)၊ မြေကွက်အမှတ်-၂၊ ဧရိယာ (၀. ၁၁၀) ဧက၊ အကျယ်အဝန်း (အလျား ၆၀ ပေ × အနံ ၈၀ ပေ) ရှိ ဦးကျော်ဝင်း (ဘ) ဦးမောင်ချို (၁၄/ပသရ (နိုင်) ၀၂၅၁၀၄) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်၊ ၄င်းမြေကွက်နှင့် ဆက်နွယ်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိ လက်ရောက်ရယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်သိန်း (ဘ) ဦးတင်အေး (၁၂/သဃက (နိုင်) ၁၄၈၂၃၉) ထံမှလည်းကောင်း နှင့်

(၃) ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ (၂၈)၊ မြေကွက် အမှတ်-၃၊ ဧရိယာ (၀. ၁၁၀) ဧက၊ အကျယ်အဝန်း (အလျား ၆၀ ပေ × အနံ ၈၀ ပေ) ရှိ ဦးအောင်သူရ (ဘ) ဦးကျော်မြင့် (၇/သကန (နိုင်) ၀၈၂၉၂၈) အမည်ပေါက်မြေချပါမစ်မြေအမျိုးအစား မြေကွက်၊ ၄င်းမြေကွက် နှင့် ဆက်နွယ်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ လက်ရှိလက်ရောက်ရယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက် (ဘ) ဦးအောင်တင်ညွန့် (၁၂/သဃက (နိုင်) ၀၃၈၄၄၁) ထံမှလည်းကောင်း

ကျွန်ုပ်၏ မိတ်ဆွေက တရားဝင် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ဘိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် (၃) ကွက်၊ ၄င်းမြေကွက် (၃) ကွက်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမြင့် **(LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၄)
အခန်း (အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊
ဘဏ်လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀-၆၃၅၁၃၊ ၀၉ ၄၅၄၉၂၀၅၀၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ ဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ တိုက်အမှတ် (B-5)၊ အခန်းအမှတ် ၄၁၁၊ Type(B+)၊ ဧရိယာ ၉၃၈ Sqftရှိ တိုက်ခန်းနှင့် ၄င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချသူများဖြစ်သော ဦးဇော်မျိုးထက် ၉/စကတ(နိုင်) ၀၆၁၃၇၂ နှင့် ဒေါ်မြတ်လေးဝင်း ၇/ညလပ(နိုင်)၀၉၅၀၆၉တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်အေးမီသန်း**

၁၁/သတန(နိုင်)၀၀၀၈၈၇
ဖုန်း-၀၉-၅၁၃၃၅၇၄

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5457 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ Flying Horse I C P Fertilizer (Myanmar) Company Limited အမှတ် (၉၃)၊ ဦးဖိုးလှိုင်လမ်းနှင့် ဦးညွန့်လမ်းထောင့်၊ ရွှေပြည်သာစက်မှုဇုန် (၂)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် ထိုင်းနိုင်ငံရှိ ပင်ရင်းကုမ္ပဏီဖြစ်သည့် I C P Fertilizer Company Limited ထံမှ မြေသြဇာများကို တရားဝင်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းပြီး အောက်တွင်ပြဆိုထားသည့် ကုန်အမှတ်တံဆိပ်ဖြင့် တရားဝင်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုန်ပစ္စည်းအား မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်မှာယူဖြန့်ဖြူးရောင်းချနေသူဖြစ်ပါသည်။

ปุ๋ยตราม้าบิน

မြင်းပျံ တံဆိပ် မြေသြဇာ

ကျွန်ုပ်အမှုသည်၏ အကြီးအကဲပင်ရင်းကုမ္ပဏီဖြစ်သော I C P Fertilizer Co.,Ltd. သည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ခန့်ကတည်းက ထိုင်းနိုင်ငံတွင် အထက်ဖော်ပြပါ ဓာတ်မြေသြဇာ (Flying Horse Fertilizer) ကုန်အမှတ်အသားဖြင့် အဆင့်မြင့်အရည်အသွေးပြည့် ဓာတ်မြေသြဇာများကို ကိုယ်ပိုင်တီထွင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလာခဲ့ပါသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Department of Intellectual Property ဌာနတွင် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုကုန်တံဆိပ်အဖြစ် နိုင်ငံတကာတင်သွင်းဖြန့်ချိခွင့်ကို ၁၉၈၅ခုနှစ်တွင် စတင်မှတ်ပုံတင်ပြီး ၁၀ နှစ်တစ်ကြိမ် မှတ်ပုံတင်သက်တမ်းတိုးလျက် မူပိုင်ခွင့်ကို တစ်ဦးတည်းရရှိသူဖြစ်ပါသည်။ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (မှတ်ပုံတင်အမှတ် -၄/၁၄၁၆၆/၂၀၁၇)ဖြင့် တရားဝင်မှတ်ပုံတင်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်အမှုသည် ကုမ္ပဏီအား မြင်းပျံတံဆိပ်မြေသြဇာကို မြန်မာနိုင်ငံအတွင်း တင်သွင်းရန် လက်မှတ်အမှတ်စဉ် တသ/၃၉၀၅ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေသြဇာကော်မတီက ၈-၃-၂၀၁၈ရက်စွဲဖြင့် ထုတ်ပေးခဲ့ပါသည်။

ထို့ပြင် ကျွန်ုပ်အမှုသည်ကုမ္ပဏီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေသြဇာကော်မတီက မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်ကိုလည်း အမှတ်စဉ် ထလ/၁၁၅၇ ဖြင့် (၁၈-၁၀-၂၀၁၈)ရက်က ထုတ်ပေးခဲ့ပါသည်။

သို့သော် ယခုအခါ ကျွန်ုပ်အမှုသည်ကုမ္ပဏီက တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးနေသော အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ပါကုန်ပစ္စည်းများကို ကျွန်ုပ်အမှုသည်၏ အခွင့်အမိန့်မရဘဲ၊ မြန်မာနိုင်ငံရှိ ဈေးကွက်အတွင်း၊ အစစ်အမှန်မဟုတ်ဘဲ ဖြန့်ဖြူးရောင်းချနေခြင်းများ၊ ကုန်ပစ္စည်းနှင့် ကုန်အမှတ်တံဆိပ်ကိုတုပခြင်း၊ ဖြန့်ဖြူးခြင်းများ၊ လက်ဝယ်ထားရောင်းချနေခြင်းများ ပြုလုပ်နေကြောင်း ကြားမြင်သိရှိနေရပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းများကိုတုပခြင်း၊ မမှန်မကန်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းမှအစ၊ လိမ်လည်လှည့်ဖြားခြင်းတစ်ရပ်ရပ်ဖြင့် ကုန်အမှတ်တံဆိပ်ကို ထိပါးခြင်း၊ အခွင့်အမိန့်မရဘဲ ဥပဒေနှင့်အညီ သုံးစွဲခြင်း၊ လက်ဝယ်ထားဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန် တားမြစ်လိုက်သည်။ အကယ်၍ လိုက်နာမှုမရှိဘဲ ဆက်လက်ပြုလုပ်နေမည်ဆိုပါက ကျွန်ုပ်အမှုသည် ကုမ္ပဏီက ဥပဒေအကြောင်းအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယင်းကဲ့သို့ ကုန်အမှတ်တံဆိပ် အတုအပလုပ်ဆောင်နေခြင်းကို သိရှိသူကုန်သည်များနှင့် တောင်သူလယ်သမားများက ကျွန်ုပ်အမှုသည်ကို ကူညီသောအားဖြင့် ကျွန်ုပ်အမှုသည်ကုမ္ပဏီ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များဖြစ်သော ၀၉-၈၉၉၇၈၈၉၅၉၊ ၀၉-၈၉၄၇၇၉၂၉၉နှင့် အီးမေးလ် yee.bao@icpmyanmar.com သို့ တရားဝင်ဆက်သွယ်အသိပေးအကြောင်းကြားပေးပါရန်လည်း လေးစားစွာဖြင့် မေတ္တာရပ်ခံပါသည်။

MYO WIN & ASSOCIATES LAWFIRM
အမှတ် (၁၂၈/၁၃၀)၊ ပထမထပ်၊ ၃၅လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ရုံးဖုန်း +၉၅၉၆၉၆၀၄၅၀၇၊ +၉၅၁၃၈၀၂၀၄

ဦးမျိုးဝင်း(ထုံးဘို)
LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
ဖုန်း +၉၅၉၄၄၈၀၀၇၆၁၅

www.myowinlawfirm.com, myowinlawfirm@gmail.com, myowin@myowinlawfirm.com

အလွန်၍ စိတ်ညစ်နေသူများ ဒိုက်မှုခံတုတ်၍ အလုပ်မကျဖြစ်နေသူများအတွက်
မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ
အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည်
ကေသီပန်
မြတ်သုခ
အမှတ်တံဆိပ်
အသင်္ချေဆေး
နေ့စဉ်သုံးစွဲခြင်းဖြင့် တစ်လအတွင်း သိသာစွာ ကျစ်လျစ်ပေါ့ပါးသွားစေပါမည်။
မှတ်ချက်။ ။ ဝိန်ဆေးမဟုတ်ပါ
ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ပင်ရင်း ယခုလိပ်စာအသစ်။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။
ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

